MYANMAR
# ICT JOURNAL
WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TECHNOLOGY.
အိုင်စီတီ ဂျာနယ် | VOLUME 2, ISSUE 15 THE WEEK OF APR 29 - MAY 5, 2013
WWW.ICT.COM.MM



## Facebook, Twitter အသုံးများသည့် အိမ်ထောင်ရှင်များ သတိထား

## ဒေါက်တာ ဆိတ်ဖွားအား စုံစမ်းသိရှိ

## တစ်ကမ္ဘာလုံး ပွင့်လင်းမြင်သာရေး (သို့မဟုတ်) Julian Assange

## VSAT ဂြိုလ်တုဆက်သွယ်ရေး မြန်မာနိုင်ငံတွင် အသုံးပြုနိုင်တော့မည်

## Hacker Hat အမျိုးမျိုး အကြောင်း

## မိုဘိုင်း တယ်လီဖုန်းတို့ရဲ့ မြစ်ဖျား




**GMC**
Terrain Denail 2013




**Samsung**
Galaxy XCover 2




**Nikon**
Coolpix AW100




**HP**
Spectre XT 13-2009

IMPROVED SHOP WEEKLY INCLUDED




Model: ဂျူးဂျူးကေ, Makeup: ဇော်ဇော် (ခင်စန်းဝင်း), Photography: သိန်းဇော်ဝင်း (Photo Magic)


CITY STAR
Computer, Mobile &
Electionic Sales&Service
အမှတ်(၃၇၀)မဟာဗန္ဓုလလမ်းနှင့်ဥစလမ်းထိပ်ကျောက်တံတားမြို့နယ် Ph/09-73098509/01-377225/09-43066608
Laptop / Tablet / Handset ဝယ်ယူသူတိုင်းအတွက် ဗလာမပါ ကံစမ်းမဲများစွာရရှိနိုင်မည့်အခွင့်အရေး
အပြင်အထူး "promotion" နှုန်းထားများဖြင့် ရောင်းချပေးသွားပါမည်။
SAMSUNG Glaxy-Amazing
.3.5" touch Screen
.800MHZ Ram 11
.2GB,Ram 512 MB
.3MP
.Andriod 2.3.6
135,000Ks
SAMSUNG Glaxy Ace
.3.5" touch Screen
.800 MHZ Ram 11
.Ram 278MB
.5MP
.Andriod 2.3.6
114,000Ks
HUAWEI C 8813
.4.5' Touch Screen
.1.2GHz Dual Core
.4GB,Ram 512MB
.5MP
.Andriod 4.1.1
123,000Ks
HUAWEI (CDMA/GSM) Y-210C
.4.5' Touch Screen
.800MHz
.RAM 512MB
.Ram 256
.2MP
.Andriod 2.3.6
74,000 Ks
HTC Desire C A320e
.3.5" touch Screen
.600MHz
.4GB,RAM 512MB
.5MP
.Andriod 4.0.3
149,000 Ks
T -one (7") Tablet
- 7" wide multi-touch
- Cpu 1 GB
- Ram 512
- Storage 8 GB
- Android 4.04
-Card Reader, USB,
- WiFi, Camera
48,000Ks
MoMo 8 (8") Tablet
- 8" wide multi-touch
- Cpu 1 GB
- Ram 512
- Storage 8 GB
- Android 4.0.4 OS
- Camera,WiFi,USB 2.0
78,000Ks
Ason M92(9") Tablet
- 9" wide multi-touch
- Cpu 1 GB
- Ram 512
- Storage 8 GB
- Android 4.1.1 OS
- USB,2.0
- WiFi, Camera
77,000Ks
Ason M722 (GSM) 7" Tablet
- 7" wide mutl touch
-Cpu 1 GB
-RAM 512
-Storage 2 GB
-Andriod 4.04
-Wifi,BT,camera,USB,2.0
78,000 Ks
ONDA (10")V971T
::Storage 16GB
::Cpu 1.5 GB
::Ram 1GB
::Screen 9.7"
::Version (Andriod 4.1.1 OS)
:: Card reader,Camera , Wifi,USB 2.0
129,000Ks
Lenovo G480
::Intel Pentium B2020 (2.4GHZ)
::2GB DDR3 memory
::HDD 500 GB sata
::DVD Writer,Bluetooth,VGA
::HDMI,Cardreader,USB 3.0
G-439
Singtech 251HPQ
::Intel pentium B960(2.1GHZ)
::4GB DDR3 memory
::HDD500 GB sata
::Nvidia 1 BG
::DVD Writer,Bluetooth,VGA
::HDMI,Cardreader,USB 3.0 & 2.0
G 459
Lenovo G480
::Intel Core i3 3120M (2.4GHZ)
::4GB DDR3 memory
::HDD 500 GB sata
::Graphic Nvidia 1 GB
::DVD Writer,Bluetooth,VGA
::HDMI,Cardreader,USB 3.0
G-549
ASUS K45V
::Intel Corei3 3110M (2.5GHZ)
::4GB DDR3 memory
::HDD 500 GB sata
::Graphic Nvidia 2GB
::DVD Writer,Cardreader
::HDMI,VGA,USB3.0 & 2.0
G 569
Acer V5-471G
::Intel Core i5 (1.8GHZ)
::4GB DDR3 memory
::HDD 500 GB sata
::Graphic Nvidia 2 GB
::DVD Writer,Bluetooth,VGA
::HDMI,Cardreader,USB 3.0 & 2.0
G-669
MATRIX Matrix COMPUTER & MOBILE
SALES & SERVICE CENTRE
e-mail: matrixcomp@gmail.com, www. matrixcomputermyanmar .com
it Accessory Supplier & Dealer
အသစ်ထွက်ရှိသည့် CDMA 1500 တန်
ဖုန်းကဒ် အတွက် တန်ဖိုးနည်း ဟန်းဆက်မျိုးစုံ
နှင့် ငွေဖြည့်ကတ်များကို
တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါသည်။
5000 တန်ငွေဖြည့်ကတ်
10000 တန်ငွေဖြည့်ကတ်
Baojun B50S
CDMA
-Color LCD
-Black
13,500 K
Saihon S6+
CDMA
-Camera
-MP3/4
-Color LCD
-Black
-White
-Yellow
23,000 K
Huawei C5736
CDMA
49,000 K
Coolpad S58
CDMA
27,000 K
Sumsang B309
CDMA
-Color LCD
-Black
23,000 K
Sumsang E339
CDMA
-Camera
-MP3/4
-Color LCD
-Black
35,000 K
Huawei Y210C
CDMA + GSM
70,000 K
Huawei C8813
CDMA
120,000 K
Huawei Y300C
CDMA + GSM
108,000 K
Huawei 8813D
CDMA + GSM
140,000 K
မန္တလေး
ရန်ကုန်(၁)
ရန်ကုန်(၂)

# မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ တန်ဖိုးနည်း မိုဘိုင်း တယ်လီဖုန်းများနှင့် ပတ်သက်၍ ထပ်မံ အသိပေး ကြေညာချက်

ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ၂၀၁၃ခုနှစ်၊ ဧပြီလ ၂၄ရက်နေ့တွင် စတင် ရောင်းချမည့် MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA-800MHz မိုဘိုင်း တယ်လီဖုန်း စနစ်သည် လက်ရှိ မိုဘိုင်း တယ်လီဖုန်းများကဲ့သို့ အထွက်ခေါ် ဆိုမှုအတွက် တစ်မိနစ် (၅၀)ကျပ် ဖြစ်ပါသည်။ အဝင်ခေါ် ဆိုမှုအတွက် ငွေပေးဆောင်ရန် မလိုအပ်ပါ။ အင်တာနက် အသုံးပြုမှုအတွက် ငွေကောက်ခံသည့်နှုန်းမှာ ယခင် CDMA-800MHz မိုဘိုင်း တယ်လီဖုန်းကဲ့သို့ တစ်မိနစ် အသုံးပြုခ (၄)ကျပ် ဖြစ်ပါသည်။ အင်တာနက် အသုံးပြုပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများရှိ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်းပြည်နယ်/တိုင်းဒေသကြီး မန်နေဂျာများတွင် အင်တာနက်စနစ် ဆက်သွယ်မှု ကနဦး တပ်ဆင်ခ ကျပ်(၁၀၀၀၀) ပေးသွင်း လျှောက်ထားရပါမည်။

MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA-800MHz မိုဘိုင်း တယ်လီဖုန်း စနစ်သည် မြန်မာနိုင်ငံ တစ်ဝှမ်းတွင် ရေဒီယိုစခန်းပေါင်း (၂၈၂) စခန်းရှိပြီး အဆိုပါ ရေဒီယို စခန်းများ၏ နယ်နမိတ် အတွင်းမှ ပြည်တွင်း/ ပြည်ပသို့ တယ်လီဖုန်း ခေါ် ဆိုမှုများ ပြုလုပ်နိုင်ပါသည်။ အဆိုပါ ရေဒီယိုစခန်းများ၏ နယ်နိမိတ် အတွင်း အပြန်အလှန် ယူဆောင် အသုံးပြုနိုင်ပါသည်။ ဆက်သွယ်မှု အရည်အသွေး ပိုမိုကောင်းမွန်စေရန်နှင့် ပိုမိုကျယ်ပြန့်စွာ ဆက်သွယ် ပြောဆိုနိုင်ရန်အတွက် စခန်းသစ်များကိုလည်း ထပ်မံ တိုးချဲ့ တည်ဆောက်လျက် ရှိပါသည်။

MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA-800MHz မိုဘိုင်း တယ်လီဖုန်းများသည် ကြိုတင် ငွေဖြည့်ကဒ် အသုံးပြု၍ ပြည်တွင်း/ ပြည်ပသို့ တယ်လီဖုန်း ဆက်သွယ် ပြောဆိုနိုင်ပါသည်။ ပြည်ပသို့ တယ်လီဖုန်း ခေါ် ဆိုလိုပါက MECTEL အမှတ်တံဆပ်ပါ နိုင်ငံခြားငွေသုံး ကြိုတင် ငွေဖြည့်ကဒ် (၁၀ ဒေါ်လာ, ၂၀ ဒေါ်လာ, ၅၀ ဒေါ်လာ)အား အသုံးပြုရပါမည်။ ဖော်ပြပါ MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA-800MHz မိုဘိုင်းတယ်လီဖုန်း ကြိုတင် ငွေဖြည့်ကဒ်များ ရောင်းချမည့်နေရာ၊ ဒေသနှင့် အရောင်းဆိုင်များအား နေ့စဉ်ထုတ် သတင်းစာများတွင် ထည့်သွင်း ကြေညာထားပြီး ဖြစ်ပါသည်။

MECTEL CDMA-800MHz မိုဘိုင်း တယ်လီဖုန်း ကဒ်ပျောက်ဆုံးပါက မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ပြည်နယ်/ တိုင်းဒေသကြီး မန်နေဂျာ ရုံးများတွင် ကျပ် (၂၀၀၀၀) ပေးသွင်းပြီး ပြန်လည် လျှောက်ထားရပါမည်။ MECTEL မိုဘိုင်းတယ်လီဖုန်း ကဒ်ပျက်စီးပါက ပြည်နယ်/ တိုင်းဒေသကြီး မန်နေဂျာ ရုံးများတွင် အခမဲ့ လျှောက်ထား ရယူနိုင်ပါသည်။ MECTEL CDMA-800MHz မိုဘိုင်း တယ်လီဖုန်းနှင့် ပတ်သက်၍ မေးမြန်းလိုပါက တယ်လီဖုန်း အမှတ် ၃၄၅၆သို့ အခမဲ့ ဆက်သွယ် မေးမြန်း စုံစမ်း နိုင်ကြောင်း အသိပေးအပ်ပါသည်။

# 3rd Myanmar Mobile Fair YGN 2013ကို UMFCCIတွင် ကျင်းပမည်

Zillion Business Services Ltd. ကုမ္ပဏီမှ ကြီးမှူး၍ ၂၀၁၃ခုနှစ်၊ မေလ (၁၀)ရက်နေ့မှ (၁၂)ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ (UMFCCI)ရုံး၏ မင်္ဂလာခန်းမ နေရာတွင် တတိယအကြိမ်မြောက် Myanmar Mobile Fair YGN 2013@ UMFCCIကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း Zillion Business Servicesမှ ဒါရိုက်တာ တင်ထွန်းဦးက ပြောသည်။ အဆိုပါပွဲကို Main Sponsorအဖြစ် Ovi Suiteနှင့် Co Sponsor အဖြစ် HTCနှင့် Media Sponsorများ အနေဖြင့် Mobile Guideနှင့် Net Guideတို့မှ အဓိက ပံ့ပိုးကူညီပေးထားကြောင်း သိရသည်။ ပါဝင်ပြသမည့် ကုမ္ပဏီ စုစုပေါင်း ၂၅ခု ပါဝင်ကြောင်း သိရသည်။




KKA, Bestmore, M188, Universal, Lulay, Bluemoon Teleshop, T-Land, Technomation, Ytalk, Webberfly, Fercent, Orginal Korea International, My Data, Hello by MKအပြင် အခြား Mobile လုပ်ငန်းရှင်များနှင့် ပြခန်းဦးရေ စုစုပေါင်း အခန်း ၆၀တွင် ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပြုလုပ်တာဆိုရင် အခုတစ်ခါ အပါအဝင် ၃ကြိမ်မြောက် ရှိပါပြီ။ ဒီတော့ အရင်က လုပ်ခဲ့တဲ့ ပွဲတွေမှာလည်း လုပ်ငန်းရှင်နဲ့ လာရောက် ဝယ်ယူတဲ့ သူတွေကြားမှာ တော်တော်လေး အဆင်ပြေကြတယ် ဆိုတော့ ဒီပွဲလေးလည်း အရင်ကလို အောင်မြင်မှာပါ"ဟု ကုဋေကုဋာ စီးပွားရေး လုပ်ငန်းများ ဝန်ဆောင်မှုလီမိတက်မှ ဒါရိုက်တာ တင်ထွန်းဦးက ပြောပါသည်။

# မြန်မာ့နှစ်သစ်ကူး အထူးကံစမ်းမဲ ပွဲတော်ကြီး

ရွှေလမင်းနဂါး ကုမ္ပဏီမှ မြန်မာ့နှစ်သစ်ကို ကြိုဆိုသောအားဖြင့် April 22 ရက်နေ့မှ စတင်၍ နှစ်သစ်ကူး အထူးကံစမ်းမဲ ပွဲတော်ကြီး ကျင်းပမည် ဖြစ်ပြီး အနယ်နယ် အရပ်ရပ်ရှိ Acer၏ Dealer, Reseller ဆိုင်ကြီးများတွင် Acer Notebook, Mini Notebook, Ultrabook ဝယ်ယူသူများအတွက် ဗလာမပါ ခဲခြစ် ကံစမ်းမဲများကို ကံစမ်းနိုင်မှာ ဖြစ်ပါသည်။ ဆုမဲများအဖြစ် ငွေသား တစ်သိန်းကျပ်၊ ငါးသောင်းကျပ်၊ သုံးသောင်းကျပ်၊ နှစ်သောင်းကျပ်၊ တစ်သောင်းကျပ်နှင့် SLN 8 GB, 4GB Memory Stickများကို ချက်ချင်း ရရှိနိုင်မှာ ဖြစ်ပါသည်။ ကံစမ်းမဲ အရေအတွက်ကို ကန့်သတ် ရောင်းချထားသောကြောင့် Notebook ဝယ်ယူမည့်သူများ အမြန်ဆုံး ဝယ်ယူနိုင်စေရန် သတင်းကောင်း ပါးအပ်ပါသည်။

# ဒေါက်တာဆိတ်ဖွားအား စုံစမ်းသိရှိ

Onlineမှ တစ်ဆင့် လွှတ်တော် ကိုယ်စားလှယ်များအား Is Parliament Above the Lawနှင့် Parliament speaker and His Cohorts ဟူသော ခေါင်းစဉ်များဖြင့် တိုက်ခိုက်နေသူဖြစ်သော ဒေါက်တာ ဆိတ်ဖွား အမည်ခံ လုပ်ဆောင်နေသူအား ဖော်ထုတ်သိရှိပြီ ဖြစ်ကြောင်း ဒေါက်တာ ဆိတ်ဖွားဆိုင်ရာ စုံစမ်းရေးအဖွဲ့ဝင် ကိုဖုန်းမြင့်အောင်မှ ပြောပါတယ်။ သူ့ရဲ့ပြောပြချက်များအရ စုံစမ်းရေးအဖွဲ့က ဒေါက်တာ ဆိတ်ဖွားဟာ မည်သူမည်ဝါ ဖြစ်ကြောင်း သိထားပြီလို့ ပြောပါတယ်။ "ဒီအကြောင်းတွေကို လွှတ်တော်ကို တင်ပြသွားမှာဖြစ်ပြီး ဒေါက်တာ ဆိတ်ဖွားရဲ့ အကြောင်းကိုတော့ ဇွန်လကုန်ပိုင်းလောက်မှာ ကြေညာ သွားမှာပါ"ဟု ကိုဖုန်းမြင့်အောင်က ဆက်လက် ပြောကြားခဲ့ပါတယ်။ စုံစမ်း စစ်ဆေးရေးအဖွဲ့ကို အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့တာဖြစ်ပြီး အဆိုပါအဖွဲ့ဟာ ဒေါက်တာ ဆိတ်ဖွားအကြောင်း စုံစမ်း သိရှိနိုင်ရန်အတွက် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ သမ္မတရုံး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် အချို့သော သတင်းမီဒီယာများနှင့် ပူးပေါင်း စုံစမ်းခဲ့ရကြောင်းနှင့် စုံစမ်းမှုကာလ နှစ်လအတွင်းမှာ ဖော်ထုတ်နိုင်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ ဒေါက်တာ ဆိတ်ဖွားအား မည်သို့ အပြစ်ပေးသွားမည်ကို လွှတ်တော်မှသာ ဆုံးဖြတ်သွားမည် ဖြစ်ပါတယ်။

# VSAT ဂြိုဟ်တု ဆက်သွယ်ရေး မြန်မာနိုင်ငံ၌ အသုံးပြုနိုင်တော့မည်

နိုင်ငံတကာရှိ အစိုးရဌာနများ၊ ကုမ္ပဏီများနှင့် Communication အသုံးချ လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော VSAT ဂြိုဟ်တု ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ဝန်ဆောင်မှု အားလုံးကို မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဝန်ဆောင်မှုများကို Gilat Network, VNPT-1တို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံရှိ Terabit Wave (A1 Group of Companies) မှ လုပ်ဆောင်ပေးသွားမည် ဖြစ်ပြီး စက်ကရိယာများ စုံလင်စွာ ရောက်ရှိနေပြီ ဖြစ်ရာ မြန်မာ့ဆက်သွယ်ရေးမှ ခွင့်ပြုချက်ကို ရရှိရန်သာ လိုအပ်ကြောင်း သိရသည်။ VSAT Satellite Systemသည် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ငွေကြေးလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများ၊ အစိုးရ လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှု ကုမ္ပဏီများ၊ စိုက်ပျိုးရေး လုပ်ငန်းများ၊ သတ္တုတွင်း တူးဖော်ရေး လုပ်ငန်းများ၊ သင်္ဘောလုပ်ငန်း၊ ကုန်တင်သင်္ဘော လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများနှင့် သတင်း၊ မီဒီယာ အေဂျင်စီများအတွက် အလွန်သင့်တော်မှု ရှိမည်ဖြစ်သည်။ ဂြိုဟ်တုစလောင်း အရွယ်အစားမှာလည်း Ku-Band အသုံးပြုလျှင် 1.2 to 1.8 Meterနှင့် C-Band အသုံးပြုလျှင် 1.8 to 2.4 Meterသာ ရှိမည်ဖြစ်သောကြောင့် နေရာအတွက် အခက်အခဲမရှိဘဲ ရုံးခန်း အပြောင်းအရွှေ့ ရှိလာလျှင်လည်း တစ်နေရာမှ တစ်နေရာသို့ လွယ်ကူစွာ ရွှေ့ပြောင်းနိုင်မည် ဖြစ်သည်။ လုံခြုံရေးအနေဖြင့် TWမှ 3DES (Encryption Security System) နည်းပညာကို ထည့်သွင်းထားသောကြောင့် အစိုးရ လုပ်ငန်း အချက်အလက်များ၊ စစ်ဘက်ဆိုင်ရာ အကြောင်းအရာများကိုပင် စိတ်ချ ယုံကြည်စွာ အသုံးပြုနိုင်ကြောင်း သိရသည်။ VSAT ဂြိုဟ်တု စလောင်းကို အသုံးပြုခြင်းဖြင့် end-to-end ရရှိမှုတွင် 99.7%ထက် သာလွန်သော စွမ်းဆောင်ရည်ကို ရရှိနိုင်မည်ဖြစ်ပြီး လက်ရှိ မြေပြင် ကေဘယ်ကြိုးများဖြင့် အသုံးပြုလျက်ရှိသော Voice, Data, Multimedia or Video စသော Broadcast Serviceများနှင့် Interactive Application များကိုလည်း ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ အသုံးပြုလိုသော ကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့အစည်းများ အနေဖြင့် VSAT Satellite Network Systemကို မှတ်ပုံတင် သုံးစွဲလိုပါက Terabit Wave ကုမ္ပဏီနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ် မှတ်ပုံတင်ရမည်ဖြစ်ပြီး အသေးစိတ် ထပ်မံသိရှိလိုပါက ဖုန်း - ၃၈၃၄၃၀ နှင့် email-info@ terabitwave.comသို့ ဆက်သွယ် မေးမြန်း စုံစမ်းနိုင်ကြောင်း သိရှိရသည်။

လူကြီးမင်း
CELL PHONE VILLA
ယုံကြည်မှုနှင့်ထပ်တူရှိနေမှာ



တန်ဖိုးနည်း 1500 တန် Sim Card များအတွက် ၁၀၀၀၀ ကျပ် နှင့် ၅၀၀၀ ကျပ်တန်
ငွေဖြည့်ကတ်များ နှင့်အတူ အမျိုးအစား စုံလင်သော Handset များကို လူကြီးမင်း ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

လသာ -၀၉-၇၃၀၀၉၉၈၄ ဘုရင့်နောင် -၀၉-၇၃၀၉၆၉၉၉ မြောက်ဥက္ကလာ -၀၉-၇၃၁၉၀၀၉၉ သမိုင်း -၀၉-၄၃၃၃၅၅၅၉ နေပြည်တော်(ပျဉ်းမနား) -၀၉-၄၉၂၀၅၀၉၉ တောင်ကြီး -၀၉-၄၉၃၅၁၈၀၀
ပါရမီ -၀၉-၇၃၀၀၉၉၈၆ ဇဝန -၀၉-၇၃၁၁၇၇၇၈ သာကေတ -၀၉-၇၃၂၂၅၇၃၃ ဖော့ကန်(အင်းစိန်) -၀၉-၇၃၂၂၁၀၂၀ နေပြည်တော်(သပြေကုန်း) -၀၉-၈၆၁၃၅၅၀ မကွေး -၀၉-၄၉၁၅၆၂၂၂
ပေါက်တောဝ(အင်းစိန်) -၀၁-၆၄၂၂၁၇

# WHO WE ARE

## MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

## EDITORIAL TEAM

| | |
|---|---|
| CEO<br>Editor in Chief | Phyo Min Min |
| Editor | Than Htay |
| Feature Editor | Win-win, Dr. PTS, Ma Ma Zee Kwet, Ma Naw Phyu Lay |
| | APT, TZO, Nay Aung Latt, iGeek, Key |
| Translator | Min Khant |
| Reporter | Daiwe, Jet Sin, Myo Zin, Thant Zin Oo |
| Proof Editor | Thandar Su Htwe, Kyawt Kyawt Paing |
| Accountant | Wai Wai Tun |
| Illustration | Ko Ko Aung, Lin Kyal |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

## ADVERTISING

| | |
|---|---|
| Snr. Marketing | Thwe Thwe Aye |
| Coordinator | May Thu Kyaw, Kyaw Lwin Htun, Ei Hnin Phyo, Si Thu Soe Paing, Moe Thidar Hlaing, Hnin Wai Aung |

## CIRCULATION/ DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Nyi Min Htike, Thein Linn |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၁ဖြင့် ထုတ်ဝေပါသည်။


# မြန်မာနိုင်ငံ တိုင်းရင်းသား ခရီးသွားလာရေး လုပ်ငန်း အဖွဲ့အစည်း ကော်မတီမှ ဆန္ဒခံယူပွဲ ကျင်းပ

မြန်မာနိုင်ငံ တိုင်းရင်းသား ခရီးသွားလာရေး ကော်မတီမှ ဆန္ဒခံယူပွဲကြီး တစ်ရပ်ကို ဧပြီလ ပထမပတ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အကြောင်းအရာ မှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အမှတ် (၁/၂၀၁၃)တွင် ပါဝင်သော ခရီးသွားလုပ်ငန်း ကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံခြားသားများနှင့် ဖက်စပ်သော ခရီးသွားလုပ်ငန်းများကို ခွင့်ပြုရန် မသင့်သော လုပ်ငန်း အမျိုးအစားတွင် ထည့်သွင်း ပြဋ္ဌာန်းပေးရေးအတွက် ခရီးသွားလုပ်ငန်းရှင် များ၏ ဆန္ဒခံယူပွဲကြီးကို ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများကို နိုင်ငံခြားသားများ ဖက်စပ် လုပ်ကိုင်ခွင့်ပြုမည်ဆိုပါက မြန်မာနိုင်ငံ၏ လူမျိုး၊ ဘာသာ၊ သာသနာ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အမျိုးသား စီးပွားရေး များအား ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးနိုင်ကြောင်း မိမိတိုင်းပြည်အတွက် စိုးရိမ်စိတ်ဖြင့် အထက်ပါ ကော်မတီ၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံခြားသားများနှင့် စပ်လျဉ်းသော ခရီးသွားလုပ်ငန်း လုပ်ကိုင်မည့် ကုမ္ပဏီကို ခွင့်မပြုသင့်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကော်မတီမှ ပြင်းပြင်းထန်ထန် ကန့်ကွက်လျက် ရှိနေကြောင်း သိရသည်။ နိုင်ငံခြားသား များက ဖက်စပ် လုပ်ကိုင်ခွင့်ပြုသည့် စီးပွားရေး လုပ်ငန်းအမျိုးအစား စာရင်းမှ ပယ်ဖျက်၍ နိုင်ငံခြားသားများအား ဖက်စပ် လုပ်ကိုင်ခွင့် မပြုသည့် လုပ်ငန်းအမျိုးအစား စာရင်း အမှတ်စဉ် (၂၂)တွင် ဖြည့်စွက်ထည့်သွင်း ပြဋ္ဌာန်းပေးပါရန် Rubyland Tourism Servicesမှ မန်နေဂျင်း ဒါရိုက်တာ ဦးအေးကျော်မှ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌထံသို့ တင်ပြလာ သောကြောင့် မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များ၏ ၎င်းက လူမျိုးရေး ဘာသာရေး သာသနာရေးများကို အဓိက အလေးထားလိုသော ဆန္ဒပါဝင်သော သဘောထားများကို ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်ရေး လုပ်ငန်းတိုးတက်ရေး ကော်မတီသို့ ပြန်ကြားပေးရန် အကြောင်းကြားခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ကြီးမှ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် ထုတ်ပေးထားသော ခရီးသွားလုပ်ငန်းကုမ္ပဏီ စုစုပေါင်း (၁၀၆၃) ရှိသည့်အနက် မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း Union of Myanmar Travel Association (UMTA) အသင်းဝင်များ လိုင်စင်ဦးရေ စုစုပေါင်း (၆၁၉)သာ ရှိသည်ဟုလည်း သိရသည်။

# ဒုတိယကြိမ်မြောက် BarCam Pyay 2013ကို စည်းကားစွာ ကျင်းပသွားမည်

အဆိုပါ BarCamp Pyay 2013ရဲ့ ဖွင့်ပွဲ အခမ်းအနားကို ဇွန်လ ၁၅ရက်နေ့၊ မနက် (၉)နာရီမှာ အ.ထ.က (၁) ပြည်မြို့မှာ ကျင်းပပြုလုပ်မှာ ဖြစ်ပါသောကြောင့် အသက်အရွယ် လူတန်းစားမရွေး၊ လူကြီး၊ လူငယ် လာရောက် လေ့လာ တက်ရောက်နိုင်ကြောင်း သိရသည်။

BarCamp ဆိုတာသည်မှာ မိမိ သိထား၊ တတ်မြောက်ထားသော နည်းပညာများကို သူတစ်ပါးကို မျှဝေပေး အသိပညာ၊ အတတ်ပညာဆိုင်ရာ ပညာရပ်များကို နီးနှောဖလှယ်ခြင်း တတ်မြောက်ထားသော နည်းပညာ များကို ဆွေးနွေးတိုင်ပင် လက်ခံတိုင်ပင် ဝေမျှ ဆွေးနွေးပွဲတစ်ရပ်ကို ဆိုလိုသည်။ နေရာဒေသအသီးသီးမှ BarCampသို့ လာရောက်သူတို့သည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကွန်ပျူတာ နည်းပညာတွေ၊ သိပ္ပံပညာ၊ ကျန်းမာရေး၊ ဥပဒေပညာ၊ လောကနီတိ၊ စီမံခန့်ခွဲရေး၊ အနုပညာ၊ သဘာဝပတ်ဝန်းကျင်၊ စိုက်ပျိုးရေး၊ စက်မှုလက်မှု အတတ်ပညာတွေ စသဖြင့် နယ်ပယ်အားလုံးကို တက်ရောက် လေ့လာနိုင်သလို မိမိ နယ်ပယ်အတွင်း လေ့လာတွေ့ရှိချက်၊ တတ်မြောက်မှုတွေကိုလည်း ပြန်လည်တင်ပြ ဆွေးနွေးသူအဖြစ်လည်း ပါဝင်နိုင်သည်။

မြန်မာနိုင်ငံမှာ BarCamp Yangonကို 2010 ဇန်နဝါရီ ၂၃ - ၂၄ ရက်နေ့များမှာ စတင်ပြုလုပ်ခဲ့ပြီး တက်ရောက်သူ ၄၇၀၀ကျော်နဲ့ ကမ္ဘာ့ တက်ရောက်သူဦးရေ အများဆုံးအဖြစ် စံချိန်တင်ခဲ့ကြောင်းသိ အဲဒီနောက် မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ လားရှိုး၊ ပြည်နှင့် လှိုင်ကော် မြို့တို့မှာ ကျင်းပပြုလုပ်နေပြီ ဖြစ်ပါတယ်။ ယခုအခါ ပြည်မြို့တွင် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး၊ ယခင်နှစ်ကထက် စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဟု သိရသည်။ ယခင်နှစ်က BarCamp Pyayသို့ တက်ရောက်သူ ဦးရေ ၆၀၀နီးပါး တက်ရောက်ပြီး အောင်မြင်စွာ ကျင်းပ နိုင်ခဲ့ကြောင်း သိရသည်။ BarCamp Pyay 2013 ကျင်းပရေးအတွက် Organizer Teamအား (24.3.2013)နေ့ (Lucky Diamond)တွင် ဖွဲ့စည်းခဲ့သည်ဟု သိရသည်။

BarCamp Pyay 2013သို့ တက်ရောက် လေ့လာလိုသူများအနေနှင့် Online Registrationကို BarCamp Pyay၏ Official Website ဖြစ်သော www.barcamppyay.orgမှာ ၂၀၁၃ခုနှစ် မေလတတိယပတ်မှ စတင်ပြီး စာရင်းပေးသွင်းနိုင်မည် ဖြစ်ပြီးသလို ပါဝင်ဆင်နွှဲကြမည့် BarCamper များအတွက် ထူးခြားသော အမှတ်တရ လက်ဆောင်များလည်း ပေးသွားမည် ဖြစ်သည်ဟု သိရသည်။

BarCamp ပွဲတိုင်း၏ ထုံးတမ်းအစဉ်အလာအရပွဲတွင် ဆွေးနွေးပြောကြား သွားမည့် Topic ခေါင်းစဉ်များကို ကြိုတင် ပြောလေ့မရှိသော်လည်း ဒီနှစ် BCP 2013မှာ ပြောကြားလိုတဲ့ Speakerတွေ အနေနဲ့ မိမိတို့ ပြောလိုတဲ့ Topicကို ကိုယ်ပိုင် Blog၊ Social Networkများမှာ ကြိုတင် ကြေညာနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။ ထူးခြားသော အစီအစဉ် များနှင့် ပြင်ဆင်ထားသည့် Bar Camp Pyay 2013ပွဲကြီးကို ပြည်မြို့တွင် ဒုတိယအကြိမ်မြောက် ပြုလုပ်ကျင်းပသွားမည်ဟု သိရသည်။

# လေကြောင်း သတင်းပြန်ကြားရေး ဌာနခွဲမှာ အိုင်အက်စ်အို လက်မှတ်ရရှိ တော့မည်

ပို့ဆောင်ရေး ဝန်ကြီးဌာန လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနရှိ လေကြောင်း သတင်း ပြန်ကြားရေး ဌာနခွဲဟာ မကြာမီ နိုင်ငံတကာ စံချိန်စံညွှန်း

အရည်အသွေး စီမံခန့်ခွဲမှု ဖြစ်တဲ့ ISO 9001-2008 လက်မှတ်ကို ရရှိတော့မှာ ဖြစ်တယ်လို့ သိရပါတယ်။ ဒီလို အိုင်အက်စ်အို လက်မှတ် လာရောက် ချီးမြှင့်ဖို့လည်း သတင်း ပြန်ကြားရေး ဌာနခွဲကို ဗြိတိန်နိုင်ငံ အခြေစိုက် International Standard Orgaization မှ လာရောက် စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်တယ်လို့ သိရပါတယ်။အဆိုပါ လေကြောင်း သတင်းပြန်ကြားရေး ဌာနခွဲဟာ လာမယ့် ၂၀၁၆ ခုနှစ်မှ စတင်ပြီး လေကြောင်း သတင်းပြန်ကြားရေး လုပ်ငန်းမှ လေကြောင်း သတင်းပြန်ကြားရေး လုပ်ငန်းမှ လေကြောင်း သတင်း စီမံခန့်ခွဲမှု စနစ်သို့ ကူးပြောင်းဖို့ စီစဉ်နေပြီ ဖြစ်တယ် လို့လည်း သိရပါတယ်။

အဲ့ဒီ လေကြောင်း သတင်းပြန်ကြားရေး ဌာနခွဲဟာ ယခင်က နိုင်ငံတကာ မြို့ပြ လေကြောင်း အဖွဲ့ချုပ် အိုင်စီအေအိုရဲ့ သတ်မှတ် လမ်းညွှန်ချက် များနဲ့အညီ လေကြောင်း သတင်း ပြန်ကြားရေး လုပ်ငန်းများ ဆောင်ရွက် နေတာ ဖြစ်ပါတယ်။ ယခုအခါ ပြည်တွင်းမှ ထုတ်ပြန်တဲ့ လေကြောင်း သတင်း များနဲ့ နိုင်ငံတကာမှ လေကြောင်း သတင်းများကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းကာ စံချိန်စံညွှန်း မီစွာ ထုတ်ပြန်လျက် ရှိတယ်လို့ သတင်းရ ရှိပါတယ်။

# Lenovoရဲ့ MEGA Sale with Special Lucky Draw

Lenovoရဲ့ MEGA Sale with Special Lucky Draw အစီအစဉ်ကို မေလ (၁)ရက်နေ့ မှ ဇွန်လ(၃၀)ရက် ၂၀၁၃ အထိ ကျင်းပ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ ငွေကျပ်သိန်း (၃၅၀)ကျော် တန်ဖိုးရှိ ပစ္စည်းများကို ခဲခြစ် ကံစမ်းမဲ အစီအစဉ်ဖြင့် Lenovo Notebook, Desktop ဝယ်ယူ သူတိုင်း ပါဝင် ကံစမ်းနိုင်မည့်အပြင် လက်ဆောင်များစွာကိုလည်း ရရှိမည် ဖြစ်ကြောင်း သိရသည်။ ကံစမ်းမဲ ဆုမဲ ပစ္စည်းများမှာ ရွှေဆွဲကြိုး၊ Lenovo Notebook, Lenovo Smart Phone, ၃၂လက်မ LED TV၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ Apple iPod Touch (16GB, 32GB)၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးပူ၊ ကော်ဖီဖျော်စက်၊ ပန်ကာ၊ 4HD Receiver စက်၊ Gift Package၊ EVD Player, Hot Plate အစရှိသော ပစ္စည်းများကို ချက်ချင်းပေါက်၊ ချက်ချင်းယူ စနစ်ဖြင့် ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ မဲပေါက်သော ကံစမ်းမဲ ပစ္စည်းများကို Lenovo Exclusive Storeတွင် တစ်လအတွင်း ထုတ်ယူရမည် ဖြစ်သည်။ နယ်မြို့များမှ ကံစမ်းမဲပေါက်သော Customerများအတွက် သက်ဆိုင်ရာ မြို့များရှိ Lenovo အရောင်းဆိုင် ကြီးများတွင် ထုတ်ယူနိုင်မည် ဖြစ်သည်။ Lenovo Productများကို ဝယ်ယူလိုပါက မြန်မာတစ်နိုင်ငံလုံးရှိ Lenovo အရောင်းဆိုင်တိုင်းတွင် ဝယ်ယူ ရရှိနိုင်မည် ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း- 245180၊ 373026၊ 385177 တို့တွင် ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။


MAT
Myanmar Accuratus Technology Co.,Ltd
Sales, Service, Network Solution
MAT မှ အသစ်ထပ်မံဖွင့်လှစ်ပြီးဖြစ်သော ဆိုင်ခွဲအသစ် (MAT 2) တွင် Latest Model Laptop, Desktop များနှင့်အတူ
GSM, CDMA Handset, Table Phone နှင့် Phone Accessories များကိုလည်း ဈေးနှုန်းချိုသာစွာဖြင့်
လူကြီးမင်းတို့စိတ်တိုင်းကျ လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
iPhone, Android Smart Phone ဝယ်ယူသူတိုင်း Myanmar Fonts & Keyboard,
Game, App Software နှင့် Music Mp3 များကို အခမဲ့ထည့်သွင်းနိုင်ပါသည်။
Tablet...iPhone...Smart Phone...Laptop...Desktop.....more
iPhone 5
The biggest thing to happen to iPhone since iPhone.
Made for iPhone
Available on the App Store
Works with iPhone
Samsung GALAXY Note II
Samsung GRAND DUOS
HUAWEI GSM, CDMA Series
acer ASUS DELL lenovo hp msi ..... More
Works with iPhone
SAMSUNG
htc quietly brilliant
HUAWEI
NOKIA Connecting People
MAT 1 ■ No.92, 73rd Rd; Bet: 27th x 28th St; Mandalay, Myanmar. Ph: 02-72679, 02-35399, 09-43058765, 09-43059813, 09-43059814. e-mail: mat.mobile.computer@gmail.com
MAT 2 ■ No.(C3-2,3), 32nd Rd; Bet: 77th x 78th St; Mandalay, Myanmar. Ph: 09-6806855

အိုင်စီတီ ဂျာနယ်
Volume 2, Issue 15
MYANMAR ICT JOURNAL

# မြန်မာနှင့် ကုန်သွယ်မှုအတွက် USမှ သုံးသပ်မှုများ လုပ်ဆောင်နေ



Image Credit: www.blog.wsj.com

လင်းထက်

အမေရိကန် ကုန်သွယ်ရေး ကိုယ်စားလှယ်ဖြစ်သူ Demetrios Marantisဟာ လာမည့် ဗုဒ္ဓဟူးနေ့မှာ မြန်မာနိုင်ငံကို လာရောက်မှာ ဖြစ်ပြီး အမေရိကန်-အာရှ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များနဲ့ မြန်မာ့ ပို့ကုန်ပစ္စည်းများအား အမေရိကန်နိုင်ငံသို့ အခွန်ကင်းလွတ်စွာ တင်ပို့နိုင်ရန်များကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Reuter သတင်းဌာနရဲ့ ဖော်ပြချက်များအရ ယခုအခါ အမေရိကန်ဟာ မြန်မာနိုင်ငံနဲ့ ကုန်သွယ်ရေးအတွက် သုံးသပ်မှုများ လုပ်ဆောင်နေပြီး အရှေ့တောင် အာရှနိုင်ငံများမှ ထောင်ပေါင်းများစွာသော ထွက်ကုန်များအား တင်ပို့ခွင့် ပြုထားကြောင်းလည်း သိရပါတယ်။ ကိုယ်စားလှယ် Marantisဟာ အာရှသို့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ရောက်ရှိနေခဲ့တာဖြစ်ပြီး မြန်မာနဲ့ လာအိုနှစ်နိုင်ငံအား Generalized System of Preference Programမှာ ထည့်သွင်းနိုင်အောင် သုံးသပ် စိစစ်မှုများ လုပ်ဆောင်နေတယ်လို့ ဖော်ပြထားပါတယ်။ Generalized System of Preference Programမှာ နိုင်ငံနှင့် နယ်ပယ်ပေါင်း ၁၂၈ ခုတို့မှ ကုန်စည်ပေါင်း ၅၀၀၀ ကျော်ကို အမေရိကန်သို့ အခွန်လွတ် ကုန်သွယ်ခွင့် ပြုထားသော အစီအစဉ် ဖြစ်ပါတယ်။ Marantisဟာ မကြာခင်မှာ မြန်မာနိုင်ငံ ဌာနဆိုင်ရာနှင့် စီးပွားရေး ဦးဆောင်သူများနဲ့ ရန်ကုန်၊ နေပြည်တော်တို့တွင် တွေ့ဆုံဆွေးနွေးသွားရန်ရှိကြောင်းလည်း သိရပါတယ်။ အမေရိကန်သည် ၂၀၀၄ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းတင်သွင်းမှုများကို ပိတ်ပင်တားမြစ်ခဲ့ပြီး ယခုလ နှစ်ဆန်းပိုင်းအရောက်မှသာ ပြန်လည်တင်ပို့နိုင်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ အမေရိကန်သို့ ဒေါ်လာ ၂၇၅ သန်းဖိုး တင်ပို့နိုင်ခဲ့ကြောင်းနှင့် ယခုနှစ်အတွင်း ဇန်နဝါရီလအတွင်းက ဒေါ်လာ တစ်သိန်းဖိုးနဲ့ ဖေဖော်ဝါရီလအတွင်းက ဒေါ်လာ နှစ်သိန်းခွဲဖိုး တင်ပို့နိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

# EU ရဲ့ ဖြေလျှော့မှုများအား လုပ်ငန်းရှင်များ ကြိုဆို



Image Credit: www.ejpress.org

လင်းထက်

ဥရောပသမဂ္ဂ (European Union) မှ မြန်မာနိုင်ငံသို့ စီးပွားရေး ပိတ်ဆို့မှုများ ဖြေလျှော့လိုက်ပြီးနောက် စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာတဲ့ အခွင့်အလမ်းတွေကို အကောင်းဆုံး အသုံးချသွားနိုင်ဖို့လိုကြောင်း စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က ပြောကြားခဲ့ပါတယ်။ ၎င်းက အီးယူသည် လွန်ခဲ့သည့်နှစ် ဧပြီလအတွင်း မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများအား တစ်နှစ်ယာယီရပ်ဆိုင်းပေးခဲ့ကာ ပြီးခဲ့တဲ့ ဧပြီ ၂၂ ရက်နေ့က ကျင်းပခဲ့သော EUဝန်ကြီးများ အစည်းအဝေးတွင်မှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ဆို့မှုများ အနက် လက်နက် ပိတ်ဆို့မှုမှ လွဲ၍ ကျန်ပိတ်ဆို့မှုများ အားလုံးကို ရုပ်သိမ်းကြောင်း ကြေညာခဲ့ပါတယ်။ ယခင်က မြန်မာကုမ္ပဏီနဲ့ အဖွဲ့အစည်းပေါင်း တစ်ထောင်နီးပါးခန့်ရဲ့ ပိုင်ဆိုင်မှုများကို ထိန်းချုပ် ပိတ်ပင်ထားခဲ့ပြီး မြန်မာမှ လူပုဂ္ဂိုလ် ငါးရာခန့်ကိုပင် ဥရောပသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများသို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်ထားခဲ့ပါတယ်။ သို့သော် ပြီးခဲ့တဲ့ နှစ်အတွင်းမှ စတင်ပြီး မြန်မာနိုင်ငံ သမ္မတ၊ ဒုသမ္မတ၊ နေပြည်တော် လွှတ်တော် ဥက္ကဋ္ဌများနဲ့ အစိုးရ အဖွဲ့ဝင်များကို ပြည်ဝင်ခွင့်ဗီဇာများ ပြန်ဖွင့်ပေးခဲ့ကြောင်းလည်း သိရပါတယ်။ အီးယူအနေဖြင့် မြန်မာနိုင်ငံသို့ ပြုလုပ်ထားသော စီးပွားရေး ဖြေလျှော့မှုများကြောင့် ဥရောပနိုင်ငံများနှင့် တိုက်ရိုက် ရောင်းဝယ်ခွင့်ရှိပြီး အခွန်လျှော့ပေါ့မှု အကျိုးများ ခံစားရသည့်အတွက် ကုန်ပစ္စည်းများ ဈေးပိုမို ရရှိလာရန် လုပ်ငန်းရှင်များက မျှော်လင့်နေကြပါတယ်။ ထို့အပြင် ပိတ်ဆို့မှုများ ရုပ်သိမ်းလိုက်ခြင်းကြောင့် မြန်မာနိုင်ငံတွင် အီးယူ ကုမ္ပဏီများ ရင်းနှီး မြှုပ်နှံမှုများ ရှိလာနိုင်မှာ ဖြစ်ပါတယ်။ ယခင်က မြန်မာနိုင်ငံမှ ဥရောပနိုင်ငံများသို့ ကုန်ပစ္စည်း တင်ပို့မှုများအား အိမ်နီးချင်းနိုင်ငံများမှ တဆင့် ပြုလုပ်ခဲ့ရကြောင်း ပြည်ပပို့ကုန် ထုတ်လုပ်သည့် လုပ်ငန်းရှင်များထံမှ သိရပါတယ်။

# Asia-Pacafic ဒေသတွင်း Free Trade Zoneအတွက် စည်းဝေးမည်




Image Credit: www.angrin.tlri.gov.tw

မင်းခန့်

AFPရဲ့ ဖော်ပြချက်များအရ ကမ္ဘာ့လူဦးရေ ဒုတိယ အများဆုံးဖြစ်သော အာရှ-ပစိဖိတ်ဒေသအတွင်း Free Trade Zoneတည်ထောင်သွားရန် လာမည့် မေလအတွင်း အစည်းအဝေး ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။ Regional Comprehensive Economic Partnership(RCEP) အစီအစဉ်ကို ရေးဆွဲပြီး တရုတ်၊ ဂျပန်နှင့် အရှေ့တောင် အာရှနိုင်ငံများအတွင်း လွတ်လပ်စွာ နယ်မြေဖြတ်ကျော် ကုန်သွယ်ခွင့်ရရှိရန် စည်းဝေးသွားမည် ဖြစ်ပါသည်။ ASEAN အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များဟာ လာမည့် ဗုဒ္ဓဟူးနေ့နှင့် ကြာသာပတေးနေ့များတွင် ဘရူနိုင်းနိုင်ငံမှာ တွေ့ဆုံဆွေးနွေးသွားမည် ဖြစ်ပါသည်။ လာမည့် မေလအတွင်း ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီ ဘန်ဂါဝန်မြို့တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်းလည်း ဖော်ပြထားပါသည်။ "ကျွန်တော်တို့ လွတ်လပ်စွာ ကုန်သွယ်ခွင့်ကို အကောင်အထည်ပေါ်အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး အနာဂါတ်မှာ အာရှနဲ့ ကမ္ဘာတစ်လွှား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်သွားနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု အစည်းအဝေကျင်းပရေး တာဝန်ရှိသူတစ်ဦးမှ ပြောကြားပါသည်။ RCEPအရ ASEAN ဆယ်နိုင်ငံ အပါအဝင် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်နှင့် တောင်ကိုးရီးယားနိုင်ငံများနှင့်ပါ ကုန်သွယ်သွားနိုင်မှာ ဖြစ်ပါသည်။ "ကုန်သွယ်ရေးဇုန် ဖြစ်ပေါ်လာဖို့အတွက် အရေးအကြီးဆုံးက အဓိက စီးပွားရေး နယ်ပယ်တွေဖြစ်တဲ့ တရုတ်၊ အိန္ဒိယနဲ့ ASEANနိုင်ငံတွေ အချင်းချင်း ညှိနိုင်းနိုင်ဖို့ ဖြစ်ပါတယ်"ဟု IHS Global Insightမှ ဒေသတွင်း စီးပွားရေးဆိုင်ရာ တာဝန်ခံ Mr.Rajiv Biswasမှ ပြောပါသည်။



Camera



# ရေအောက်ပုံရိပ်တွေ အထိ ရိုက်ကူးနိုင်မယ့်...

## Nikon Coolpix AW100

မင်းခန့်

ကင်မရာဝယ်ဖို့ စဉ်းစားနေသူတွေအတွက် မိုးဦးကျတော့မှာဖြစ်လို့ ဈေးကွက်မှာ အောင်မြင်နေတဲ့ ရေစိုခံကင်မရာလေး အကြောင်းကို ဖော်ပြပေးချင်ပါတယ်။ Nikon Coolpix AW100ဟာ ဧပြီလ ဈေးကွက်ရဲ့ အရောင်းရဆုံး ကင်မရာ စာရင်းမှာ နံပါတ် ၃ နေရာကို ရရှိထားပါတယ်။

### အားသာချက်

ဈေးနှုန်းသက်သာမှု၊ ကိုယ်ထည် တည်ဆောက်မှုအပိုင်း ခိုင်ခံ့မှုနဲ့ အလေးချိန်မျှတမှု၊ GPS စနစ်ပါဝင်မှုနဲ့ e-Compassတွေက လူတိုင်းကို ဆွဲဆောင်နိုင်တဲ့ အားသာချက်တွေ ဖြစ်နေပါတယ်။ နောက်တစ်ချက်ကတော့ အကြမ်းခံနိုင်ရည် ဖြစ်ပြီး အရွယ်နဲ့ မလိုက်အောင် အကြမ်းခံနိုင်တာကိုတော့ တွေ့ရပါလိမ့်မယ်။ Displayက Full HD ဖြစ်ပြီး Resolutionက ၁၀၈၀ Pixel ရှိမှာ ဖြစ်ပါတယ်။ GPS ပါဝင်တာကြောင့် အကျွမ်းတဝင်မရှိတဲ့ နေရာတွေကို အလည်အပတ် သွားတဲ့အခါမှာ အကောင်းဆုံး အကူအညီ ဖြစ်စေမှာပါ။

### အားနည်းချက်

Lens ချိန်တွယ်နိုင်မှု အားနည်းပြီး Shutter Speed နှေးတာတွေက အားနည်းမှု ဖြစ်စေပါတယ်။ Lensအပိုင်းက သိသိသာသာကြီး မဟုတ်ပေမယ့် Shutterပိုင်း နှေးနေတာက ပုံရိပ် ဖမ်းယူမှုအပိုင်းတွေမှာ ကွာဟချက်တွေ၊ ဝေဝါးမှုတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။ ကိုယ်ထည်ကို ပေါ့ပါးအောင် ဖန်တီးထားတာမို့ ပွယောင်းတယ်လို့ ထင်ရပြီး ရေထဲကို ယူဆောင် ရိုက်ကူးချိန်တွေမှာ ကိုင်တွယ်ရခြင်း ကျေနပ်မှုကိုတော့ အကောင်းဆုံး မပေးစွမ်းနိုင်ပါဘူး။ နောက်တစ်ချက်က ရေစိုနေတဲ့ အချိန်တွေမှာ ကိုယ်ထည်ကို ကိုယ်တွယ်ရတာမှာ ချောမွတ်နေတတ်တာပါပဲ။ ပုံမှန်အချိန်တွေ အတွက်တော့ ကိုယ်ထည်ပိုင်း ချောမွတ်နေတာက အဆင်ပြေပေမယ့် ရေစိုနေတဲ့ အချိန်မှာတော့ ဂရုပြုဖို့ လိုအပ်ပါလိမ့်မယ်။



### ရိုက်ကူးနိုင်မှု

ရေစိုခံ ကင်မရာဖြစ်တဲ့အတွက် ရေအောက်ကိုပါ သယ်ဆောင် ရိုက်ကူးနိုင်အောင် ဖန်တီးထားတာ တွေ့ရပြီး ရေအောက် ၃၃ ပေ အနက်အထိ ရေကိုလုံအောင် ဟန့်တားပေးနိုင်ပါလိမ့်မယ်။ ရေအောက်ပုံ ရိုက်ကူးနိုင်မှုကတော့ အနက်ပေ ၅ ပေခန့်အထိပဲ ခွင့်ပြုပေးမှာဖြစ်ပြီး အပူချိန်ကတော့ ၁၄ ဒီဂရီ ဖာရင်ဟိုက်အထိ ရိုက်ကူးနိုင်မှာမို့ အရမ်း အဆင်ပြေစေပါလိမ့်မယ်။ တစ်ခုရှိတာက Shutterပိုင်း အားနည်းတာကြောင့် သင့်အနေနဲ့ အလင်းရောင် ကောင်းကောင်းရတဲ့ နေရာတွေမှာပဲ ရိုက်ကူးဖို့ စဉ်းစားသင့်ပါတယ်။

### ပုံရိပ်ဖမ်းယူကြည့်ရှုနိုင်မှု

Nikon Coolpix AW100ဟာ ၈×၁၀ လက်မအရွယ် ဓါတ်ပုံအရွယ်တွေအထိ ထုတ်ဖို့ အကောင်းဆုံးဖြစ်ပါတယ်။ Noise Eventက ISO 125 အထိ ရှိမှာ ဖြစ်သလို Color Eventက ISO 800အထိတောင် ပါရှိမှာပါ။ LCDအမျိုးအစား Displayကနေ တစ်ဆင့်လည်း ပုံရိပ်တွေကို အကောင်းဆုံး ပြန်လည်ကြည့်ရှုနိုင်မှာ ဖြစ်သလို Built-in Speaker လည်း ပါဝင်တာ တွေ့ရပါတယ်။

### တည်ဆောက်မှု

ကင်မရာရဲ့ အရွယ်အစားက ၁×၃×၄.၅ လက်မရှိမှာဖြစ်ပြီး အလေးချိန်က ၁.၈ ပေါင်ပဲရှိမှာ ဖြစ်ပါတယ်။ ကင်မရာရဲ့ ညာဖက်ဘေးမှာ Battery, Card Slot, Mini-HDMI Portနဲ့ Micro-USB Portတွေအတွက် အပေါက်တစ်ခုပဲ ပါရှိမှာ ဖြစ်ပါတယ်။ အဲဒီတစ်နေရာကပဲ ရေဝင်နိုင်စရာရှိပြီး သင့်အနေနဲ့သာ Lock ချထားမယ်ဆိုရင် ဘာမှမဖြစ်နိုင်တော့ပါဘူး။ Batteryက External Adapterနဲ့ သီးသန့် အားသွင်းရမှာဖြစ်ပါတယ်။ ဒါကြောင့် Cameraကို ခက်ခဲတဲ့ နေရာတွေကို ယူသွားဖို့ စိတ်ကူးရှိရင်တော့ Chargingအတွက် Battery အပိုဆောင်းသွားဖို့ လိုအပ်မှာပါ။ ဈေးနှုန်း ကတော့ ၁၆၄ ဒေါ်လာကနေ ၂၄၉ ဒေါ်လာအထိ ဈေးကွက်အပေါ် မူတည်ပြီးတော့ ကွာဟချက်ရှိနိုင်ပါတယ်။

Ref: www.cnet.com

Ultrabook

# Screen Positionကို စိတ်ကြိုက် ချိန်ညှိနိုင်မယ့် Lenovo IdeaPad Yoga

မင်းခန့်

Lenovoရဲ့ ထုတ်ကုန်သစ် IdeaPad Yogaကတော့ ဆန်းသစ်တဲ့ ဒီဇိုင်းပုံစံနဲ့ ဈေးကွက်အတွင်း ဝင်ရောက်လာပြီး အချိန်တို အတွင်းမှာပဲ အောင်မြင်မှု ရရှိနေပါတယ်။ အုပ်စုဖွဲ့ လုပ်ဆောင်ရတဲ့ အလုပ်မျိုးတွေနဲ့ ကျောင်းသားလူငယ်တွေ ကြိုက်နှစ်သက်လောက်တဲ့ ပုံစံတွေကြောင့် အောင်မြင်မှု ရနေတာဖြစ်ပါတယ်။

### Pros

အလွန်ကို ပါးလွှာတဲ့ဒီဇိုင်းနဲ့ Screen Positionကို စိတ်ကြိုက် ပြင်ဆင် ပြောင်းလဲနိုင်ခြင်းတွေက အဓိက အားသာချက် ဖြစ်စေပါတယ်။ ကောင်းမွန်တဲ့ Keyboard စနစ်နဲ့ Touch Screen စနစ် နှစ်မျိုးစလုံးကိုပါ သုံးစွဲနိုင်ပါလိမ့်မယ်။ Battery ပိုင်းမှာလည်း အခြားသော Window 8 စနစ်သုံး Padတွေထက် သာလွန် ကောင်းမွန်တာ တွေ့ရပါတယ်။



### Cons

Power ခလုတ်ဟာ အလွန်သေးငယ်ပြီး ဖန်တီး တည်ဆောက်ထားတဲ့ နေရာက အဖွင့်၊ အပိတ် လုပ်ဖို့ရာအတွက် ခက်ခဲပါတယ်။ ဒါ့အပြင် အလေးချိန် အနည်းငယ်များနေပြီး Tabletတွေနဲ့ အရမ်းဆင်တူ လွန်းနေပါတယ်။

### Compare

ဈေးကွက်အတွင်းမှာ အပြိုင်ဖြစ်နေတဲ့ အခြားသော Padတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် Yogaက 3D Mark11 အပိုင်းမှာ အားအနည်းဆုံး ဖြစ်နေပါတယ်။ Boot Timeမှာတော့ မြန်ဆန်လွန်းနေပြီး Cyberlink Mediashow Espresso အပိုင်းမှာတော့ အသင့်အတင့်သာ ရှိပါတယ်။ Display Brightnessမှာတော့ အလယ်အလတ်မှာ ရှိနေပြီး Systemပိုင်းဆိုင်ရာ စွမ်းဆောင်ရည်တွေနဲ့ လျင်မြန်မှုအပိုင်း စမ်းသပ်မှုတွေမှာ အားနည်းပါတယ်။ Systemအပိုင်း အပူချိန် ထုတ်လွှတ်မှုက တခြား Padတွေနဲ့ ကွာဟမှု မရှိလှပဲ Touchအပိုင်း ထုတ်လွှတ်မှုမှာတော့ အနည်းဆုံးဖြစ်နေပါတယ်။ Battery Lifeမှာက ASUS Zenbookနောက်က အမှီလိုက်နိုင်လောက်အောင် ကောင်းမွန်တာ တွေ့ရပါတယ်။ File Transferနှုန်းက အမြန်ဆုံး နှုန်းလောက်နဲ့ ဆောင်ရွက်ပေးနိုင်ပါတယ်။

### Design

အလေးချိန် ၃.၄ပေါင်ရှိပြီး၊ အလျား ၁၃.၁ လက်မ၊ အနံ ၈.၉ လက်မနဲ့ အထူက ၀.၆၇ လက်မပဲ ရှိပါတယ်။ Screen Positionကို ၃၆၀ ဒီဂရီ ပြည့်အောင် ပြင်ဆင် ပြောင်းလဲနိုင်အောင် ဖန်တီးထားပါတယ်။

### Display and Audio

Resolutionအပိုင်းမှာ ၁၆၀၀ × ၉၀၀ Pixel ပြသပေးနိုင်မှာ ဖြစ်ပြီး တစောင်း အနေအထားက ကြည့်ရှုတဲ့ အချိန်တွေမှာ ပါးလွှာတဲ့ အရောင်တချို့ ပျောက်ကွယ်သွားခြင်းတွေ မဖြစ်အောင် ဖန်တီးထားပါတယ်။ Speakerများကို Albeit Tinny Audio စနစ်နဲ့ တပ်ဆင်ထားပြီး Dolby Home Theater v4 Systemကို အသုံးပြုထားလို့ Bass အသံတွေနဲ့ Stereo အသံတွေကို ခွဲခြား ထုတ်လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။

### Ports and Webcam

USB 2.0 Port, 2-in-1 Card Reader, Proprietary Charge Portတွေကို Padရဲ့ ညာဖက်ခြမ်းမှာ ထည့်သွင်း ထားပြီး၊ USB 3.0 Port, HDMI, Microphone/ Headphone Jackတွေကိုတော့ ဘယ်ဖက်ခြမ်းမှာ ထည့်သွင်း ထားပါတယ်။ 720 Pixelsအားရှိတဲ့ Webcamကို ထည့်သွင်း ပေးထားပြီး YouCam Softwareကို အသုံးပြုထားပါတယ်။

### Performance, Battery and Price

CPUက 1.7 GHz မြန်နှုန်းရှိပြီး Intelရဲ့ Core i5-3317Uကို အသုံးပြုထားပါတယ်။ RAMက 8GBရှိပြီး Solid State Driveက 128 GBရှိမှာ ဖြစ်ပါတယ်။ Graphicကိုတော့ Intel HD Graphics 4000 Cardကို အသုံးပြုထားလို့ Gameတွေနဲ့ Media Playingတွေကို အကောင်းဆုံး အသုံးချနိုင်ပါလိမ့်မယ်။ Battery Life ကတော့ ၆ နာရီနဲ့ ၁၈ မိနစ်ကြာ အထိအောင် သုံးစွဲနိုင်ပါလိမ့်မယ်။ အာမခံကိုတော့ Lenovoက တစ်နှစ်ပေးထားတာ တွေ့ရပါတယ်။ Lenovo IdealPad Yogaရဲ့ ဈေးနှုန်းက တစ်လုံးကို ပေါင် ၁,၀၀၀ ဖြစ်ပါတယ်။

Ref: www.laptopmag.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 15
MYANMAR ICT JOURNAL

## Laptop HP Spectre XT 13-2009




ဒေဂီ

HP Envy Spectre XT Ultrabookဟာဆိုရင် Bodyကတော့ သုံးစွဲသူများအကြိုက် Aluminium Bodyနဲ့ ပြုလုပ်ထားပါတယ်။ အမြန်နှုန်းကတော့ 1.9 GHz ရရှိမှာ ဖြစ်ပြီး၊ Memory ပမာဏကိုလည်း 4GB DDR3 1600MHzကို အသုံးပြုထားတဲ့အတွက် အဆင်ပြေစေမှာ ဖြစ်ပြီး Graphicကတော့ HD Graphic 40000 (1.7 GHz) ပါရှိတဲ့အတွက် သုံးစွဲသူများ စိတ်ကျေနပ်မှု ရရှိစေမှာ ဖြစ်ပါတယ်။ SSD Cardလည်း 256GB အထိ ပါရှိမှာ ဖြစ်ပါတယ်။ Screen Sizeကတော့ 13.3 HD LED Brightview ပါရှိတဲ့အတွက် သုံးစွဲသူများ အထူးစိတ်ကျေနပ်မှု ရရှိစေမှာ ဖြစ်ပါတယ်။ Audioပိုင်းဆိုင်ရာတွင်လည်း ကြည်လင်ပြတ်သားတဲ့ Beat Audio Sound Systemကိုလည်း အသုံးပြုထားပါတယ်။ USB အမြန်နှုန်းကတော့ 3.0 ရှိပါတယ်။ Wight ကတော့ 1.39kg ပါတဲ့အတွက် ပေါ့ပါး ပါးလွှာပြီး သယ်ဆောင်ရ လွယ်ကူစေမှာ ဖြစ်ပါတယ်။ Window 7 Home Premium (64 bit) ပါရှိပါတယ်။ 4 Cell-Batteryကိုလည်း အသုံးပြုထားပါတယ်။ Warranty ကတော့ 1 Year Full ပေးထားပါတယ်။ Full Size Blacklist Keyboardလည်း ပါရှိပါတယ်။ ပါးလွှာပြီး၊ အလေးချိန် အလွန်နည်းတာကြောင့် သယ်ယူရ လွယ်ကူမှာ ဖြစ်ပြီး ကြီးမားတဲ့ Keyboard ပါဝင်တာက အားသာချက်ဖြစ်ပြီး Batteryပိုင်း အားနည်းချက် ရှိနေပြီး ဒီဇိုင်း ရိုးရှင်းမှုတွေက အားနည်းချက်ဖြစ်ပါတယ်။

## Laptop HP G6-2003TX




ဒေဂီ

HP G6-2023 TX Model တစ်မျိုးနဲ့ HPကို နှစ်သက်တဲ့ Customerတွေအတွက် မိတ်ဆက်ပေးချင်ပါတယ်။ HP G6 2023TXဟာ Body Colourက အဖြူရောင်လေးနဲ့ ဖြစ်ပြီး Intelရဲ့ တတိယ မျိုးဆက်ဖြစ်တဲ့ Ivy Bridge Core i5/ 3210M Processorကို အသုံးပြုထားပြီး အမြန်နှုန်းကတော့ 2.5 GHz ရရှိမှာ ဖြစ်ပါတယ်။ Memory ပမာဏကိုလည်း 4 GB DDR-3 1600MHzကို အသုံးပြုထားသည့်အတွက် သုံးစွဲသူများ စိတ်ကျေနပ်မှု ရရှိစေမှာ ဖြစ်ပါတယ်။ မိမိရဲ့ များပြားလှသော Dataများအတွက်လည်း Data Storage ပမာဏ 750GBထိ ပါရှိမှာ ဖြစ်တဲ့အတွက် Dataများများ သိမ်းဆည်း လိုသူတွေအတွက် အဆင်ပြေစေမှာ ဖြစ်ပါတယ်။ Graphic Performance ကောင်းကောင်း သုံးလိုသူများ၊ Gamerများအတွက် ATI Radeon (TM) 7670M Graphic 2GB ထိ ပါရှိမှာ ဖြစ်သည့်အပြင် Screen Sizeကလည်း 15.6" HD LED Bright View ပါရှိသည့်အတွက် သုံးစွဲသူများ အထူး စိတ်တိုင်းကျစေမှာ ဖြစ်ပါတယ်။ Audioပိုင်းဆိုင်ရာတွင် ကြည်လင်ပြတ်သားတဲ့ SRS Premium Sound Systemကို အသုံးပြုထားပါတယ်။ DVD Super Multi DL Drive, USB 2.0 x 3 Port, HDMI, VGA, Wi-Fi, Card Reader, Webcam, Bluetoothတို့ ပါဝင်ပါတယ်။ 6 Cell Li-ion Batteryကို အသုံးပြုထားသောကြောင့် Battery Life Timeက up to 4hour အသုံးပြုနိုင်ပါတယ်။ Warranty အနေနဲ့လည်း 1 Year Fully Warranty ရရှိမှာ ဖြစ်ပါတယ်။

## Tablet Lenovo ThinkPad Helix




လင်းထက်

သယ်ယူရ လွယ်ကူအောင် ပြုလုပ်ထားတဲ့ PC အသေးစားဖြစ်တဲ့ ThinkPad Helixဟာ Screen Display အကျယ် ၁၁.၆ လက်မ ရှိမှာဖြစ်ပြီး Lenovoရဲ့ နောက်ဆုံးထုတ် ပစ္စည်းသစ်ဖြစ်ပါတယ်။ Intel Core i5 ဒါမှမဟုတ် အဲဒီထက် ပိုမြန်မယ့် Processorကို အသုံးပြုထားမှာ ဖြစ်ပြီးတော့ Keyboardလည်း ပါဝင်တာကြောင့် Notebookလိုမျိုးရော၊ Tabletလိုမျိုးပါ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ မူလက မတ်လထဲမှာ ဈေးကွက်တင်နိုင်ဖို့ Lenovoက မျှော်မှန်းထားခဲ့ပေမယ့် ပြီးခဲ့တဲ့ ဧပြီလ ၂၅ ရက်ကမှ ဈေးကွက်မှာ ဖြန့်ချိနိုင်ခဲ့တာ ဖြစ်ပါတယ်။ Resolutionက ၁၉၈၀×၁၀၈၀ Pixelရှိမှာ ဖြစ်ပြီး Brightnessက ၄၀၀ nit ရှိမှာ ဖြစ်ပါတယ်။ IPS Display စနစ်ကို အသုံးပြုထားတာကြောင့် ကြည်လင်တောက်ပတဲ့ ရုပ်ထွက်ကို ပေးစွမ်းနိုင်ပါလိမ့်မယ်။ Windows 8 Proကို အသုံးပြုထားပြီး Processorက Intel Ivy Bridge ဖြစ်ပါတယ်။ RAMမှာ 4 GB ပါရှိမှာဖြစ်သလို SSDကို 256 GB ထိအောင် မြှင့်တင် သုံးစွဲနိုင်ဦးမှာ ဖြစ်ပါလိမ့်မယ်။ Battery Lifeက Tabletနဲ့ Keyboardကို တွဲဖက် သုံးစွဲမယ်ဆိုရင် ၁၀ နာရီကြာအောင် သုံးစွဲနိုင်မှာ ဖြစ်ပြီး Tablet သီးသန့်ဆိုရင်တော့ ၅ နာရီ ကြာအောင် သုံးစွဲနိုင်ပါလိမ့်မယ်။ Keyboardနဲ့ တွဲဖက် သုံးစွဲချိန်တွေမှာ Battery Consumtion သက်သာရတဲ့ အကြောင်းက Keyboardမှာ Attach Batteryစနစ် ပါဝင်သေးတာကြောင့် ဖြစ်ပါတယ်။ ဈေးနှုန်းက တစ်လုံးကို ၁၄၉၉ ဒေါ်လာနဲ့ ဧပြီလဆန်းပိုင်းကစပြီး ဂျပန်၊ ဥရောပနဲ့ အမေရိကတို့မှာ ဖြန့်ချိနေပြီ ဖြစ်ပါတယ်။

Ref: www.liliputing.com

## Mobile Samsung Galaxy Xcover 2




ဒေဂီ

Samsungရဲ့ ရွှံ့ဒဏ်ခံ၊ ရေစိမ်ဒဏ်ခံ ဖုန်းပါ။ IP 67ပေါ့။ ရွှံ့ထဲပြုတ်ကျလည်း လုံးဝယိုစိမ့် ဝင်ရောက်မှု မရှိဘူး။ တစ်မီတာ ရေအနက်မှာ နာရီဝက် ရေစိမ်ခံတယ်ပေါ့။ ရေအောက်ရှုခင်းတွေကို 720p Underwater Footage @ 30 fpsနှုန်းနဲ့ ဗီဒီယို ရိုက်ယူလို့ရတဲ့ Underwater Shooting Mode ပါလာတာကိုသာကြည့်။ သူ့ရဲ့ Specsကို ကြည့်ရင်တော့ Top-of-the-Line မဟုတ်တာကို တွေ့ရမယ်။ အကြမ်းခံ ဖုန်းတွေဖြစ်တဲ့ Sony Xperia Vနဲ့ Xperia Zတို့ကတော့ ပါးပါးလျလျ Sleek ဒီဇိုင်းနဲ့ Specs တွေကလည်း အမြင့်စားတွေ ဖြစ်နေတယ်။ အခု Galaxy Xcover 2မှာတော့ 1GHz အမြန်နှုန်းနဲ့ အလုပ်လုပ်တဲ့ Dual-Core Contex-A9 CPU, Mali-400MP GPU, 1GB RAM, Internal Storage 4GB တပ်ဆင်ပေးထားပြီး Micro SD Card Slotကနေ Memory တိုးချဲ့သုံးလို့ ရပါမယ်။ Phone OS ကတော့ Android 4.1.2 Jelly Beanနဲ့ မောင်းထားပါတယ်။ Big and Heavy ဖြစ်နေတယ်။ Displayက LCD အမျိုးအစားဖြစ်ပြီး Resolution ကလည်း 480 x 800 pixelsပဲရှိတယ်။ နေရောင်အောင်မှာတော့ အကြည့်ခံပါတယ်။ အားသာချက်ကတော့ Stereo Bluetooth 4.0 ပါပဲ။ Wireless Connectionကို လျှပ်စစ် အသုံးပြုမှု အနည်းဆုံး အနေအထားနဲ့ အလုပ်လုပ်ပေးတယ်။ နှလုံးခုန်နှုန်းတိုင်းတဲ့ Polar Bluetooth Heart Rate Monitorနဲ့ တွဲဖက် အလုပ်လုပ်နိုင်စေတဲ့ App ထည့်ပေးထားတယ်။ ကျောဘက် ကင်မရာက 5MP Autofocus Camera ဖြစ်ပါတယ်။ ရေအောက်ရှုခင်း ရိုက်ယူရာမှာ အကောင်းဆုံး ဖြစ်အောင် လုပ်ဆောင်ပေးတဲ့ Underwater Shooting Mode ထည့်သွင်းထားပြီး ရေအောက်ရှုခင်း ဗီဒီယိုတွေကို 720p HD ရုပ်ထွက်နဲ့ တစ်စက္ကန့် Frame 30နှုန်း ရိုက်ပေးနိုင်တယ်။

# Mobile Samsung Galaxy Aces Duos I589 CDMA

မင်းခန့်

ကျွန်တော်တို့ဆီမှာ CDMA 800 MHzတွေကို အများအပြား ရောင်းချပေးတော့မှာ ဆိုတော့ CDMA Handsetတွေက ဘယ်လိုပဲဖြစ်ဖြစ် ဝယ်ယူသုံးစွဲရတော့မှာ ဖြစ်တဲ့အတွက် လူအများသဘောကျနှစ်ခြိုက်မယ့် Handsetတစ်ခုကို မိတ်ဆက်ပေးလိုက်ပါတယ်။ Samsung Galaxy Aces Duos I589ကို Samsung Galaxy Aces Duos SCH-I589လို့လည်း လူသိများပါတယ်။



## Network

CDMA 800နဲ့ 1900တွေမှာ သုံးစွဲနိုင်မှာဖြစ်တဲ့အပြင် GSM 900နဲ့ 1800တွေမှာပါ သုံးစွဲနိုင်မှာဖြစ်လို့ ဘယ်လို Networkမျိုးနဲ့မဆို အဆင်ပြေပါလိမ့်မယ်။ ဒါ့အပြင် 3Gစနစ် CDMA 2000 1xEV-DOမှာပါ သုံးစွဲနိုင်မှာပါ။

## Body

အရွယ်အစားက မျက်နှာပြင်အကျယ် ၁၁၂.၄ မီလီမီတာ ရှိမှာဖြစ်ပြီး အမြင့်က ၅၉.၉ မီလီမီတာဖြစ်ကာ ၁၂.၅ မီလီမီတာပဲ ထူပါတယ်။ အလေးချိန်က ၄.၄၁ အောင်စပဲ ရှိမှာဖြစ်ပါတယ်။ အရောင်ကတော့ အနက်ရောင် တစ်မျိုးတည်းကိုပဲ ထုတ်လုပ်ထားတာ တွေ့ရပါတယ်။

## Display

Touch Screen အမျိုးအစားဖြစ်ပြီး အရောင်ပေါင်း ၁၆ သန်းကို ပြသပေးနိုင်မှာ ဖြစ်ပါတယ်။ Resolutionက ၃၂၀×၄၈၀ Pixelရှိမှာဖြစ်ပြီး Screen အကျယ်က ၃.၅ လက်မရှိမှာဖြစ်လို့ Pixel သိပ်သည်းဆက ၁၆၅ ppiတောင် ရှိမှာပါ။ Messageမှာ SMS, MMSနဲ့ E-mailတွေကို အသုံးပြုနိုင်ပါလိမ့်မယ်။ GPSစနစ် ပါဝင်တာကြောင့် မိမိရဲ့ တည်နေရာကိုလည်း မှတ်သား သိရှိနိုင်မှာပါ။

## Sound

Loudspeaker ပါဝင်ပြီး ၃.၅ မီလီမီတာ Jackကိုလည်း ချိတ်ဆက်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် Alert အနေနဲ့လည်း Vibration, MP3နဲ့ WAV အသံအမျိုးအစား Ringtoneတွေကို သုံးစွဲနိုင်မှာပါ။ Radioမှာ FMတွေကို အကောင်းဆုံး ဖမ်းယူ နားဆင်နိုင်မှာဖြစ်သလို Stereoအနေနဲ့ပါ အကောင်းဆုံး ခံစားရပါလိမ့်မယ်။

## Other Features

Memoryကိုတော့ SD Cardစိုက်ပြီး 32 GB ထိအောင် သုံးစွဲနိုင်ပါလိမ့်မယ်။ WLANအနေနဲ့ Wi-Fi 802.11 b/g/nနဲ့ Wi-Fi Hotspotတွေကို ရရှိနိုင်မှာပါ။ Blurtooth v3.0ပါဝင်ပြီး USBအနေနဲ့လည်း micro USB v2.0 ပါဝင်တာ တွေ့ရပါတယ်။ အသုံးပြုထားတဲ့ OSက Android OS v2.2 (Froyo)ဖြစ်ပြီး၊ Qualcomm MSM7627 ဖြစ်ကာ CPU မြန်နှုန်းက 800 MHzထိ ရှိမှာပါ။ Mediaတွေအနေနဲ့ MP3, MP4, Google Search, Maps, Gmail, YouTube, Calendar, Google Talk, Picasaနဲ့ Voice memo/ dailတွေ လုပ်ဆောင်နိုင်မှာပါ။ Battery အမျိုးအစားက Li-Ion 1650 mAhကို သုံးထားပြီး Stand-by အနေအထားနဲ့ နာရီပေါင်း ၃၀၀ ထားရှိ သုံးစွဲနိုင်မှာဖြစ်သလို တစ်ဆက်တည်း သုံးစွဲမှု အနေအထားနဲ့ ၇ နာရီကျော်ကြာအောင် သုံးစွဲနိုင်ပါလိမ့်မယ်။ ဈေးနှုန်းကတော့ အိန္ဒိယဈေးကွက်မှာ ၁၀,၀၉၉ ရူပီး ဖြစ်လို့ Samsung Brand ထဲမှာတော့ ဈေးနှုန်းချိုသာတဲ့ ဖုန်းတစ်လုံးဖြစ်ပါတယ်။

## Camera

ကင်မရာမှာတော့ Primary တစ်လုံးပဲ ပါဝင်မှာဖြစ်ပြီး 3.15 Mega Pixels ရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် Geo-Tagging စနစ်ကိုလည်း သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

Ref: www.gsmarena.com

GiONEE
GOLDEN QUALITY TO STAND LONG

ပိုးလွှာပေါ်ပိုးကာ မျက်နှာပြင် အကျယ် 4.3'' အား Super AMOLED plus ဖြင့် လိုင်းဆွဲအားကြည်လင်ပြတ်သားစွာ အသုံးပြုနိုင်မည်။




Gionee Infinity

- Dual sim / Dual Standby
- 2G/3G network
- 4.3" Super AMOLED Plus
- 8.0 AF camera and 0.3 mega Secondary Camera
- HD vedio recording and playing
- Android OS v 4.0
- 1 GHz cortex A9 CPU
- Free 2G and up to 32 GB expandable
- Bluetooth USB 3.0

• လိုင်းဆွဲအားကောင်းခြင်း • အာမခံ (၁) နှစ်ပေးခြင်း

Exclusive Authorised Distributor By
STRONG SOURCE Company Limited.

အမြို့မြို့အနယ်နယ်ရှိ "Mobile" ဖုန်းဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

No. 106, Building (A), Yuzana Lane (1), Hightway Complex,
Kamaryut Township, Yangon, Republic of The Union of Myanmar.
HP: 09 543 6333, 09 863 3992
E-mail: strongsourcecompany@gmail.com

ShowRoom
No. (57), Lan Thit Street (Mawtin Stree), Lanmataw Township,
Yangon. Ph : 228680, 225044

အိုင်စီတီ ဂျာနယ်
Volume 2, Issue 15
MYANMAR ICT JOURNAL

## Sony External PC Speaker




ခင်းခန့်

ဧပြီလ Speakerဈေးကွက်ရဲ့ ထိပ်ဆုံးမှာ ရပ်တည်နေတဲ့ Sony External PC Speakerဟာ Frequency Response နှုန်း 100 Hz - 20 k Hzအထိ ရှိမှာဖြစ်ပြီး 5 Watt စွမ်းအင် ထုတ်ပေးနိုင်ပါလိမ့်မယ်။ အားသာချက်တွေက အသုံးပြုဖို့ လွယ်ကူမှု၊ သယ်ယူရ လွယ်ကူမှု၊ စွမ်းအင် ချွေတာနိုင်မှုနဲ့ အသံထွက် ကောင်းမွန်မှုတွေ ဖြစ်ပါတယ်။ တစ်ခုတည်းသော အားနည်းချက်က Frequency Range ကျဉ်းမြောင်းတာ ဖြစ်ပြီး သိသာလောက်အောင်တော့ မဟုတ်ပါဘူး။ Frequency Range ကျဉ်းမြောင်းမှုကြောင့် ဖြစ်ပေါ်နိုင်တာတွေက Stereo အသံတွေ ကြည်လင်မှုနည်းခြင်းနဲ့ Noiseတွေ အနည်းငယ် ပါလာနိုင်တာတွေ ဖြစ်ပါတယ်။ USB Port မပါဝင်တာကြောင့် အခက်အခဲ တစ်ချို့တော့ ရှိနိုင်ပေမယ့် Auxiliary Inputနဲ့ Headphone Inputတွေ ပါဝင်ပါတယ်။ Speakerရဲ့ အမြင့်က ၁၀.၅ လက်မ၊ အကျယ် ၄ လက်မနဲ့ ထုထည်က ၈ လက်မရှိမှာ ဖြစ်ပါတယ်။ အလေးချိန်က ၁.၄ ပေါင်ပဲ ရှိမှာဖြစ်လို့ PC Speaker တွေထဲမှာ ပေါ့ပါးတယ်လို့ ဆိုရမှာပါ။ အာမခံကို နှစ်နှစ်ပေးထားပြီး ဥရောပက ဝေဖန်သူတွေရဲ့ မှတ်ချက်တွေအရ Overall Ratingမှာ သင့်တင့်တယ်လို့ ဆိုထားပြီး Connectionမှာ လိုအပ်ချက်တွေ ရှိတယ်လို့ ထောက်ပြကြပါတယ်။ Feature အပိုင်း၊ Help and Supportအပိုင်းတွေနဲ့ Sound Quality အပိုင်းတွေမှာတော့ အကောင်းဆုံး မှတ်ချက်တွေ ရရှိထားတာတွေရပြီး Driver အပိုင်းမှာတော့ ဝေဖန်မှုတွေ များနေပါတယ်။ ဈေးနှုန်းက ၁၉.၉၉ ဒေါ်လာဖြစ်တာကြောင့် တန်ဖိုးနည်း အရည်အသွေးမြင့် ပစ္စည်း ဖြစ်တယ်လို့ ဆိုရမှာပါ။

Ref: www.toptenreviews.com

## Denon AH-D7100




မင်းခန့်

ဂျပန် အခြေစိုက် Headset ကုမ္ပဏီတစ်ခုဖြစ်တဲ့ Denonရဲ့ ပစ္စည်းသစ် Denon AH-D7100ဟာ ကြည်လင်ပြတ်သားမှု အကောင်းဆုံး အသံတွေကို ထုတ်လုပ်ပေးနိုင်မှာ ဖြစ်ပြီး Denon AH-D7100မှာ ပတ်ဝန်းကျင်က Noiseတွေကို အကောင်းဆုံး ဟန့်တားပေးနိုင်မယ့် ကြီးမားတဲ့ Ear Cupတွေ ပါဝင်ပါသေးတယ်။ အားနည်းချက်ကို ပြောရမယ်ဆိုရင် ဈေးနှုန်း မြင့်မားနေတာက အဓိက အချက်ဖြစ်နေပြီး Ear Cup ကြီးမားတဲ့အတွက် နားဆင်ချိန် ကြာလာတဲ့အခါ အပူချိန် မြင့်လာနိုင်တာတွေတော့ ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် ၅၀ မီလီမီတာရှိတဲ့ Free Edge Nano Fibre ပါဝင်တာကြောင့် တကယ့် Speaker ကြီးတွေနဲ့ သီချင်းတွေ နားဆင်နိုင်သလို ခံစားရစေမှာ ဖြစ်ပါတယ်။ အားသာချက်တွေက ကြီးမားတဲ့ Speakerတွေ ပါဝင်နေလို့ Bass အသံတွေ အတည်ငြိမ်ဆုံး ထုတ်ပေးနိုင်မှုနဲ့ တည်ငြိမ် ခိုင်ခံ့တဲ့ ဒီဇိုင်းတွေ ဖြစ်ပါတယ်။ ဝေဖန်သူတွေရဲ့ မှတ်ချက်တွေအရ Audio Qualityတွေဖြစ်တဲ့ Bassမှာ အသံ ကြည်လင်မှုနှုန်းက ၈/၁၀ ဖြစ်ပြီး Trebelက ၇.၅/၁၀၊ Midက ၆/၁၀၊ Sound Stageက ၇.၅/၁၀နဲ့ Vocalက ၈/၁၀ တို့ ဖြစ်ပါတယ်။ အဲဒီလို မက်လောက်စရာ ဒီဇိုင်း၊ စွမ်းဆောင်ရည်တွေနဲ့ ခိုင်ခံ့မှုတွေရှိတဲ့ Denon AH-D7100ဟာ ဈေးနှုန်းပိုင်းမှာလည်း Handset တစ်ခုကို ပေါင် ၁၀၀၀ တန်ကြေးရှိတာမို့ တကယ့်ကို တန်ဖိုးကြီး Handset တစ်ခု ဖြစ်ပါတယ်။

Ref: www.head-fi.org

## Rovio Angry Bird Mini Speaker



သန့်ဇင်

စပီကာ တစ်လုံးဆိုတာက အသံထွက် အထူးပြုရုံက လွဲရင် သိပ်ပြီး ထူးခြားတာတော့ မဟုတ်ပါဘူး။ သူရဲ့ အသံထွက်အား၊ ကာဗာ ခံနိုင်အားတွေနဲ့ ပုံစံအမျိုးမျိုး ထွက်လာကျတာပါ။ အသစ်ထွက်လာတဲ့ ပုံစံတွေကိုက ရွေးချယ်ရ ခက်နေအောင် ဒီဇိုင်း များနေတာပါ။ ဒီတော့ ချစ်ဖို့ကောင်းတဲ့ စပီကာ အသစ်လေး တစ်ခုကို ပြောပြချင်ပါတယ်။ ဒီစပီကာလေးကို iPod, iPhone, iPad စသည်တို့အပြင် Android Softwareသုံး ပစ္စည်းများဖြင့် တွဲဖက် အသုံးပြုနိုင်ပါတယ်။ 95gသာ လေးတဲ့အတွက် လိုရာကို သယ်ဆောင်သွားဖို့ မလေးလှတဲ့ အလေးချိန် ဖြစ်ပါလိမ့်မယ်။ သက်ဆိုင်ရာ Deviceနဲ့ သွယ်ဖို့ 3.5mm ရှည်တဲ့ Cable ပါရှိပြီး Multiple Speaker အဖြစ်လည်း သုံးနိုင်ပါသေးတယ်။ အရွယ်အစားက 68x74x89 mm သာရှိတော့ သေးသေးလေးနဲ့ ချစ်စရာလေး ဖြစ်နေမှာပါ။ USB Cableနဲ့ အားသွင်းနိုင်ပြီး အထိုင်ပုံစံကနေ ဆန့်ထုတ် လိုက်လို့လည်း ရပါတယ်။ Batteryက 8နာရီကျော်တောင် အသုံးခံတယ်လို့လည်း ဆိုပါတယ်။ Angry Bird ဂိမ်းမှ ဇာတ်ကောင်လေးများ ပုံအတိုင်း ရရှိနိုင်မည်ဖြစ်ပြီး အခြားသော နိုင်ငံများမှာ လူကြိုက်များတဲ့ စပီကာ ဖြစ်တယ်လို့ သိရပါတယ်။ ဈေးနှုန်းက 28,000ကျပ် ခန့်ဖြစ်ပြီး ပြည်တွင်း အိုင်တီဈေးကွက် အတွင်းမှာ ဝယ်ယူနိုင်ပြီ ဖြစ်ပါတယ်။

## Logitech G-35 Headphone



သန့်ဇင်

Headphoneတွေကိုမှ ကြိုက်နှစ်သက်တဲ့ သူတွေအတွက် Logitech G-35နဲ့ မိတ်ဆက်ပေးပါရစေ။ အရင်ဆုံး ဒီဇိုင်းကို ကြည့်လိုက်မယ်ဆိုရင် ထုထည် ကြီးပြီး ခန့်ညားတဲ့ ပုံစံရှိတဲ့အတွက် ခေါင်းမှာသာ စွပ်ထားမယ်ဆိုရင် ရုပ်ရှင်ကားတွေထဲက ရှိဘော့တွေလိုတောင် ခံစားမိစေလောက်ပါတယ်။ Headphoneတွေရဲ့ အားသာချက်တွေက အသံလုံစေပြီး ပတ်ဝန်းကျင် အလိုက် အသံထွက်ပေးစွမ်းနိုင်မှု ဘယ်လောက် ရှိတယ်ဆိုတာကိုက Headphoneတွေရဲ့ တန်ဖိုးတစ်ခုလို ဖြစ်နေပါတယ်။ အခု နောက်ဆုံး ထွက်ရှိတဲ့ Logitech G-35ဟာဆိုရင် 7.1 Dolby Surround Sound ပါရှိတဲ့ အတွက် အသံထွက် ပုံစံ 7မျိုးထိ ရွေးချယ်နိုင်ပါတယ်။ မိမိ ရောက်ရှိနေတဲ့နေရာဟာ ဆူညံနေတဲ့ နေရာဆိုရင် ပိုမိုကျယ်လောင်တဲ့ အသံထွက်အား စနစ်ကို ပြောင်းလဲနိုင်မှာ ဖြစ်သလို တိတ်ဆိတ်နေတဲ့ နေရာရောက်လို့ ရှိရင်လဲ လိုက်လျောညီထွေစွာနဲ့ ညင်သာတဲ့ အသံထွက်မျိုးကို ကူးပြောင်းလို့ ရရှိနိုင်အောင် G key 3ခု ထည့်သွင်းထားတာကို တွေ့ရပါတယ်။ Music နဲ့ Audioကိုလည်း ခွဲခြား နားထောင်နိုင်ပါတယ်။ 360 ဒီဂရီ ဝန်းကျင်အတွင်း ခြေသံတွေ၊ မီးလန့်သံတွေကို ကြားနိုင်အောင် ဖန်တီးပေးထားပါတယ်။ အခြား Headphoneတွေလို အသံလုံပြီး ပတ်ဝန်းကျင်မှာ ဖြစ်နေတာတွေ မသိမှာ မပူရတော့ဘူးပေ့ါ။ Mic ပါဝင်တဲ့အတွက် ဖုန်းပြောဖို့ အတွက်လည်း အသုံးပြုနိုင်သလို သီချင်း နားထောင်နေတဲ့အခါ၊ ဂိမ်းဆော့နေတဲ့အခါတွေမှာ Micကို Mute လုပ်ထားနိုင်ပါတယ်။ Speed အပြည့် ရရှိနိုင်မှာဖြစ်ပြီး အသံ ကြည်လင်ပြတ်သားမှုတွေကြောင့် ဂိမ်မာသမားတွေ အထူးနှစ်ခြိုက်နေတယ်လို့ သိရပါတယ်။ USB Port ပါဝင်တဲ့ မည်သည့်ပစ္စည်းနှင့်မဆို တွဲဖက် အသုံးပြုနိုင်ပါတယ်။ ဈေးနှုန်းက တစ်သိန်း လေးသောင်း ဝန်းကျင် ဖြစ်ပြီး ကိုဘီနီး ဂိမ်းဆိုင် 01-256417တွင် ရရှိနိုင်ပြီ ဖြစ်ပါတယ်။

ICT JOURNAL MYANMAR
အိုင်စီတီ ဂျာနယ်
Volume 2, Issue 15
THE WEEK OF APR 29 - MAY 5, 2013


TV

# LG 72" LM9500 Full HD LED Cinema 3D Smart TV

ကိုယ့်အိမ်မှာ ကိုယ်ပိုင် ရုပ်ရှင်ရုံတစ်ရုံ ဖန်တီးကြည့်ရှုလိုသူတွေအတွက် အဆင်အပြေဆုံး ဖြစ်စေမယ့် LG LM9500ကတော့ 3D ပုံရိပ်တွေကို အကောင်းဆုံး ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။



## Design

ပထမဆုံး သင်သတိပြုမိနိုင်တဲ့ အချက်က TVရဲ့ အရွယ်ဖြစ်ပြီး ၇၂ လက်မဆိုတဲ့ အရွယ်နဲ့ မလိုက်လောက်အောင် ကျယ်ပြန့်ကြီးမားတယ်လို့ ထင်ရစေပါတယ်။ ထုပ်ပိုးမှု အလေးချိန်က ၆၅.၅ ကီလို ရှိမှာဖြစ်လို့ သယ်ယူရ လွယ်ကူမှုတော့ မရှိပါဘူး။ တကယ်တမ်းမှာတော့ သူ့ရဲ့ ကိုယ်ထည်အထူက ၆ စင်တီမီတာပဲ ရှိလို့ တကယ်ကို ပါးလွှာတဲ့ TVကောင်း ဖြစ်ပါတယ်။ TV Standကနေတစ်ဆင့် TVမျက်နှာပြင်ကို လှည့်နိုင်အောင် လုပ်ဆောင်ထားပေမယ့် ၃၆၀ ဒီဂရီပြည့်အောင်တော့ ပြုလုပ်နိုင်မှာ မဟုတ်ပါဘူး။ နောက်တစ်ခု ထူးခြားတာ တစ်ခုကတော့ TVရဲ့ ဘောင်တွေကို သတ္တုတွေနဲ့ အနားသတ်ထားတာဖြစ်လို့ ခိုင်ခန့်မှုကိုတော့ စိတ်ချ ယုံကြည်နိုင်မှာပါ။

## Remote Control

ထူးခြားမှု များများစားစား မပါဝင်ပေမယ့် အလေးချိန်ကို အနည်းဆုံးဖြစ်အောင် လျှော့ချထားတာ တွေ့ရပြီး အရည်အသွေး ကောင်းတဲ့ ပလက်စတစ်သားနဲ့ ဖန်တီးထားပါတယ်။ 2D ကနေ 3Dကို အလွယ်တကူ ပြောင်းလဲ ကြည့်ရှုနိုင်အောင် ဖန်တီး ပေးထားတာ တွေ့ရပါတယ်။ နောက်တစ်ခု ရှိသေးတာက သီးခြား Magic Motion Remote တစ်ခု ပါဝင်သေးတာဖြစ်ပြီး Scroller တစ်ခုကို Remoteရဲ့ အလယ်မှာ ထည့်သွင်း တည်ဆောက်ထားခြင်းနဲ့ ကိုယ်တွယ် သုံးစွဲမှုအပိုင်းမှာ အကောင်းဆုံးဖြစ်အောင် ဖန်တီးထားတာ တွေ့ရပါတယ်။

## 3D Glass

3Dအပိုင်းမှာ LGဟာ အောင်မြင်မှု ရရှိထားပြီး ဖြစ်တဲ့အတိုင်း LM9500မှာ အသုံးပြုရမယ့် Glass တွေဟာလည်း 3Dပုံရိပ်တွေကို အကောင်းဆုံး ကြည့်ရှုနိုင်အောင် စွမ်းဆောင်ပေးပါလိမ့်မယ်။ တစ်ခုရှိတာက TV ကြည့်တဲ့ အချိန် နာရီဂက် ကျော်လာတဲ့အခါမှာ မျက်စိညောင်းချင်သလိုမျိုး ခံစားရနိုင်တာ တစ်ခုတော့ ပြစ်ချက်လို့ ဆိုနိုင်ပါလိမ့်မယ်။ ကိုယ်ထည်အပိုင်းမှာတော့ Plastic တွေကိုပဲ ဦးစားပေး တည်ဆောက်ထားပြီး Battery ထည့်သွင်းထားခြင်း မရှိတာကြောင့် Glassရဲ့ အလေးချိန် သိသိသာသာ လျော့နည်းတာ တွေ့ရပါလိမ့်မယ်။

## Features

Screen အကျယ်အဝန်းက ၇၂ လက်မ အပြည့် ရှိမှာဖြစ်ပြီး LED အမျိုးအစားဖြစ်ကာ Resolutionက ၁၉၂၀×၁၀၈၀ ရှိမှာ ဖြစ်ပါတယ်။ USB Port သုံးခု၊ HDMI Port လေးခု၊ D-Sub Port တစ်ခုနဲ့ Opticla Connector ပါဝင်ပါတယ်။ Internet အသုံးပြုနိုင်ဖို့အတွက် LAN Port တစ်ခု ပါဝင်မှာဖြစ်ပြီး USB Portတွေက တစ်ဆင့် Wi-Fi Adapter, Keyboardနဲ့ Mouseတွေကိုလည်း တပ်ဆင် အသုံးပြုနိုင်မှာပါ။ LGက သင့်စိတ်ကြိုက် Appတွေကို ထည့်သွင်းနိုင်ဖို့အတွက် 2.1 GB နေရာလွတ် တစ်ခုကိုပါ ထည့်သွင်း ပေးထားပါသေးတယ်။

## Performance and Price

သင့်အနေနဲ့ TVကနေ ၅ ပေ ဒါမှမဟုတ် ၆ ပေ အကွာကနေ ကြည့်ရှုမယ်ဆိုရင် အကောင်းဆုံး ရုပ်ထွက်ကို ကြည့်ရှုနိုင်မှာ ဖြစ်ပြီး Online Channelတွေ ကြည့်ရှုနေချိန်တွေမှာ ဖြစ်ပေါ်တတ်တဲ့ အရောင် ဖြာထွက်နှုန်း မတူညီချင်းတွေကို အလိုအလျောက် ချိန်ညှိပေးသွားမှာ ဖြစ်ပါတယ်။ အသံပိုင်းမှာတော့ ထူးခြား ဆန်းသစ်ထားမှု မတွေ့ရဘဲ 10 Wattသုံး Speaker နှစ်လုံးနဲ့ 5 Wattသုံး Speaker တစ်လုံး ထည့်သွင်းထားတာ တွေ့ရပါတယ်။ Response Timeက 240 MHz ဖြစ်ပြီး၊ Contrast Ratioက ၉,၀၀၀,၀၀၀း၁ ဖြစ်ပါတယ်။ အိန္ဒိယဈေးကွက်မှာ ဖြန့်ချိတဲ့ ဈေးနှုန်းက ရူပီး ၇၀၀,၀၀၀ ဖြစ်တာကြောင့် 3D တစ်လုံးရဲ့ ဈေးနှုန်းအတိုင်းဆိုရင် မများဘူးလို့ ဆိုနိုင်ပါတယ်။

Ref: www.tech2.in.com

# Monitor ViewSonic VA2406M




ViewSonic VA2406Mဟာ ကမ္ဘာ့ Monitor ဈေးကွက်ရဲ့ နံပါတ် ၉ နေရာမှာ ရပ်တည်နေတဲ့ Monitor ဖြစ်ပြီး ပေါ့ပါးပြီး နံရံတွေပေါ်မှာ အလွယ်တကူ တပ်ဆင် အသုံးပြုနိုင်တာကြောင့် လူကြိုက်များလျက် ရှိနေပါတယ်။ ရုပ်ထွက်ပိုင်းက သင့်တင့်ရုံသာ ပေးစွမ်းနိုင်မှုက တစ်ခုတည်းသော အားနည်းချက်လို့ ဆိုရမှာပါ။ စွမ်းအင် ချွေတာနိုင်မှု ကောင်းမွန်ပြီး ဝေဖန်သူများရဲ့ ကောင်းမွန်တဲ့ မှတ်ချက်တွေကို ရရှိထားပါတယ်။ TN Panelသုံး LED မော်နီတာဖြစ်ပြီး ပါးလွှာပါတယ်။ ပြစ်ချက်တစ်ခုက Viewing Angle ကျဉ်းမြောင်းတာပဲ ဖြစ်ပါတယ်။ တစောင်း အနေအထားကနေ ၁၇၀ ဒီဂရီထိသာ အကောင်းဆုံး ပုံရိပ်တွေကို မြင်တွေ့ရမှာပါ။ Typical Contrast Ratio 1,000:1 ဖြစ်ပြီး Dynamic Contrasts Ratio 10,000,000:1 ရှိမှာ ဖြစ်ပါတယ်။ Resolutionက ၁၉၂၀×၁၀၈၀ Pixelရှိမှာပါ။ အလေးချိန်က ၁၁.၉ ပေါင်ရှိမှာ ဖြစ်ပြီး၊ ကိုယ်ထည်ပိုင်းက ၁၆.၅× ၂၁.၉× ၈.၆ လက်မရှိမှာ ဖြစ်ပါတယ်။ Connection အပိုင်းမှာတော့ VGA Portနဲ့ DVI Port နှစ်မျိုးပဲ ပါဝင်ပါလိမ့်မယ်။ ဈေးကွက်ဝင် ပစ္စည်းချင်း နှိုင်းယှဉ် ချက်များအရ Response Timeမှာ သာမန်၊ Power Consumptionက ၃၅ Watt ဖြစ်တာကြောင့် ကောင်းမွန်ပြီး၊ အလေးချိန်မှာ ၁၃ ပေါင်သာဖြစ်တာမို့ အပေါ့ပါးဆုံးဖြစ်ကာ USB Port မပါဝင်တာကြောင့် အားနည်းချက် ဖြစ်နေပါတယ်။ အာမခံသက်တမ်း သုံးနှစ်ပေးထားပြီး ဈေးနှုန်းကတော့ ၁၄၉.၉ ဒေါ်လာပဲ ဖြစ်တာမို့ တန်ဖိုးနည်း Monitor တစ်လုံးအဖြစ်နဲ့ ဈေးကွက်မှာ ဆွဲဆောင်နိုင်နေပါတယ်။

Ref: www.toptenreviews.com

လင်းထက်

# Monitor ViewSonic TD2340



10-Point Projected Capacitive Touch Technology ထည့်သွင်းထားတဲ့ Multi-Touch IPS Monitor အမျိုးအစားသစ် ဖြစ်ပါတယ်။ iPhoneမှာ သုံးတဲ့ IPS display အမျိုးအစား ဖြစ်တာကြောင့် 178 ဒီဂရီ အတော်စောင်းစောင်း အကြည့်ခံသလို 1920×1080 Full HD Resolution ဖြစ်တာကြောင့် ရုပ်ထွက်လည်း အရမ်းညက်ပါတယ်။ 20,000,000: 1 MEGA Dynamic Contrast Ratio ဖြစ်တာကြောင့် အလင်းအမှောင် ပြတ်သားမှု အားကောင်းပြီး ရုပ်ထွက် ပိုမိုကြည်လင် ပြတ်သားလာပါတယ်။ Dynamic Contrast Ratio ဆိုတာ ပုံဖော်ပေးရမယ့် Image Frameတွေရဲ့ အလင်းအမှောင် နေရာတွေကို ကြိုတင် ခွဲခြားစိစစ်ပြီး တကယ်တမ်း ပုံဖော်ချိန်မှာ နောက်ခံ LED Backlightကို လိုရာ နေရာအလိုက် ဖွင့်ပိတ်ပေးတဲ့ နည်းပညာပါ။ နောက်ပိုင်း နည်းပညာတွေ ပိုကောင်း လာတာကြောင့် MEGA Dynamic Contrast Ratio အဆင့်ကို ရောက်လာရတာပါ။ ဒါ့အပြင် Advanced Ergonomic Dual Hinge Standနဲ့ တွဲဖက်ထားတာကြောင့် အလျားလိုက်၊ ဒေါင်လိုက် ၅° - ၉၀° အကြား ကြိုက်သလို အနေအထားအမျိုးမျိုး ပြောင်းလဲကြည့်လို့ရတယ်။ မျက်စိနဲ့ အဆင်ပြေတဲ့ ကြိုက်ရာ အနေအထားပေါ့။ SRS Premium Sound အသံထွက် စပီကာ တပ်ပေးထားပြီး Display Port၊ HDMI ၊ VGA Inputsတွေ ပါရှိတယ်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 15
MYANMAR ICT JOURNAL

Animation




| | |
|---|---|
| Title Name | - Haganai: I Don't Have Many Friends Season 2 |
| Genre | - Comedy, Ecchi |
| No. of Episodes | - 12 |
| Studio | - AIC Build |
| Score | - 4 out of 5 |

နေအောင်လတ်

Haganai: I Don't Have Many Friends Season 2 (Boku wa Tomodachi ga Sukunai NEXT) ဟာ 2011တုန်းက ထွက်ရှိခဲ့တဲ့ ဇာတ်လမ်းတွဲရဲ့ အဆက်ဖြစ်ပြီး Haiyore Nyaruko San!နှင့် Oreno Imouto တို့လိုမျိုးပဲ 2013 အတွင်း ပရိသတ် အစောင့်စားရဆုံး Animation ဇာတ်လမ်းအဆက် စာရင်းထဲမှာ ပါဝင်တဲ့ High School Comedyနှင့် Romance ဇာတ်လမ်းတစ်ခု ဖြစ်ပါတယ်။ စာရေးဆရာမ Yomi Hirasakaရဲ့ Light Novel ဇာတ်လမ်းတွေကို မှီငြမ်းပြီးတော့ Anime Series, Mangaနှင့် Video Gameတွေ ထုတ်လုပ်ထားတာ ဖြစ်ပြီး Haganai: I Don't Have Many Friendsရဲ့ Season 2ကတော့ မူလ Light Novel ဇာတ်လမ်း အပြင် သီးသန့် ထပ်ဖြည့်ထားတဲ့ Storyline အသစ်တွေပါ ပါဝင်လာပါတယ်။ Comedyနှင့် Romance အမျိုးအစားဖြစ်လို့ မူလ Season 1 မကြည့်ဖူးသူတွေ အနေနှင့်လည်း ဇာတ်လမ်းကျောရိုး အနည်းငယ် သိရုံနှင့် အလွယ်တကူ ကြည့်နိုင်မှာ ဖြစ်ပါတယ်။

Boku wa Tomodachi ga Sukunai Seriesရဲ့ ဇာတ်လမ်းကတော့ သူငယ်ချင်း မရှိတဲ့သူတွေနှင့် ပူးပေါင်း ဖွဲ့စည်းထားတဲ့ Neighbor's Club အမည်ရ ကျောင်းအဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တွေ ဖြစ်တဲ့ ဆိုးသွမ်းကျောင်းသားအဖြစ် အထင်မှားခံရသူ Kodaka၊ လူအများကြားမှာ မနေလိုသလို သူငယ်ချင်းလည်း မရှိတဲ့ အဖွဲ့ တည်ထောင်သူ Yozora Mikazukiနှင့် သဘောကျသူ မနာလိုသူတွေ အများကြီး ရှိပေမယ့် သူငယ်ချင်း အစစ်အမှန် တစ်ယောက်မှ မရှိတဲ့ Sena Kashiwazakiတို့ အပါအဝင် အခြားအဖွဲ့ဝင် ၄ ယောက်တို့ရဲ့ နေ့စဉ် လှုပ်ရှားမှုတွေကို ဟာသဆန်ဆန် တင်ဆက်ထားတာပါ။ Haganaiနှင့် အခြား Comedy ဇာတ်လမ်းတွေရဲ့ အဓိက ကွာခြားချက်ကတော့ ပုံမှန်ဟာသဇာတ်လမ်းတွေ ပါဝင်ခြင်းအပြင် ဇာတ်လမ်းတစ်လျှောက်မှာ ဇာတ်ကောင် အချင်းချင်း ဆက်ဆံမှု Character Relation/ Development အပိုင်းတွေကို အမြဲမပျက် ထည့်သွင်း ပေးနိုင်ခြင်းပဲ ဖြစ်ပြီး Season 1 အပြီးမှာတော့ Kodakaနှင့် Yozoraတို့ဟာ ငယ်စဉ်တုန်းက ကွဲသွားတဲ့ သူငယ်ချင်းဟောင်းတွေမှန်း သိရှိလိုက်ရပုံဖြင့် Season 2 ဇာတ်လမ်းကို ဆက်ထားတာ တွေ့ရပါတယ်။ အခြား Neighbor's Club Member ဝင်တွေဖြစ်တဲ့ Yukimura, Rika, Mariaနှင့် Kodaka၏ ညီမ Kobatoတို့အပြင် Kateနှင့် Aoi အစရှိတဲ့ ဇာတ်ကောင်အသစ်တွေကိုလည်း မိတ်ဆက်ပေးထားပြီး Genius Scientist တစ်ယောက်ဖြစ်တဲ့ Rikaကို အဓိက မင်းသမီး နှစ်လက်ထက်တောင် အသားပေးထားတဲ့ အခန်းတွေ ပါဝင်လို့ Rikaရဲ့ ပရိသတ်တွေကတော့ ပိုသဘောကျမှာပါ။

High School Comedy Seriesတွေမှာ ပုံစံမတိမ်းမယိမ်း ဇာတ်လမ်းတွဲတွေ အမြဲတမ်း ထွက်နေတဲ့ အတွက် ခုနောက်ပိုင်းမှာ ပရိသတ်ကို စွဲဆောင်ဖို့ ကြိုးစားတဲ့ အခါတိုင်း ဇာတ်လမ်းပိုင်းအပြင် ဇာတ်ကောင် ဒီဇိုင်းပိုင်းကိုလည်း အရမ်း အသားပေးလေ့ ရှိလာသလို Haganai Seriesမှာဆိုရင်လည်း အဓိက ဇာတ်ကောင်တွေအပြင် ဇာတ်ပို့တွေ အားလုံးနီးပါးရဲ့ ပုံစံတွေကို ပရိသတ် သဘောကျအောင် တစ်ယောက်နှင့် တစ်ယောက် ကွဲပြားခြားနားနေအောင် တင်ဆက်ထားနိုင်တာ တွေ့ရပါတယ်။ Animation ပိုင်းမှာလည်း ကျောင်းတွင်းပိုင်းအပြင် Amusement Parkနှင့် မြို့တွင်းပိုင်း သွားလာတဲ့ အခန်းလိုမျိုးတွေမှာ နောက်ခံ ရှုခင်းတွေကို ကောင်းမွန်စွာ ဆွဲထားနိုင်တာ တွေ့ရပြီး ဇာတ်ကောင်တွေရဲ့ ဆံပင်လှုပ်ရှားမှုနှင့် အသားအရောင်ပိုင်းတွေက အစ အသေးစိတ် ဆွဲထားတာတွေ့ရလို့ Boku wa Tomodachi ga Sukunai NEXTဟာ ဇာတ်လမ်းကောင်း နှစ်သက်သူတွေ အပြင် Animation Quality ကောင်းတဲ့ ဇာတ်လမ်း ရွေးကြည့်သူတွေ အားလုံးနှင့်ပါ သင့်တော်တဲ့ Series တစ်ခု ဖြစ်ပါတယ်။

Advertisement

Easy One Mobile

» လူကြီးမင်းတို့ဘဝမှာ တစ်ခါမှမကြုံဖူးတဲ့
ဈေးနှုန်းချိုသာမှုနှင့် အကောင်းဆုံးဝန်ဆောင်မှုတွေကို ကြုံချင်ရင်
Easy One Mobile ဆိုင်ကိုသာ လာခဲ့ပါ။

"စစ်မှန်သော ပစ္စည်းများကိုသာ ရောင်းချပေးပါသည်။"

Ez-1

အမှတ် (၁၆၃)၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Tel: 01-250941
www.facebook.com/easyonemobile / easyone.mobile@hotmail.com

PROFIT Computer Training Centre 30% Off

Practical A+ Special Course

- Desktop များသာမက Laptop များအကြောင်း အသေးစိတ် အချက်အလက်များအပြင် စနစ်တကျပြုပြင်တပ်ဆင်ခြင်း ၊
- Windows XP, 7, 8, Driver, Software, Game Installation,
- DOS command, Disk Management, Hard Disk Cloning, System Registry , Group Policy , Data Security , Data Backup & Recovery, System Backup & Recovery, Anti Virus System နှင့် အခြားသိသင့်သော system tools များ
- Networking ချိတ်ဆက်ခြင်းများအပြင် **CCTV Camera** များ တပ်ဆင် အသုံးပြုပုံများ ထည့်သွင်းသင်ကြားပေးပါသည်။
- **ACER** နှင့် **MSI** မှ Computer Technician များမှ Laptop များအကြောင်းကူညီပံ့ပိုး သင်ကြားပေးမည်ဖြစ်ပါသည်။

Graphic Design Course

ကြော်ငြာဒီဇိုင်း၊ ဗီနိုင်း၊ မွေးနေ့ကဒ်၊ Phamplet, Logo Design, Visiting Card , Wedding Card များဖန်တီးခြင်း၊ ဓါတ်ပုံအသစ် အတောင်းများပြုပြင်ခြင်း၊ ကုန်ပစ္စည်းထုတ်ပိုးမှုဘူးခွံဒီဇိုင်းများ၊ အမှတ်တံဆိပ်များရေးဆွဲခြင်း၊ စာအုပ်မျက်နှာဖုံးဒီဇိုင်း၊ CD Sticker Design, CD-DVD Cover Design, Voucher Design, Background Design များဖန်တီးခြင်း၊ လှပဆန်းပြားသော စာလုံးပုံရိပ်ဒီဇိုင်းများဖန်တီးခြင်း၊ Graphic Animation များ ဖန်တီးခြင်း၊ Layoutချခြင်း၊ စာအုပ်စာစောင်ဖွဲ့ခြင်း စသည်တို့ကို ဖန်တီးပြုလုပ်နိုင်ရန် Trutorials ပေါင်းများစွာဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးပါသည်။

*Adobe Photoshop CS5, Adobe Illustrator CS5, Adobe Indesign CS5*

*I-Office , DTP , Advanced Excel , Vedio Editing Course, Animation (2D+3D)Course*

*18(D-5),* ဦးထွန်းလင်းခြံလမ်း၊ သပြေညို (၁) လှည်းတန်း၊ ကမာရွတ်။ *Phone:09-73084751, 09-420160229*




Graphic Design
Adobe Photoshop CS6
Adobe Illustrator CS6
Adobe InDesign CS6
Color Theory

Web Design
Introduction to Internet & www
HTML5,CSS3, Javascript, Jquery,
Photoshop, Flash, Web Principle
Network Essentials TCP/IP

Audio Engineering
Audacity
GarageBand
Logic Pro(9)
Pro Tool

Video Editing
Apple Final Cut Pro X
Adobe Premiere Pro CS6
Adobe After Effects CS6
Adobe Encore CS6

သင်တန်းများအားလုံးကို MacBook Pro 15.4" များဖြင့် သင်ကြားပေးသွားမည် ဖြစ်ပါသည်။ သင်တန်းတစ်တန်းလျှင်(၅)ဦးသာလက်ခံသင်ကြားပေးသွားပါမည်။

Add : No.18(2/B), First Floor, Tha Pyay Nyo Building (1), U Tun Linn Chan St, Hledan, Kamayut Tsp,Ygn.
Contact : 09 73 187 210, 09 421 09 5181.

# NEW PC GAMES FOR THIS WEEK

## Harvest Moon - Magical Melody




Genre - Simulation

လယ်စိုက်ရတဲ့ Harvest Moon စိုက်ပျိုးရေး ဂိမ်းများထဲမှ Magical Melodyရဲ့ Wii Versionကို PCမှာ ကစားလို့ ရအောင် ပြုလုပ်ထားတဲ့ ဂိမ်းအသစ် ဖြစ်ပါတယ်။ Main Mission အနေနှင့်က Harvest Goddessကို ပြန်လည် နိုးထလာအောင် ကြိုးစားရမှာ ဖြစ်ပြီး ပိုမိုကောင်းမွန်တဲ့ Graphicsနှင့် Gameplay Features အသစ်တွေ ပါဝင်လာပါတယ်။

## Age of Empires II HD Edition




Genre - RTS

လူကြိုက်အများဆုံး Real Time Strategy ဂိမ်းဖြစ်သလို Classics ဂိမ်းတစ်ခုလည်း ဖြစ်တဲ့ Age of Empires ဂိမ်းကို PCမှာ High Definition Graphics အဆင့်မြင့်တင်ပြီး Resolution အမြင့်နှင့်အတူ Windows OS အသစ်များဖြင့် ကစားနိုင်အောင် ပြင်ဆင်ထားတဲ့ AoE II HD Edition ဖြစ်ပါတယ်။

## Sang Froid - Tale of Werewolves




Genre - Action/Strategy

ကစားသူဟာ ရန်သူ Werewolfတွေကို နှိမ်နင်းရမှာဖြစ်ပြီး Orcs Must Died ဂိမ်းများလိုမျိုးပဲ ကိုယ်တိုင် ခံတပ်များ တည်ဆောက်နိုင်သလို ရန်သူများကိုလည်း ကိုယ်တိုင် ဝင်ရောက် တိုက်ခိုက်နိုင်မည့် Actionနှင့် Strategy ဂိမ်းအမျိုးအစားတို့ ပေါင်းစပ် ထားတဲ့ ဂိမ်းသစ် ဖြစ်ပါတယ်။

## StarCraft II - Heart of the Swarm




Genre - RTS

StarCraft II - Heart of the Swarmဟာ StarCraft 2 ဂိမ်းရဲ့ နောက်ဆုံးထွက် Expansion သစ်ဖြစ်ပြီး Campaignကတော့ Zerg စစ်တပ်ကို ဦးဆောင် ကိုင်တွယ်ရမှာ ဖြစ်သလို A.Iများဖြင့် တိုက်ပွဲဝင်နိုင်မည့် Skirmish Modeကိုလည်း Offline Mode ကစားနိုင်မှာပါ။ SC II - Wings of Libertyက Campaignလည်း ပါဝင်ပြီး မူလ StarCraft II ဂိမ်းမရှိလည်း ကစားနိုင်ပါတယ်။။

နေအောင်လတ် တင်ဆက်သည်။

Game Hive Video Game Sales & Service - 09 7311 8550, 09 541 7272 တွင် ဝယ်ယူနိုင်ပါပြီ။

## Movie









# WE STEAL SECRETS
## THE STORY OF WIKILEAKS

မင်းခန့်

တစ်လောကမှ အမှုအခင်းတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ Wikileak တည်ထောင်သူ Julian Assangeရဲ့ သတင်းကို အားလုံးကြားကြမှာပါ။ သမိုင်း တွင်လောက်အောင် ဖန်တီးမှုတွေ လုပ်နိုင်ခဲ့ပေမယ့် အကြောင်းပါလာတော့ နာမည်ဆိုး တွင်ခဲ့ရသူလေ။ အခုတော့ Julianက သူ့ဘဝအကြောင်းကို ဖြစ်ရပ်မှန် ဇာတ်လမ်း ရိုက်ကူးပြီး အဖြစ်မှန်ကို အားလုံးသိအောင် ချပြတော့မှာ ဖြစ်ပါတယ်။ နည်းပညာခေတ်ထဲမှာ နေထိုင်တဲ့ ကျွန်တော်တို့တွေဟာ လိုချင်၊ သိချင်တဲ့ အကြောင်းအရာတွေကို အင်တာနက် စာမျက်နှာတွေမှာ တက်ပြီးတော့ လွယ်လွယ်ကူကူ ရှာဖွေ တွေ့ရှိနိုင်ပါတယ်။ ဒါကလည်း Julian Assangeရဲ့ Websiteတွေ ဖန်တီးမှုကြောင့်လို့ အလွယ်ပြောနိုင်ပါတယ်။ သူ့ရဲ့ ဖန်တီးမှုနဲ့ Dataတွေ စုစည်းထားမှုတွေက ဘယ်လောက်တောင် အောင်မြင်သလဲဆိုရင် အမေရိကန် သမိုင်းမှာ အကြီးဆုံး လုံခြုံရေးဆိုင်ရာ ပုဂ္ဂလိက Webကြီးတစ်ခု အဖြစ်နဲ့တောင် သမိုင်းဝင်သွားခဲ့ပါတယ်။ ဒီရုပ်ရှင်ကားဟာ Julianရဲ့ ဘဝ အတက် အကျကို ဖြစ်ရပ်မှန်အပေါ် အခြေခံပြီး အကောင်းဆုံး ရိုက်ကူး ပြသထားတာ တွေ့ရမှာပါ။ သမိုင်း တွင်လောက်အောင် အောင်မြင်နေတဲ့ Julianရဲ့ ဘဝဟာ Bradely Manningဆိုတဲ့ လူငယ်စစ်သား တစ်ယောက်ကြောင့် ချက်ချင်းကို အမည်းစက် ထင်သွားမယ်၊ ကျရှုံးသွားလိမ့်မယ်လို့ ဘယ်သူတွေ ထင်ထားမှာလဲဗျာ။ Julian ကျရှုံးသွားရတဲ့ အကြောင်းကတော့ Bradelyနဲ့ Julianဟာ Webကနေတဆင့် အမေရိကန်ရဲ့ စစ်ဘက်ဆိုင်ရာ ရာပေါင်း ထောင်ပေါင်းများစွာသော အချက်အလက်တွေ ခိုးယူ ဖော်ထုတ်ခဲ့မိလို့ပါ။ Wikileak တည်ထောင်သူ Julian Assangeရဲ့ ဘဝအကြောင်းကို ဖြစ်ရပ်မှန် ဇာတ်လမ်းအဖြစ် ဇာတ်အိမ်တည် ရိုက်ကူးထားတာဖြစ်လို့ Wikileak ကိစ္စနဲ့ ပတ်သက်ပြီး စိတ်ဝင်စားကြတဲ့ နည်းပညာ လောကသားတွေအားလုံး စိတ်ဝင်စားမယ့် ဇာတ်ကားကောင်း တစ်ကား ဖြစ်ပါတယ်။ ဒီဇာတ်ကားကို ဒါရိုက်တာ Alex Gibneyက ရိုက်ကူးပေးထားပြီး Julian Assange ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားတာ တွေ့ရမှာဖြစ်ပြီး Adrian Lamoပါ အဓိက သရုပ်ဆောင်ထားပါတယ်။ Focus Features ကုမ္ပဏီရဲ့ ထုတ်လုပ်မှုဖြစ်ပြီး ကြာမြင့်ချိန်ကတော့ မိနစ် ၁၃၀ ရှိမှာဖြစ်ကာ လာမယ့် မေလ ၂၄ရက်မှာ စတင် ဖြန့်ချိတော့မယ်လို့ သိရပါတယ်။

Ref: www.movieinsider.com



အိုင်စီတီ ဂျာနယ်
Volume 2, Issue 15
MYANMAR ICT JOURNAL

## Game Preview




ရထား


Red Alert ထွက်ထွက်ချင်းမှာပဲ စစ်ပွဲဂိမ်းတွေအဖြစ် ခံမင်စွာ ဆော့ကစားခဲ့ကြပါတယ်။ ကစားတဲ့သူတွေ လက်ခံကြလို့ နောက်ဆက်တွဲတွေ ထွက်လာခဲ့ပါတယ်။ ဒီလိုပါပဲ Generalလည်း လူငယ်တွေ တော်တော် ကြိုက်ကြတဲ့ ဂိမ်းတစ်ခုပါ။ အောင်မြင်လွန်းလို့ နောက်စီးရီးတွေပါ ထပ်ထွက်လာပါတယ်။ နောက်ပိုင်းမှာ ဒီလိုဂိမ်းတွေနဲ့ ပုံစံ ဆင်တူယိုးမှားလေးတွေ များစွာ ထွက်လာပါတယ်။ တစ်ချို့ ဂိမ်းတွေဆို ဇာတ်လမ်း ရိုက်ထားတဲ့ ရုပ်ရှင်ကို ဂိမ်းအဖြစ် ဖန်တီးကြပါတယ်။ ဂိမ်းတွေကိုလည်း တဖြည်းဖြည်း ပိုကောင်းသထက် ကောင်းအောင် လုပ်လာကြပါတယ်။ ဒီလိုနဲ့ အခုဆို Company Of Heroes ဂိမ်းလည်း ရုပ်ရှင်ကနေ ဂိမ်းအဖြစ် ပြောင်းလဲလာပြီး ဒုတိယမျိုးဆက် ၂ အဖြစ် ထွက်ရှိလာပါတော့မယ်။ ရုပ်ရှင် ထွက်လာတုန်းကလည်း ဇာတ်လမ်းကောင်း တစ်ခု ဖြစ်ခဲ့ပါတယ်။ အခုလည်း ဂိမ်းအနေနဲ့ ထွက်ရှိလာခဲ့တာ ဒုတိယအကြိမ် ဖြစ်တဲ့အတွက် ပြောင်းလဲမှု တစ်ချို့ပါလာပြီ။ ဂိမ်းရဲ့ Graphic Engineကို ပြောင်းလဲပေးထားပြီး ဂိမ်းရဲ့ အသွင်အပြင်တွေကိုလည်း ဆန်းသစ်ထားပါတယ်။

Strategy ဂိမ်းတွေက ကစားသူရဲ့ ကစားနိုင်အားနဲ့ ဉာဏ်ရည်ပေါ်မှာ မူတည်ပါတယ်။ စစ်ဗျူဟာတွေ သုံးပြီး ကစားရတာ ဖြစ်တဲ့အတွက် တိုက်ပွဲတစ်ခုကို စီမံနေရတဲ့သူဟာ ကစားနေတဲ့လူ ကိုယ်တိုင်ပါပဲ။ Relic Entertainmentက Developer အဖြစ် တာဝန်ယူပြီး THQက ထုတ်လုပ်ရေးအဖြစ် ဖြန့်ချိတော့မယ့် Company Of Heroes 2ကို June 25, 2013 ရက်နေ့မှာ ထွက်မှာ ဖြစ်ပါတယ်။ ဂိမ်းရဲ့ ဇာတ်အိမ်ကတော့ Russia နိုင်ငံမှာ တည်ထားပါတယ်။ Russia နိုင်ငံမှာ ဖြစ်တဲ့ စစ်ပွဲတစ်ခုအဖြစ် ကစားရမှာပါ။ ရုပ်ရှင်ထဲကလို တိုက်ပွဲမျိုး မဟုတ်ဘဲ ကိုယ်က စိတ်ကြိုက် စစ်တပ် တစ်ခု ဖန်တီးပြီး တိုက်ခိုက်ရမှာ ဖြစ်ပါတယ်။ စစ်တပ် တစ်ခုလုံးကို ကိုယ်တိုင် စီစဉ် ဆောင်ရွက်ပြီး ကိုယ့်တပ်ကို လာတိုက်မယ့် ရန်သူတွေရော၊ သွားတိုက်ရမယ့် ရန်သူတွေကိုပါ ချေမှုန်းရမှာ ဖြစ်ပါတယ်။ Game Playကတော့ Generalလို အင်အားကြီးတဲ့ စစ်တပ်တစ်ခု ဖန်တီး ဆော့ကစားရမှာ ဖြစ်ပါတယ်။ ကိုယ် ဖန်တီးထားတဲ့ စစ်တပ်ကို အကောင်းဆုံး ဖြစ်အောင် တည်ဆောက်ပြီး ရန်သူတွေကို အပြီးသတ် တိုက်ခိုက်ရမှာပါ။ ဂိမ်းရဲ့ မျက်နှာပြင်ကို Horizontalရော၊ Verticalပါ Zoomဆွဲပြီး အနီးကပ်ဆုံး ပုံရိပ်အဖြစ် ကြည့်လို့ရပါတယ်။

Pc ပေါ်မှာပဲ ကစားလို့ ရဦးမှာပါ။ Strategy ဂိမ်းဖြစ်နေတဲ့ အတွက် PCပေါ်မှာ ဆော့ရတာ ပိုအဆင်ပြေမှာ ဖြစ်ပါတယ်။ Company Of Heroes 2 ထဲမှာ နောက်ထပ် ထူးခြားမှု တစ်ခုအနေနဲ့ တွေ့နိုင်တာကတော့ ရာသီဥတု အခြေအနေတွေပဲ ဖြစ်ပါတယ်။ Graphicတွေ ဘယ်လောက် ကောင်းသလဲဆိုတာ ဆော့ရင်း တွေ့လာမှာပါ။ တကယ့် စစ်ပွဲတစ်ခုလို ရုပ်ရှင်ဆန်ဆန် မြင်တွေ့ရမယ့် ဂိမ်းတစ်ခု Strategy ဂိမ်းသရဲတွေ အတွက် Preview လုပ်ပေးထားခြင်း ဖြစ်ပါသည်ပေါ့ဗျာ။

## Game Preview



မင်းခန့်

The Fast and Furious ဆိုတာ ကမ္ဘာကျော် ကားအက်ရှင် ဇာတ်ကားကောင်း တစ်ကား ဖြစ်ပြီးတော့ လူငယ်တိုင်း အကြိုက်တွေ့နေကြပါတယ်။ ဒါကြောင့်လည်း မကြာသေးခင်ကမှ The Fast and Furious 5ကို ရုံတင် ပြသခဲ့ပြီး The Fast and Furious6ကိုတောင် ရိုက်ကူးနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အဲဒီလို အောင်မြင်တဲ့ ဇာတ်ကားကို Gameအဖြစ် ပြောင်းလဲပြီး စွန်းစားခန်း ဆန်တဲ့ Gameတွေကို ကြိုက်နှစ်သက်ကြတဲ့ လူငယ်တွေ အတွက် လာမည့် မေလ ၂၁ ရက်နေ့မှာ The Fast and Furious : Showdownကို ဈေးကွက်မှာ ဖြန့်ချိတော့မှာ ဖြစ်ပါတယ်။ Gameမှာ ကိုယ် ကြိုက်နှစ်သက်တဲ့ ကားအမျိုးအစားနဲ့ ဒီဇိုင်းတွေကို စိတ်ကြိုက် ရွေးချယ်ပြီး မတူညီတဲ့ Missionပေါင်း ၃၀ ကျော်ကို ဝင်ရောက် ကစားနိုင်မှာ ဖြစ်ပါတယ်။ Mission တစ်မျိုးစီမှာ မတူညီပဲ အလွန်ခက်ခဲတဲ့ အတားအဆီးတွေ ပါဝင်နေတာကြောင့် Missionပေါင်း ၃၀ ကျော်အတွက် ဆုံးခန်းတိုင်အောင် ကစားဖို့ကို အချိန်တော့ တော်တော် ပေးရပါလိမ့်မယ်ဗျာ။ ဒါ့အပြင် Gameမှာ Challenge Modeနဲ့ Co-op Mode နှစ်မျိုးကို ရွေးချယ်ပြီး ကစားရမှာ ဖြစ်ပါတယ်။ ဇာတ်ကောင်တွေ ဖြစ်တဲ့ Van Diesel အဖြစ်နဲ့ရော Paul Walker အဖြစ်နဲ့ပါ ဝင်ရောက် ကစားနိုင်မှာ ဖြစ်သလို အခြား ဇာတ်ကောင်တွေ အဖြစ်နဲ့ပါ ကစားနိုင်ဦးမှာပါ။ The Fast and Furious : Showdownကို Xbox 360, PlayStation 3, Wii U, PCနဲ့ 3DSတွေမှာပါ ကစားနိုင်မှာ ဖြစ်ပါတယ်။

Ref: www.gameinformer.com




## Micra 2010



## Recommended Drive

မင်းခန့်

ရှေ့ဘီးယက်စနစ်နဲ့ Superminiကားတွေကို စိတ်ဝင်စားသူတွေ အတွက်ကတော့ Nissan Micraက အသင့်တော်ဆုံးဖြစ်မှာပါ။ ၁၉၈၂ ခုနှစ်ကတည်းက Micra မော်ဒယ်တွေ စတင်ထုတ်ခဲ့တာဖြစ်ပြီး တစ်နှစ်ထက် တစ်နှစ် နည်းပညာတွေ ဖန်တီး ဆန်းသစ်ပြီး အကောင်းဆုံးဖြစ်အောင် တီထွင်ထားတော့ ၂၀၁၀ ခုနှစ်ကနေစပြီး ထုတ်ခဲ့တဲ့ Micra Seriesဟာ အကောင်းဆုံးဖြစ်လို့ 2010 မော်ဒယ် အကြောင်းကိုပဲ ရေးပေးလိုက်ပါတယ်။ အင်ဂျင်က 1.2 Litre သုံးဖြစ်ပြီး မြင်းကောင်ရေ ၈၀အား ထုတ်ပေးနိုင်မှာ ဖြစ်သလို ဆလင်ဒါ သုံးလုံးထိုးဖြစ်လို့ ဆီစားနှုန်းက အနည်းဆုံးပါပဲ။ Mini ကားအမျိုးအစား ဆိုပေမယ့် ဓါတ်ငွေ့ ထုတ်လွှတ်မှု လျော့နည်းခြင်း၊ တန်ကြေးနည်းခြင်း၊ နည်းပညာ ကောင်းမွန်ခြင်းတွေက ဈေးကွက်မှာ အောင်မြင်မှုတွေ ရနေပါတယ်။ Miniကား ဖြစ်တဲ့အတွက် အရွယ်အစား သေးငယ်တာကြောင့် ကားနောက်ခန်း အနည်းငယ် ကျဉ်းတာရယ်၊ နောက်ခန်းအတွက် နေရာနည်းနေတာတွေက အားနည်းချက်လို့ ပြောနိုင်ပါတယ်။ ဆီစားနှုန်းက မြို့တွင်း တစ်နာရီကို ၅၂.၃ မိုင်နှုန်း မောင်းနှင်နိုင်မှာ ဖြစ်ပြီး အဝေးပြေး လမ်းမတွေပေါ်မှာဆိုရင် တစ်ဂါလံကို ၆၈.၉ မိုင်တောင်မှ စီးနင်းနိုင်မှာဖြစ်လို့ ရေရှည်အတွက် တကယ်ကို ကောင်းမွန်တဲ့ ကားဖြစ်ပါတယ်။ Bodyပိုင်းက အလျား ၃.၇၈ မီတာ၊ အကျယ်က ၁.၆၆ မီတာနဲ့ အမြင့်က ၁.၅၁ မီတာရှိမှာ ဖြစ်ပြီး အလေးချိန်က ၉၅၀ ကီလိုဂရမ် ပတ်လည်သာ ရှိမှာပါ။ အားနည်းချက် နောက်တစ်ခုက Air Con အပိုင်းဖြစ်ပြီး အပျက်အစီး မြန်ဆန်သလို သုံးစွဲမှုမှာလည်း Auto On/Off စနစ် မပါဝင်လို့ ကိုယ်တိုင်ပဲ ဂရုပြု လုပ်ဆောင်ရပါလိမ့်မယ်။ ကလပ် အပိုင်းမှာတော့ မိုင်ပေါင်း ၁၀၀၀၀ကျော်အထိ စမ်းသပ် မောင်းနှင်ပြီးဖြစ်ပြီး အကောင်းဆုံး စွမ်းဆောင်ပေးနိုင်မယ်လို့ ဆိုပါတယ်။ အမြန်ဆုံး မောင်းနှင်နိုင်မယ့် နှုန်းကတော့ ၁၃.၇ စက္ကန့်အတွင်းမှာ တစ်နာရီ ၆၂ မိုင်နှုန်းအထိ မောင်းနှင်နိုင်မယ် ဆိုပါတယ်။ အာမခံအနေနဲ့ ၃ နှစ်ပေးထားပြီး သက်တမ်းကိုတော့ မိုင်ပေါင်း ၆၀၀၀၀ အထိတောင် ပေးထားတာ တွေ့ရပါတယ်။ Serviceအနေနဲ့က မိုင်ပေါင်း ၁၂၅၀၀ထိ ရရှိမှာပါ။ ဈေးနှုန်း အနေနဲ့ကလည်း ဒေါ်လာ 11,250 ဝန်းကျင်ဖြစ်လို့ လက်ခံနိုင်စရာ ဖြစ်ပြီး ယာဉ်ကြော ရှုပ်ထွေးတဲ့ နေရာတွေနဲ့ဆိုရင် အသင့်တော်ဆုံး ဖြစ်ပါလိမ့်မယ်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 15
MYANMAR ICT JOURNAL

# Facebook, Twitter အသုံးများသည့် အိမ်ထောင်ရှင်များ သတိထား

TZO



Image Credit: tweakyourbiz.com

အိမ်ထောင်သားမွေးမှုဆိုင်ရာ လေ့လာသူ ဗြိတိသျှသုတေသီတစ်ဦး၏ အဆိုအရ Facebook, Twilter အစရှိသည့် လူမှုရေးကွန်ရက် စာမျက်နှာများတွင် မိတ်ဆွေသူငယ်ချင်းပေါင်းများစွာနှင့် အလွန်အကျွံ ပြောဆိုဆက်သွယ်မှု ပြုလုပ်ကြသူ အိမ်ထောင်ရှင်များအနေဖြင့် အိမ်ထောင်ရေး ထိခိုက်နိုင်ကြောင်း လေ့လာ တွေ့ရှိရပြီး ၎င်းလေ့လာ တွေ့ရှိချက် အသစ်တွင် တရားဝင် ဇနီးမောင်နှံ စုံတွဲပေါင်း ၂၄,၀၀၀ကျော် ပါဝင်ပြီး ဆက်သွယ်ရေး သတင်းမီဒီယာ ၁၀ခု အသုံးပြုကာ လေ့လာခဲ့ခြင်း ဖြစ်ကြောင်း အော့စ်ဖို့ဒ်တက္ကသိုလ် အင်တာနက် အင်စတီကျု့မှ ဘာနီဟိုဂန်က ပြောကြားခဲ့ပါသည်။ ယင်းသို့ လေ့လာရာတွင် လူမှုကွန်ရက် သတင်းစာမျက်နှာများကို အလွန်အကျွံ အသုံးပြုသူများသည် အိမ်ထောင်ရေး သာယာမှု မရှိတော့ကြောင်း၊ အချို့မှာ အိမ်ထောင်ရေး သာယာမှု လျော့နည်းသွားသည်ကို တွေ့ရကြောင်း၊ ဟိုဂန်က ဆက်လက် ပြောကြားပါသည်။ ဟိုဂန်သည် အိမ်ထောင်ရေး သံယောဇဉ် ခိုင်မာသည့် ဇနီးမောင်နှံများအကြား အမျိုးမျိုးသော ဆက်သွယ်ရေး၊ သတင်းမီဒီယာများ ချိတ်ဆက်အသုံးပြုသည့် နည်းလမ်းကို စမ်းသပ် လေ့လာခဲ့ရာ ခိုင်မာ အားကောင်းသည့် အိမ်ထောင်ရေး သံယောဇဉ်၏ သင်္ကေတ အမှတ်အသားဖြစ်သော ချစ်ခြင်းမေတ္တာကို လူအနည်းစုတွင်သာ ရှာဖွေ တွေ့ရှိခဲ့ရပြီး အများစုမှာ အိမ်ထောင်ရေး ထိခိုက်နိုင်သည့် အကျိုးဆက်များသာ ဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုသည်။ အထက်ပါ သုတေသနပြု လေ့လာ တွေ့ရှိချက်ကို ဗြိတိသျှ စိတ်ဓာတ်ရေးရာ လူမှုအဖွဲ့အစည်း၏ နှစ်ပတ်လည် အစည်းအဝေးတွင် ဘာနီဟိုဂန်က ထုတ်ဖော် တင်ပြခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

# (G-8)က မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်မှုများကို ကူညီမည်ဟု ပြောကြား



Image Credit: www.pentagonpost.com

ကမ္ဘာ့စီးပွားရေး အင်အားကြီး နိုင်ငံများအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲရေးများကို ဆက်လက် ကူညီသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ G-8 နိုင်ငံခြားရေး ဝန်ကြီးများသည် လန်ဒန်မြို့တွင် ဧပြီလ ၁၀ရက်နေ့နှင့် ၁၁ရက်နေ့များ၌ တွေ့ဆုံခဲ့ကြရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေး လုံခြုံရေးနှင့် သာယာဝပြောရေးတို့ကို ခြိမ်းခြောက်နေသော နိုင်ငံတကာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအပြီး ကြေညာချက် ထုတ်ပြန်ရာ၌ မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ထည့်သွင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ အမျိုးသား ပြန်လည် ရင်ကြားစေ့ရေး ဆောင်ရွက်မှုတွင် တိုးတက်မှု အချို့ ရှိသည့်အတွက်လည်း ကြိုဆိုပါကြောင်း၊ ကချင်နှင့် ရခိုင်အရေး ကြိုးစား ဖြေရှင်းရာတွင် အစိုးရနှင့် သက်ဆိုင်သူများ အားလုံးက တိုးတက်မှုများ ရှိလာစေရေးကို တိုက်တွန်းအားပေးပါကြောင်း သိသာထင်ရှားသည့် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင် ပြောင်းလဲမှုတို့ကို စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုကို ကျေနပ်ကြောင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲရေးများကို ဆက်လက်ကူညီမှု ဖြစ်ကြောင်း ကျန်ရှိနေသေးသော အရေးကြီး ပြဿနာများကို ဖြေရှင်းရာတွင် သက်ဆိုင်ရာ တာဝန်ရှိသူများအား ကူညီသွားမည်ဖြစ်ကြောင်း၊ မြန်မာပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတကာ အလှူရှင်များနှင့် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာချက်တွင် ထည့်သွင်း ပြောကြားခဲ့ကြောင်း သိရသည်။ ကမ္ဘာ့စီးပွားရေး အင်အားကြီး နိုင်ငံများအဖွဲ့ (G-8) တွင် ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ရုရှား၊ ယူကေနှင့် အမေရိကန်တို့ ပါဝင်ကြပါသည်။

# ရင်းနှီးမြှုပ်နှံမှု ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်း အဖွဲ့ ရုံးသစ် ဖွင့်လှစ်

TZO

ရင်းနှီးမြှုပ်နှံမှု ဌာနဆိုင်ရာ ပူးပေါင်း လုပ်ငန်းအဖွဲ့ ရုံးသစ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဧပြီလ ၁၀ရက်နေ့ နံနက် ၉နာရီက ရန်ကင်းမြို့နယ်၊ သစ္စာလမ်းရှိ အဆိုပါ ရုံးအဆောက်အအုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ရင်းနှီးမြှုပ်နှံမှု ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်း ရုံးအဖွဲ့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ရုံးအတွင်းဌာနဆိုင်ရာ ရုံးခန်းများကို ကြည့်ရှု စစ်ဆေးကြပါသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်း လုပ်ငန်းအဖွဲ့ရုံးတွင် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား သက်ဆိုင်သည့် ဌာနဆိုင်ရာ ၁၄ခုမှ ဌာနအလိုက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ရှင်းလင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများကို စိစစ်/ ထုတ်ပေးခြင်း၊ အခွန်ဆိုင်ရာ ကိစ္စရပ်များ၊ စည်းကြပ်မှုဆိုင်ရာ ကိစ္စများ၊ အကောက်ခွန် ရှင်းလင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ဝင်ခွင့် ဗီဇာရရှိရေး၊ ပြည်တွင်း နေထိုင်ခွင့် ရရှိရေး ဆောင်ရွက်ပေးခြင်း၊ ဗီဇာ သက်တမ်း တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအား စိစစ် ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်၍ ဌာနအလိုက် ထုတ်ပေးရမည့် လိုင်စင်များ၊ ခွင့်ပြုမိန့်များ စိစစ် ထုတ်ပေးခြင်း၊ အလုပ်သမား မှတ်ပုံတင်ခွင့် ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြား ငွေကြေးဆိုင်ရာ ကိစ္စရပ်များ၊ လွယ်ကူ ချောမွေ့စေရန် ဆောင်ရွက်ပေးခြင်း၊ စက်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ကုမ္ပဏီ ဖွဲ့စည်း မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်း ကိစ္စရပ်များ ဆောင်ရွက်ပေးခြင်းတို့ကို တစ်နေရာတည်းတွင် One Stop Service ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

# ကမ္ဘာ့ယာဉ်ကြောပိတ်ဆို့မှု အများဆုံး မြို့တော်

TZO



Image Credit: www.huffingtonpost.com

ရုရှားနိုင်ငံ၏ မြို့တော် မော်စကိုသည် ကမ္ဘာပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှု အဆိုးရွားဆုံး မြို့တော် ဖြစ်ကြောင်း နယ်သာလန်နိုင်ငံ GPS ကုမ္ပဏီ တွန်မ်တွန်မ်၏ နှစ်စဉ်ထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။ နံနက်ပိုင်းနှင့် ညနေပိုင်းတို့မှာ ယာဉ်ကြော ပိတ်ဆို့မှု အများဆုံး ကာလဖြစ်ပြီး ညနေပိုင်းတွင် ယာဉ်ကြော ပိတ်ဆို့မှု ပိုမို ဖြစ်ပွားကြောင်း၊ မော်စကို မြို့တွင်း၌ မောင်းနှင် သွားလာနေသော မော်တော်ယာဉ် မောင်းနှင်သူများမှာ ၂၀၁၂ခုနှစ်အတွင်း ယာဉ်ကြော ပိတ်ဆို့မှုကြောင့် အနည်းဆုံး နာရီပေါင်း ၁၂၇နာရီမျှ စောင့်ဆိုင်းခဲ့ကြရကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

တူရကီနိုင်ငံရှိ အစ္စတန်ဘူမြို့တော်သည် ကမ္ဘာ့ယာဉ်ကြောပိတ်ဆို့မှု ဒုတိယအများဆုံး မြို့တော်ဖြစ်ပြီး ပိုလန်နိုင်ငံ၏ မြို့တော် ဝါဆောမှာ တတိယ အများဆုံး မြို့တော်ဖြစ်သည်ဟု သိရသည်။

# မြို့နယ်များ၏ ဖွံ့ဖြိုးရေးအတွက် လွှတ်တော်ဘတ်ဂျက်မှ ကျပ်သိန်းတစ်ထောင်ခန့်စီ ချထားပေးမည်

TZO

မြို့နယ်များတွင် ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် လွှတ်တော်ဘတ်ဂျက်မှ ကျပ်သိန်းတစ်ထောင်ခန့်စီ ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ပထမအကြိမ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးများတွင် ဘတ်ဂျက် ကိစ္စများ ဆွေးနွေးခဲ့ကြပြီး ဝန်ကြီးဌာန တစ်ခုမှ ပိုလာသည့် ဘတ်ဂျက်ငွေများကို မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးချရန် လွှတ်တော်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းက ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။

"ပြီးခဲ့တဲ့ လပိုင်းတွေက မြို့နယ်တွေကို သမ္မတရုံးက တိုက်ရိုက် ညွှန်ကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးတွေကို ဖွံ့ဖြိုးရေး လုပ်ဖို့ အဖွဲ့တွေ ဖွဲ့ခိုင်းတယ်။ အုပ်ချုပ်ရေးပိုင်းနဲ့ စည်ပင်တွေလည်းပါတယ်။ အစ်မတို့ NLDကိုလည်း အကြောင်းကြားတယ်။ တချို့နေရာတွေမှာတော့ အကြောင်းမကြားသေးဘူး။ ဘတ်ဂျက်အတွက် ကြည့်ရတာတော့ တစ်မြို့နယ်ကို အနီးစပ်ဆုံး ကျပ်သိန်းတစ်ထောင်စီ ချပေးမယ်လို့ ကြားတယ်"ဟု ဒေါ်ဖြူဖြူသင်းမှ ဆက်လက် ပြောကြားပါသည်။

သယ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွှန့်ကလည်း မြို့နယ် တစ်မြို့နယ်ကို သိန်းတစ်ထောင်စီ ချပေးမည်ဟု ကြားကြောင်း၊ မည်သို့ချပေးမည်၊ မည်သည့်အချိန် ချပေးမည်ဆိုသည်ကိုမူ မသိသေးကြောင်း သယ်န်းကျွန်းမြို့နယ်အတွက် ဆိုလျှင်တော့ ရေရရှိရေးကို အဓိက ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပြည်သူ့လွှတ်တော်ရုံး၏ နှစ်စဉ်ရ သုံးမှန်းခြေငွေစာရင်းတွင် မြို့နယ်အလိုက် သုံးစွဲရမည့် လျာထားသည့် ဖွံ့ဖြိုးရေး ရန်ပုံငွေကို ထည့်သွင်း သုံးစွဲရမည်ဖြစ်ပြီး မြို့နယ်ဖွံ့ဖြိုးရေး ရန်ပုံငွေထိန်းသိမ်း သုံးစွဲရေးနှင့် စပ်လျဉ်း၍ တာဝန် ပေးအပ်ခြင်း ခံရသော ကော်မတီသည် သက်ဆိုင်ရာ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြားလုပ်ငန်းများကို ကော်မတီ၏ သဘောတူညီချက်ဖြင့်သာ သုံးစွဲရမည်ဟု ပြည်သူ့လွှတ်တော် နည်းဥပဒေ ဖွံ့ဖြိုးရေး ရန်ပုံငွေ သုံးစွဲခြင်း အခန်းတွင် ဖော်ပြထားပါသည်။

# နှစ်ဟောင်းအကြွေး နှစ်သစ် မသယ်နဲ့




ဘာလိုလိုနဲ့ တစ်နှစ်ကုန်လို့ တစ်နှစ် ရောက်လာသလို အသက်လည်း တစ်နှစ် ပိုကြီးလာပြန်တာပေါ့။ တစ်နှစ် အတွက် စကားလက်ဆောင် လေးတွေ ပေးလိုက်ပါတယ်။ နှစ်သစ်ရဲ့ နေ့စွဲတွေ တဖြည်းဖြည်း ဝင်ရောက် ချဉ်းနင်းလို့ လာနေပါပြီ။ ဒီလိုပါပဲ နှစ်ဟောင်းက နှစ်သစ်ထဲကို ကျွန်မတို့ရဲ့ မျှော်လင့်ချက်တွေကလည်း အတူ လိုက်ပါလာကြတယ်။ ကျွန်မတို့ မျှော်လင့်ခြင်း၊ အောင်မြင်ခြင်း ဆိုတဲ့ အရာတွေ ဘာတစ်ခုမှ ဖြစ်မလာသေးတော့ အသက်ရှင်နေသမျှ ကာလပတ်လုံး နှစ်သစ်တိုင်း၊ နှစ်သစ်တိုင်း အဲဒီ အရာ အားလုံးကို နှစ်သစ်ထဲ ဆက်လက် ခေါ်ဆောင်သွားကြရမှာ အသေအချာပါပဲ။ ဒါတွေက ဘာတွေလဲ၊ ကျွန်မတို့ လုပ်ခဲ့ပြီးတဲ့ အရာတွေကလည်း ကျွန်မတို့ရဲ့ နောက်ကနေ အရိပ်တွေလို ထပ်ကြပ်မကွာ ကပ်ပါလာကြပြန်တယ်။ ကောင်းမှုတွေ လုပ်ခဲ့သလား၊ မကောင်းမှုတွေ ကျွန်မတို့ ဖန်တီးခဲ့သလား၊ သိရဲ့နဲ့ လုပ်ခဲ့တာလား၊ မသိလို့ လုပ်ခဲ့မိသလား ဆိုတာ အသေအချာ မသိပေမယ့် အဲဒီ အကျိုးဆက်တွေကိုတော့ ကျွန်မတို့တွေ နှစ်ဟောင်းထဲမှာ ထားခဲ့လို့ မရပါဘူး။ ဗုဒ္ဓဘာသာဝင်တွေပီပီ ကံကံ၏ အကျိုးကို လက်ခံ ယုံကြည် သက်ဝင်တယ် ဆိုရင်ဖြင့် ကိုယ်လုပ်ခဲ့တဲ့ ကောင်းမှုတွေကို ခံစားဖို့နဲ့ ကိုယ်လုပ်ခဲ့တဲ့ မကောင်းမှုတွေအတွက် ပြန်ပြီး ဝင့်ခံရမယ်ဆိုတာ ကျွန်မတို့တွေ ကြိုတင် တွေးထားသင့်ပါတယ်။

နှစ်သစ်ရဲ့ အကောင်းဆုံး အချိန် ကာလတွေကို ဖန်တီးမှုအတွက် ကျွန်မတို့ရဲ့ စိတ်တွေကို သန့်စင်ထား ကြရပါမယ်။ ကျွန်မတို့ ဖြတ်သန်းခဲ့တဲ့ အချိန်ကာလတွေက အတိတ်ဆိုတဲ့ အမည်နာမ တစ်ခုအဖြစ်နဲ့ နှစ်ဟောင်းမှာ ကျန်ခဲ့မှာ ဖြစ်ပေမယ့် အဲ့ဒီ အတိတ်ဆိုတာတွေကပဲ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သမိုင်းဆိုတဲ့ မှတ်တိုင် အသစ်တစ်ခုနဲ့ အားလုံးရဲ့ မျက်မှောက်မှာ ပြန်လည် ပေါ်ထွက်လာမယ်ဆိုတာ ကျွန်မ မြင်ယောင်နေမိပါတယ်။ သမိုင်းရဲ့ စာမျက်နှာတွေမှာ ဘာတွေ တင်ကျန်ရစ်ခဲ့သလဲ ဆိုတာဟာ မျက်မှောက်ခေတ်က လူတွေ သူတို့ရဲ့ အချိန် ကာလတွေကို ဘယ်လို ကုန်ဆုံး စေကြပြီး ဘာတွေကို ဖန်တီးနေကြသလဲ ဆိုတဲ့အပေါ်မှာ အများကြီး မူတည် နေပါတယ်။ ကျွန်မတို့တွေ အချိန် ကာလတွေကို အကောင်းဆုံး ဖန်တီးနိုင်ဖို့ ဆိုတဲ့ နေရာမှာလည်း အရေးအကြီးဆုံး အချက်ကတော့ စိတ်တွေ သန့်စင် မွန်မြတ် ကြည်လင် အေးချမ်းနေကြဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာတော်ကြီးများရဲ့ ဆုံးမ စကားလေးလည်း နားထဲမှာ ကြားယောင် နေမိပါသေးတယ်။ စိတ်ကောင်းရှိဖို့ ပထမ၊ စိတ်ကောင်းရှိဖို့ ဒုတိယ၊ စိတ်ကောင်းရှိဖို့ တတိယ ဆိုတဲ့ စကားလေးတွေပါပဲ။ စိတ်ဓာတ် အောက်တန်းကျသူများ နေလို့ ကတော့ အချိန်ကာလတွေက ညစ်ပေ မှောင်မိုက်နေမှာ ဖြစ်သလို အဲဒီခေတ်ရဲ့ ရွေ့လျားနေတဲ့ သမိုင်းကြောင်းကြီး ဟာလည်း နောင်းလူတွေရဲ့ ခေတ်က ရိုင်းစိုင်းနေမယ်ဆိုတာ ပြောစရာ မလိုဘူး မြင်မိပါတယ်။ သင်ဟာ အေးစက်ခြင်းနဲ့ နွေးထွေးခြင်း ဘယ်အရာကို မဆို ရယူနိုင်အောင် ထိန်းကွပ်နိုင်တဲ့ တစ်ဦး တည်းသောသူ ဖြစ်ပါတယ်။ လောကဟာ ဆန့်ကျင်ဘက်တွေ များစွာနဲ့ သက်ဝင် လှုပ်ရှားနေတဲ့ လူတို့ရဲ့ အသိုင်းအဝန်း တစ်ခုပါ။ အကောင်းလား..... အဆိုးလား၊ အနိုင်လား.... အရှုံးလား၊ အချစ်လား..... အမုန်းလား၊ လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းနေသလား၊ ဘယ်အရာကို သင်ရနေသလဲ ဆိုတာဟာ သင့်ရဲ့ လက်ထဲမှာပဲ ရှိတဲ့ သင် တစ်ယောက်တည်း ပိုင်တဲ့ ရွေးချယ်မှုပဲ ဖြစ်ပါတယ်။ ဒါကြောင့် စကားပုံ တစ်ခုတောင် ရှိသေးတာပဲ။ ဘာတဲ့ ဘယ်သူမပြု မိမိမှုတဲ့။ ဒါကြောင့် သင်ရနေတဲ့ အဆိုးအကောင်း၊ အကျိုး အပြစ်တွေအတွက် ဘယ်အရာကိုမှ လွှဲချမနေပါနဲ့... ဒါတွေ အားလုံးဟာ သင်ကိုယ်တိုင် ရွေးချယ်ခဲ့တာတွေပါပဲ။

နှစ်သစ် တစ်ခုဆိုတာ အချိန်ကာလကို ကျွန်မတို့ တန်ဖိုးထားတတ်စေဖို့ ကျွန်မ တို့ကို သတိပေးတဲ့ အရာတစ်ခုပါပဲ။ ဟုတ်ပါတယ်။ တစ်ခါ တစ်ခါမှာ ဘဝထဲမှာ ရှုန်းကန် လှုပ်ရှားနေရလို့ပဲ ဖြစ်ဖြစ်၊ ဘဝရဲ့ အနှစ်သာရတွေမှာ ပျော်ပါး ယစ်မူးနေလို့ပဲ ဖြစ်ဖြစ်၊ ဘဝရဲ့ လှိုင်းကြား အလူးအလိမ့် ခံနေရတာပဲဖြစ်ဖြစ် ကျွန်မတို့တွေဟာ အချိန်ကာလဆိုတာနဲ့ သေခြင်းတရား ဆိုတာကို မေ့လျော့ နေတတ်ကြပါတယ်။ နှစ်သစ်တစ်ခုကို ကူးရာမှာ ဩော် ဘာလိုလိုနဲ့ တစ်နှစ် ကုန်သွားပါရောလား။ ဩော်..... ငါတို့တောင် သေဖို့ တစ်နှစ် ပိုနီးလာပြီပဲ ဆိုတာမျိုးကို သတိရတတ်ကြတာပါ။ အိမ်မှာ အဘိုး ရှိစဉ်အခါက ညရောက်ပြီ ဆိုရင် ဘုရားခန်းရှေ့ ဘုရား ကန်တော့ပြီ ဆိုရင် ငါသည် မနက်ကထက် ဒီနေ့ သေဖို့တစ်ရက် နီးလာပြီဆိုတဲ့ ကန်တော့နဲ့ အကျယ်ကြီး အကြာကြီး ရှိခိုး တတ်ပါတယ်။ သူတို့ခေတ် အချိန် ကာလက သီလ၊ သမာဓိ၊ ဉာဏ်ပညာ၊ စိတ်ကောင်း နှလုံးကောင်း သန့်စင် မွန်မြတ် ခဲ့ကြပေလို့လား အသက် ၉၉ နှစ်မှာ ဘဝတစ်ပါး ကူးပြောင်းသွားကြပါတယ်။ အခုခေတ်က ဆုတ်ခေတ်လား။ ဒီလို အရာတွေ မတည်မြဲလို့လား။ သက်တမ်း တိုလာနေတာကို သတိထားမိလာပါတယ်။ တစ်ခါတလေ နှစ်သာ ပြောင်းတယ်။ ရည်မှန်းချက်၊ ရည်ရွယ်ချက် ဘာဆိုတာကို ရေရေရာရာ မသိသေးပဲ ဝေဝါးနေတာကို အားမလို အားမရ ဖြစ်မိပါတယ်။ ပြောင်းလဲမှုတိုင်းဟာ ကျွန်မတို့ လိုချင်တာတွေနဲ့ အမြဲ ထပ်တူ ကျချင်မှ ကျမှာပါ။ အရာရာ ပြောင်းလဲနေတဲ့ လောကကြီးမှာ အချို့သော ပြောင်းလဲမှုတွေက ကျွန်မတို့ ဖြစ်စေချင်တာနဲ့ ထပ်တူကျ မနေတာ မျိုးတွေ အများကြီး ဖြစ်နိုင်ပါတယ်။ ဒါဟာ သဘာဝတရား ဆိုတာကို ကျွန်မတို့ လက်ခံထားဖို့ လိုပါတယ်။ ဘဝရဲ့ ပြဿနာ ဆိုတာဟာ သင်္ချာ ပုစ္ဆာတစ်ပုဒ်လို ပုံသေနည်းတွေထဲ ထည့်တွက်လို့ ရတဲ့ အရာတွေ မဟုတ်ပါဘူး။ ဖော်မြူလာ မှားခဲ့ရင် လိုချင်တဲ့ အရာများဟာ ချွတ်ချော်မှုတွေ ရှိလာနိုင်တယ်ဆိုတာ သိမြင်ထားဖို့နဲ့၊ ဘဝမှာ နေတတ်ဖို့နဲ့၊ သေတတ်ဖို့ကို ကျင့်ကြံ နေထိုင်သွားဖို့ အများကြီး လိုသေးပါလားလို့ ကျွန်မ ယူဆမိရင်း နှစ်သစ်အတွက် စကားလက်ဆောင်တွေ ပေးလိုက်ပါရစေရှင်။ နှစ်ဟောင်းမှာ ကျွန်မ ပြုပြုခဲ့သမျှ ကာယကံ ၊ ဝစီကံ၊ မနောကံ ကံသုံးပါးနဲ့ ပြစ်မှားမိခဲ့ရင် ကျွန်မထက် ငယ်သည်ပဲ ဖြစ်စေ၊ ကြီးသည်ပဲ ဖြစ်စေ အားလုံး အားလုံးကို ဒီနေရာလေးကနေ တောင်းပန်လိုက်ပါတယ်..... ။

---

## ကမ္ဘာ့အမြန်ဆုံး အိမ်သုံး အင်တာနက် ဝန်ဆောင်မှု ဂျပန်တွင် စတင်

TZO


Image Credit: www.bevcomm.net

ကမ္ဘာ့အမြန်ဆုံး အိမ်သုံး အင်တာနက် ဟုဆိုသော ZGlops (တစ်စက္ကန့်လျှင် နှစ်ဂစ်ဂါဘစ် နှုန်းဖြင့် Download ပြုလုပ်နိုင်သော) အင်တာနက် ဝန်ဆောင်မှု တစ်ခုကို နည်းပညာကုမ္ပဏီ ဆိုနီ၏ အင်တာနက် ဝန်ဆောင်မှုလုပ်ငန်း Sonet Entertainmentက စတင် လိုက်ပြီ ဖြစ်ကြောင်း သိရသည်။ လင်းသည် ဂျပန်၌ လက်ရှိ အသုံးပြုနေသော မြန်နှုန်းမြင့် အင်တာနက်ထက် နှစ်ဆပိုမို မြန်ဆန်ပြီး Upload တင်နိုင်သော နှုန်းမှာ Gbps (တစ်စက္ကန့်လျှင် တစ်ဂစ်ဂါဘစ်) ဖြစ်သည်။

Nwcoအမည်အရ အဆိုပါ ဖိုင်ဘာ အခြေပြု ဝန်ဆောင်မှုကို တိုကျိုနှင့် အနီးရှိ စီရင်စုခြောက်ခုရှိ နေအိမ်များ၊ တိုက်ခန်းများနှင့် အသေးစား လုပ်ငန်း များသို့ ဧပြီ ၁၅ရက်နေ့တွင် စတင် ဝန်ဆောင်မှု ပေးခဲ့ခြင်း ဖြစ်သည်။ အသုံးပြုလိုသူများသည် တစ်လလျှင် အသုံးပြုခ အမေရိကန် ဒေါ်လာ ၅၁ဒေါ်လာဖြင့် နှစ်နှစ်စာ ဝယ်ယူ ရမည်ဖြစ်ကာ အွန်လိုင်းမှ ဝယ်ယူ သူများအတွက် ကနဦး တပ်ဆင်ခအား လက်ရှိတွင် အခမဲ့ တပ်ဆင် ပေးလျက် ရှိကြောင်း သိရသည်။

Ref: PCworld

Approved Centre (Since 2008)
Golden Crown
အမှတ် (၁၅၀)၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း ၀၁-၃၇၃၀၃၀
၀၉-၇၃၂၃၄၉၉၂

အင်ဂျင်နီယာဘာသာရပ်ကို စိတ်ဝင်စားသော လူငယ်များအတွက်

- Applied Mechanical Engineering Diploma
- Applied Electronic Engineering Diploma
- Applied Electrical Power Engineering Diploma
- Mechanical & Electrical Engg Diploma
- Diploma in Construction ( Civil )
- Diploma in Refrigeration & Air-Condition

- Advanced Diploma in Electrical & Electronic
- Advanced Diploma in Mechanical
- Advanced Diploma in Construction (Civil)

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ၊ လုပ်ငန်းခွင်သို့ ဝင်ရောက်နေပြီး နိုင်ငံတကာအသိအမှတ်ပြု Diploma ရလိုသူများ၊ GTI အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။ရာနှုန်းပြည့် အောင်ချက်များ ဖြင့် 2011,2012 ခုနှစ်အတွက် ကမ္ဘာ့အမှတ်အများဆုံး ရွှေတံဆိပ်ဆုရှင်ကိုလည်းမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ သင်လည်း ကမ္ဘာ့အဆင့်ထူးချွန်သူဖြစ်ချင်ရင် . . . .

သင်တန်းကြေးအား အရစ်ကျခွဲသွင်းနိုင်သည်။
တန်းခွဲသစ်အတွက်ကျောင်းအပ်လက်ခံပြီ။ 10% Off

အိုင်စီတီ ဂျာနယ်
Volume 2, Issue 15
MYANMAR ICT JOURNAL

MYANMAR JOB SEARCH

ဤကဏ္ဍတွင် အခမဲ့ ကြော်ငြာလိုပါက www.myanmarjobsearch.com တွင် အချက်အလက်များကို ဝင်ရောက် ဖြည့်စွက်နိုင်သည်။

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Management, Executive

| | |
|---|---|
| NAME | San Lwin |
| SEEKING | Manager |
| AGE | 36 |
| Contact | 940002892 |
| NAME | Zin Mar Thein |
| SEEKING | Purchasing Manager |
| AGE | 26 |
| Contact | 4294967295 |
| NAME | U Saw Naing Win |
| SEEKING | Phone Hardware & Software |
| AGE | 25 |
| Contact | 73247096 |
| NAME | Win Min Htun |
| SEEKING | Admin Manager or Operation Manager |
| AGE | 34 |
| Contact | 420718092 |

### Web Site Development

| | |
|---|---|
| NAME | Kaung Khant Kyaw |
| SEEKING | Web Designer |
| AGE | 20 |
| Contact | 4294967295 |
| NAME | May Thu Aung |
| SEEKING | Web Developer, Web Design |
| AGE | 19 |
| Contact | 95142775 |

### Engineering

| | |
|---|---|
| NAME | Yiywe Aung |
| SEEKING | Autocad Engineer |
| AGE | 22 |
| Contact | 973551602 |
| NAME | Pyae Phyo Zaw |
| SEEKING | Site Engineer |
| AGE | 24 |
| Contact | 943118562 |
| NAME | Toe Tet Aung |
| SEEKING | Engineering job |
| AGE | 22 |
| Contact | 09-431-79323 |

### Other

| | |
|---|---|
| NAME | Aye Aye Mon |
| SEEKING | Chemical Engineer |
| AGE | 44 |
| Contact | 831168929 |
| NAME | San Lwin |
| SEEKING | Manager/ Officer/ Program Coordinator |
| AGE | 36 |
| Contact | 400028928 |
| NAME | Kyaw Kyaw |
| SEEKING | Chinese Translator |
| AGE | 31 |
| Contact | 4294967295 |
| NAME | Mya Hnin Yee |
| SEEKING | Quality Assurance / Quality Control/ Laboratory |
| AGE | 28 |
| Contact | 973221883 |

### Computer/ ICT/ Electronics

| | |
|---|---|
| NAME | Phu Pwint Zaw |
| SEEKING | IT |
| AGE | 23 |
| Contact | 09-450-014-443 |
| NAME | Lu Lu Aung |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 91005209 |
| NAME | Aye Min |
| SEEKING | Hardware/Network Engineer |
| AGE | 24 |
| Contact | 4294967295 |
| NAME | Wonnakoko |
| SEEKING | Software Developer |
| AGE | 25 |
| Contact | 95068854 |
| NAME | Pyi Phyo Han |
| SEEKING | Network Engineer |
| AGE | 27 |
| Contact | 450020858 |

### Education and Training

| | |
|---|---|
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 943206636 |

### Accounting

| | |
|---|---|
| NAME | Khin Mu Lwin Kyaw |
| SEEKING | Accounting |
| AGE | 27 |
| Contact | 420071210 |
| NAME | Nway Nway |
| SEEKING | Administration staff/ Accounting and Office staff |
| AGE | 27 |
| Contact | 240702 |
| NAME | Su Myat Mon |
| SEEKING | Accounting |
| AGE | 26 |
| Contact | 420102147 |
| NAME | Chit Chit Po |
| SEEKING | Admin |
| AGE | 21 |
| Contact | 940153118 |
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 421100204 |

### Banking and Financial Services

| | |
|---|---|
| NAME | May Phyu Hnin |
| SEEKING | Any (suitable) |
| AGE | 23 |
| Contact | 4294967295 |
| NAME | Kaung Htet |
| SEEKING | Junior Assistant |
| AGE | 20 |
| Contact | 973148391 |

### Logistics, Transport and Supply

| | |
|---|---|
| NAME | Phyo Si Thu Nyunt |
| SEEKING | Warehouse Supervisor |
| AGE | 28 |
| Contact | 973109621 |

### Sales and Marketing

| | |
|---|---|
| NAME | K Htet |
| SEEKING | General Manager |
| AGE | 29 |
| Contact | 943051496 |
| NAME | Shwe San Myay |
| SEEKING | Executive and Manager |
| AGE | 35 |
| Contact | 947224440 |

## အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

### Y.K.M Sevices CO.,Ltd

| | | |
|---|---|---|
| VACANT | Sales Staff | 3 |
| PHONE | 09-43066218 | |
| ADDRESS | No.226,Room 101,Wizaya Plaza,Dhamazedi Road, Bahan, Yangon. | |

### Apple Ion Co.,Ltd

| | | |
|---|---|---|
| VACANT | Manager | 1 |
| | Marketing Executive | 2 |
| | Marketing Staff | 5 |
| | Driver | 1 |
| | Web designer | 1 |
| PHONE | 01-525935, 01-534679, 01-524379, 01-505247, 01-5058248 | |
| ADDRESS | No.62A, Bawdiyeiktha-Thanlwin Road, Bahan Township, Yangon | |

### EQHO Communications

| | | |
|---|---|---|
| VACANT | Burmese Translators | - |
| PHONE | (+66(0))2 637 8060, Fax. +66(0) 2 637 8422 | |
| ADDRESS | Chartered Square, 152 North Sathorn Road, Bangkok 10500 Thailand | |

### DPS (Design Printing Service)

| | | |
|---|---|---|
| VACANT | Graphic Designer | 5 |
| PHONE | (95-1)204020, 204200 | |
| ADDRESS | N0. 165, 1st Floor, 35th Street, ( Middle Block), Kyauktada Township, Yangon. | |

### Okapi Trading

| | | |
|---|---|---|
| VACANT | Service Crew | 4 |
| | Data Entry | 2 |
| | Administrative Assistant | - |
| PHONE | 01-532124 | |
| ADDRESS | 80 University Avenue Rd, Bahan Township, Yangon. | |

### LinkUPCRM Private Ltd

| | | |
|---|---|---|
| VACANT | Senior Software Developer (Web Application) | 3 |
| PHONE | 01-523460 | |
| ADDRESS | 26(A).Mingalar st, Hledan, Kamaryut Township, Yangon | |

### Advanced Technologies And Solutions

| | | |
|---|---|---|
| VACANT | Network & A+ Trainer | 1 |
| | Website Development Trainer | 2 |
| | J2SE & J2EE Trainer | 1 |
| | .Net with C# Programming Trainer | 1 |
| PHONE | 01-652288, 01-521125, 01-652320 | |
| ADDRESS | အဆောင်(၅)၊ အခန်း(၄)၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | |

### RAINMAKER SERVICES COMPANY LIMITED

| | | |
|---|---|---|
| VACANT | Public Relation Executive Cum Admin Officier | 2 |
| PHONE | 01-544221 | |
| ADDRESS | No.191, 4th Floor, U Chit Maung Street, Bahan Township, Yangon | |

### Uniqsoft Pte Ltd

| | | |
|---|---|---|
| VACANT | Software Developer | 4 |
| PHONE | 98897016 | |
| ADDRESS | Singapore | |

သင် ရောင်း/ဝယ် လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် အခမဲ့ ဖော်ပြနိုင်ရန် classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။

# FREE CLASSIFIEDS

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Apple Macbook Air, Macbook Pro, All Kind of Apple Device |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung Galaxy S, S Plus, S Advance, Galaxy Gio, Huawei, All Model Galaxy Y, Galaxy Nexus, Galaxy Ace, Ace Plus, Ace2, Galaxy S2, Galaxy S3, Galaxy Note, Galaxy Note2 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Macbook Air Laptop, Notebook, Netbook, iPad Mini, Samsung Galaxy Tablet and All Kind of China Tablet, iPod Touch 4G/ 5G, Huawei, LG |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-517-8391 |
| Condition | Used |
| Description | Laptop, Notebook, Netbook, iPad Mini, Samsung Galaxy Tablet and All Kind of China Tablet |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPod Touch 4G/ 5G, Apple Macbook Air, Macbook Pro, All Kind of Apple Device |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung Galaxy S, S Plus, S Advance, S3, Galaxy Note, Galaxy Note2, Sony Xperia, HTC, Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-503-8222 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | Acer 4775 Intel Core i5, Ram 4GB, HDD 750GB, Graphic nvidia 1GB, Green Colour |
| Quantity | 1 |
| Price | K 400,000 |
| Condition | Used |
| Description | Acer Aspier 4740, Intel Core i5 Ram 2GB, HDD 320GB Finger Print, Display 14" Blue Colour |
| Quantity | 1 |
| Price | K 350,000 |
| Contact | 01-248-076 |
| Condition | Used |
| Description | iPad 4 32GB White 4G, iPad 3 32GB White Wi-Fi, iPad Mini 64GB Black Wi-Fi |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Dell Inspiron N5110, Intel Core i7, Ram 8GB, HDD 640GB, Graphics 1GB, Display 15.6", Red Colour |
| Quantity | 1 |
| Price | K 550,000 |
| Contact | 09-501-6694 |

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 5/ 4S /4, iPad 4/ 3/ 2/ Mini/ iPod 5/ 4/ Macbook Pro, Macbook Air/ Samsung Note 1/ 2, S2 /S3 & Any Laptop |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung S2, S3, S4, Note 1, Note 2, iPhone 5 / 4S / 4, iPod 4 / 5, iPad 2 / 3 / 4 / mini, Ausu Laptop, Mac Book Pro, Mac Book Air |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | MacBook Pro 13" Intel Corei5, RAM 4GB, HDD 500GB, Mac OS 10.8.3 + Window7 |
| Quantity | 1 |
| Price | K 750,000 |
| Condition | Used |
| Description | Acer Aspire 4743G, Intel Core i3, Ram 2GB, HDD 320GB, Graphics 1GB, Display 14", Black Colour |
| Quantity | 1 |
| Price | K 280,000 |
| Condition | Used |
| Description | Dell, Acer, ASUS, Laptop Core i3, i5, i7 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPhone 5/ 4S/ 4/ iPad 4/3/2/ Mini |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPod 5/4, Macbook Pro, Macbook Air |
| Quantity | 1 |
| Price | K 280,000 |
| Condition | Used |
| Description | Samsung Galaxy Note 2, Note 1, S2, S3 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPhone 4S 64GB White |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPhone 4S 32GB Black, iPhone 4G 32GB Black, iPhone 4G 16Gb Black |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။
အလဲထပ် လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 2G/ 3G/ 3GS/ 4G/ 4S/ 5 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPad 1/ 2/ 3/ 4/ Mini Wi-Fi Only & Wi-Fi + 3G, iPod Touch 4G/ 5G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung / SonyEricsson / HTC / Huawei / Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Desktop PC / All in one PC / Notebook / NetBook |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Mac Book Pro / Mac Air / iMac / Mac Mini / Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |
| Condition | Used |
| Description | Samsung S2, S3 Note 1, Note 2, iPhone 4 / 4S / 5, iPod 4 / 5, iPad 2 / 3 / 4 / mini, Ausu Laptop, Mac Book Pro, Mac Book Air |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPhone 2G/ 3G/ 3GS/ 4G/ 4S/ 5, SonyEricsson/ HTC/ Huawei/ Nokia, Desktop PC/ All in one PC/ Notebook/ NetBook, Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-521-97 |

အိုင်စီတီ ဂျာနယ်
MYANMAR ICT JOURNAL
Volume 2, Issue 15

# မင်းလည်း အိုကေ၊ ငါလည်း အိုကေ

ကျော်နီ


အမှန်က ကျွန်တော် နားကြားလွဲနေတာ၊ သီချင်းက ဒီလို "မင်းလည်းအိုကေ၊ ငါလည်း အိုကေ၊ မင်းလည်း ဘိုကေ ငါလည်း ဘိုကေ"

သင်္ကြန်တွင်းတုန်းက ကျွန်တော်တို့ လမ်းထိပ် သင်္ကြန်မဏ္ဍပ်က ဖွင့်တဲ့ သီချင်းပါ။ သင်္ကြန်မဏ္ဍပ် ဆိုပေမယ့် ရေကစားတဲ့ မဏ္ဍပ်တော့ မဟုတ်ဘူး။ Sound Boxကြီးတွေချပြီး Bassသံ တဒုန်းဒုန်းနဲ့ သီချင်းတွေ ဖွင့်ပြီး ကကြတာပါ။ ကချင်တဲ့ လူတစ်ယောက်ကို နှစ်သောင်းပေးရတယ် ပြောတယ်။ လူပေါင်းဆိုရင်တော့ တစ်သောင်းပဲ ပေးရတယ်တဲ့ နေ့လည်ပိုင်းကနေ စပြီး ညနေ ၆နာရီကျော်အထိ သီချင်းတွေ ဖွင့်ပေးပါတယ်။ အတက်နေ့ကတော့ ည၈နာရီ..ကျော် ၉နာရီလောက် ရောက်သွားတယ်။ ရပ်ကွက်ထဲမှာ နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်တာနဲ့ အပြိုင်ပေါ့။

မဏ္ဍပ်က ဖွင့်တဲ့ သီချင်းတွေကတော့ အစုံပါပဲ။ အင်္ဂလိပ်သီချင်းတွေရော၊ မြန်မာသီချင်းတွေရော ငါ့ဘာဂျာ၊ ငါ့ဘာဂျာဆိုတာက ရှိသေးတယ်။ အဓိပ္ပာယ်တစ်မျိုး ထွက်နေတော့ အဲဒီ သီချင်းကြီး ကတော့ မကောင်းပါဘူး။ ပြီးတော့ ဒိန်းဂျား၊ ဒိန်းဂျား ဆိုတာက ရှိသေးတယ်။ မနှစ်တုန်းကတော့ အားပါးပါးပါး အားပါးပါးပါးဆိုတဲ့ သီချင်းက ခေတ်စားခဲ့တယ်။ ကျန်တာကတော့ ဘာတွေဆိုမှန်း မသိပါဘူး။ ကျွန်တော်တို့ နားနဲ့တော့ သိပ်ကီး မကိုက်ပါဘူး။

ကြည့်ပါလား။ သီချင်းက မင်းလည်း ဘိုကေ၊ ငါလည်း ဘိုကေ ဆိုတာကမှ ကောင်းသေးတယ်လို့ ကျွန်တော် ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အိုကေ ဆိုတာက အဆင်ပြေတဲ့ သဘော မဟုတ်လား။

တကယ်လည်း လက်ရှိမှာ အစိုးရ ဝန်ထမ်း တွေကတော့ လစာ ၂သောင်း တိုးပေးလိုက်လို့ အဆင်ပြေ အိုကေသွားပြီ မဟုတ်လား။ (ထုံးစံအတိုင်း စားသောက်ကုန် ဈေးနှုန်းတွေက နည်းနည်းတော့ တက်လာတာပေါ့) ပင်စင်စားတွေကတော့ ဒီလ မရသေးတော့ အဆင်မပြေသေးဘူး။ တွက်ချက်မှုတွေ မပြီးသေးဘူးလို့ ပြောပါတယ်။ ဖြစ်နိုင်ရင် လူတိုင်းက အဆင်ပြေချင်ကြတာပေါ့နော်။ အဆင်မပြေချင်တဲ့ လူဘယ်ရှိပါမလဲ။ ဒါပေမယ့် အဆင်ပြေတယ်၊ အဆင်မပြေဘူး ဆိုတာက လောကဓံတရားလို့ပဲ ပြောရမယ် ထင်တယ်။ အမြဲတမ်း အဆင်ပြေနေတဲ့ လူလည်း မရှိပါဘူး။ ကိုယ့်ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ အပေါ်မှာပဲ မူတည်ပါတယ်။




အခုပဲ ကြည့်ပါ။ သမ္မတကြီးရဲ့ ဝီရိယကြောင့် ကျွန်တော်တို့ရဲ့ နိုင်ငံခြား ကြွေးမြီတွေ တော်တော် များများ လျော့ပါးသွားပါပြီ။ ပြည်ပ ကုန်သွယ်မှု တွေလည်း လမ်းပွင့်သွားခဲ့ပါပြီ။ နိုင်ငံရဲ့ စီးပွားရေး အလားအလာ ကောင်းတွေလည်း မြင်တွေ့နေရပြီ ဖြစ်ပါတယ်။

ဒါပေမယ့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် ပြဿနာတွေက ရှိနေဆဲ ဖြစ်ပါတယ်။ စိန်ခေါ်မှုတွေလို့ပဲ ပြောရမှာပေါ့။ နိုင်ငံတည်ငြိမ်အေးချမ်းမှု မရှိရင် ဘာမှ လုပ်လို့မရပါ။ အဓိကကျတဲ့ စီးပွားရေး လုပ်ငန်းတွေ လုပ်လို့မရရင် ကိုယ့်နိုင်ငံဟာ ဆင်းရဲတွင်းထဲက တက်မှာ မဟုတ်ပါ။ ပြည်တွင်းက စီးပွားရေး လုပ်ငန်းတွေ လုပ်ကိုင်လို့ မရသလို ပြည်ပက စီးပွားရေး လုပ်ငန်းတွေ ကလည်း လာပြီး ရင်းနှီး လုပ်ကိုင်ကြရမှာ မဟုတ်ပါ။

ကျွန်တော်တို့ နိုင်ငံကို ကြည့်ရင် မင်းဘူးက နဂါးပွက်တောင်လိုပဲ ဟိုနားက ထပွက်လိုက်၊ ဒီနားက ထပွက်လိုက်နဲ့ ဖြစ်နေတာကို တွေ့ရမှာပါ။ ကချင်ပြည်နယ် ပဋိပက္ခ ညှိနှိုင်းနေဆဲ ရှိပါတယ်။ ရခိုင် ဘက်က ငြိမ်သွားတော့ မိတ္ထီလာမှာ ထဖောက်ပါတယ်။ နောက်တော့ ပဲခူးတိုင်းကို ကူးတယ်။ ရန်ကုန် မှာတောင် ကြိုကြားကြိုကြား ဖြစ်သေးတယ်။ အခုက ရှမ်းပြည်ဘက်မှာလည်း တပ်မတော်နဲ့ SSPP/ SSAတို့ တိုက်ပွဲ ဖြစ်သေးတယ်လို့ ကြားတယ်။ ဒီကြားထဲမှာလည်း လယ်သမားတွေက ဆန္ဒပြ၊ အလုပ်သမားတွေက ဆန္ဒပြနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေ ဦးနှောက် ခြောက်နေကြရတယ်။ အနှစ်နှစ် အလလက မျိုသိပ် အောင့်အည်းထားခဲ့ရတဲ့ လူတွေရဲ့ မကျေနပ်ချက်တွေကလည်း အခုမှ ပွင့်ထွက် ပေါက်ကွဲကုန်ကြတယ်။ တချို့ကလည်း တကယ်တမ်း ခံခဲ့ရလို့ ရိုးရိုးသားသား ထုတ်ဖော်ကြသလို တချို့ ကလည်း ပယောဂတွေ ပါလာတယ်။ ထိန်းသိမ်း ကိုင်တွယ်တဲ့ လူတွေနဲ့ ထိပ်တိုက်တွေ့ပြီး ဆိုးဆိုး ရွားရွားတွေ ဖြစ်ကုန်ကြတယ်။ ကျော်မကောင်း ကြားမကောင်းတာတွေ ဖြစ်ကုန်ကြတယ်။

တစ်ချိန်တုန်းက ဝန်ကြီးချုပ်ဟောင်း ဦးနု (သခင်နု) ရေးခဲ့တဲ့ "တိုင်းပြည်ကနန မုန်တိုင်းက ထန်ထန်" ဆိုသလိုပဲ ကျွန်တော်တို့ရဲ့ နိုင်ငံဟာ အခုမှ ဒီမိုကရေစီ လမ်းကြောင်းကို လျှောက်လှမ်းခါစပဲ ရှိပါသေးတယ်။ ဒီမိုကရေစီ နနလို့ ဆိုရမှာပါ။ ကျွန်တော်တို့ လမ်းလျှောက် တက်ခါစ ကလေးတွေကို တွေ့ဖူးကြမှာပါ။ သူ့ခမျာ အယိုင်ယိုင်အလဲလဲနဲ့ လမ်းကို စမ်းလျှောက်နေရတာ။ ကျွန်တော်တို့ နိုင်ငံဟာ ဒီအတိုင်းပဲ ဒီမိုကရေစီလမ်းကို လျှောက်နေရတာလို့ မြင်ပါတယ်။ တည့်တည့်မတ်မတ် လျှောက်နိုင်ဖို့ဆိုတာ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသား အားလုံးအပေါ် မူတည်ပါတယ်။

လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် အပြစ်တွေ တင်နေကြမယ့် အစား အပြစ်တွေ ဖို့နေကြမယ့်အစား ကိုယ့်တာဝန်ကိုယ် ကျေကြမယ်ဆိုရင်၊ ကိုယ့် စည်းကမ်းနဲ့ ကိုယ်နေကြမယ်ဆိုရင် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ဖို့ လမ်းကြောင်းကို ရောက်လာမှာပါ။

ကျွန်တော်တို့ဟာ "ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ပြီ၊ ရှင်ငယ် ဝမ်းလည်း ဝင်ခဲ့ပြီ၊ ချေးစော်လည်း နံခဲ့ပြီ" ဆိုတဲ့အတိုင်း ခေတ်အဆက်ဆက်ကို ကျင်လည် ဖြတ်သန်းလာခဲ့ရတဲ့ အတွက် ဘယ်ဟာကဖြင့် ကောင်းတယ်၊ ဘယ်ဟာကဖြင့် ဆိုးတယ်ဆိုတာကို သိနေကြတဲ့သူတွေပါ။ အဲဒီခေတ်တွေကို မဖြတ်သန်းခဲ့ရဘူး ဆိုရင်တောင် စာတွေ၊ ပေတွေ လူကြီးသူမတွေ ဆီကနေ ကြားဖူး၊ သိဖူးကြမှာပါ။ တကယ်တော့ အသိတရား ရှိသူတိုင်းဟာ ဘယ်လို အဖြစ်ဆိုးကိုမှ လက်ခံနိုင်ကြမှာ မဟုတ်ပါဘူး။ အေးအေးချမ်းချမ်းနဲ့ နေထိုင်ပြီး လုပ်ကိုင် စားသောက်ချင်မှာပဲ။ နိုင်ငံတကာမှာ ကြည့်လိုက်ရင် ကျီးလန့်စာ စားနေရတဲ့ နိုင်ငံတွေကို တွေ့မှာပါ။ အဲဒီလို နေချင်ကြသလား။ ဘယ်သူမှ မနေချင်ကြပါဘူး။

တကယ်တော့ ဘာပဲပြောပြော ဘာပဲလုပ်လုပ် ဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်းနဲ့ ပြောကြ လုပ်ကြမယ်ဆိုရင်၊ ကိုယ်ချင်းစာတရားနဲ့ မျှမျှတတ တွေးကြမယ်ဆိုရင် ဘာပြဿနာမှ ဖြစ်လာစရာ အကြောင်းမရှိပါ။ တည်တည်ငြိမ်ငြိမ် အေးအေး ချမ်းချမ်းနဲ့ နေထိုင်သွားရတဲ့ ဘဝမျိုးကို လူတိုင်း လိုလားကြပါတယ်။ လူတိုင်းဟာ နိုင်ငံသားတိုင်းဟာ နိုင်ငံရေးသမားတွေ ဖြစ်တယ်လို့ ဆိုပါတယ်။ ပါတီဖွဲ့မှ နိုင်ငံရေးသမား ဖြစ်တာ မဟုတ်ပါဘူးတဲ့။ အဲဒီလို ကြားဖူးပါတယ်။ တောင်သူလယ်သမားတွေ၊ အလုပ်သမားတွေ၊ ဝန်ထမ်းတွေ၊ ဈေးသည်တွေ အားလုံး နိုင်ငံရဲ့ အရေးကို ဆောင်ရွက်နေကြတဲ့ နိုင်ငံရေး သမားတွေပဲ ဖြစ်ကြပါတယ်။ ဒါကြောင့် နိုင်ငံရေး ကောင်းအောင် ဒီလူတွေပဲ လုပ်ကြရမှာပါ။

သင်္ကြန်တုန်းက မဏ္ဍပ်က ဖွင့်တဲ့ သီချင်းကို ကျွန်တော် နားကြားမှားသလိုပဲ မင်းလည်း အိုကေ၊ ငါလည်း အိုကေပဲ အားလုံး အိုကေပဲ ဆိုရင်တော့ အတိုင်းထက်အလွန် တံခွန်နဲ့ ကုက္ကားပေါ့ဗျာ။

ကျွန်တော် နိုင်ငံရေးတွေ မပြောဘူးလို့ နေတာပါ။ ဒါပေမယ့် ..........








# ရထား မှားစီးခဲ့တဲ့ ကိုဘအေး

TZO



ရုံးက Reporterလေး တစ်ယောက် UMFCCI ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှာ လုပ်တဲ့ အခမ်းအနား တစ်ခုကို သတင်းယူဖို့ သွားရင်း အဲဒီက ထုတ်တဲ့ BUSINESS မဂ္ဂဇင်းလေးတွေ ယူလာပြီး အဘဖတ်ဖို့ ဆိုပြီး ကိုဘအေးကို ပေးပါတယ်။

အဲဒီမဂ္ဂဇင်း စာအုပ်တွေထဲက အတွဲ ၁၃ အမှတ်-၂၊ ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီ လထုတ်မှာ ခရီးပန်းတိုင် Wrong Train ဆိုတဲ့ ဒေါက်တာ ခင်မောင်ညိုရဲ့ ဆောင်းပါး တစ်ပုဒ်ကို ဖတ်ရပါတယ်။ ဆောင်းပါးကို ၁၉ ရာစုနှစ်က ဒီးထရစ်ချ်ဘွန်ဟောဖဝါရဲ့ အဆိုအမိန့်လေးနဲ့ ဖွင့်ထားပါတယ်။ ရထား မှားစီးမိရင်တော့ ဦးတည်ရာ ပြောင်းပြီး ရထားထဲမှာ လျှောက်ပြေးနေရင်လည်း အလကားပဲ" တဲ့။

ဆောင်းပါး အစမှာ ဆရာ ရေးထားတာက "ကျွန်တော်က ရန်ကုန် ကနေ မော်လမြိုင်ကို သွားချင်တယ်။ အလျင်စလိုနဲ့ ရထား မှားတက်မိတယ်။ ပြည်မြို့ကို သွားတဲ့ ရထားတဲ့။ ဒါဆိုရင် ကျွန်တော် ဘာလုပ်ရမလဲ။ အဲဒီ ရထား ကနေ ဆင်းရမှာပေါ့။ အဲဒီရထားပဲ စီးပြီး ရထားပေါ် ပြောင်းပြန် ပြန်ပြေးရုံနဲ့ မော်လမြိုင် မရောက်နိုင်ပါဘူး" တဲ့။ နောက်ပြီးတော့ မော်လမြိုင် သွားတာဟာ ကျွန်တော်တို့ ပန်းတိုင်ဆိုရင် လူတိုင်းမှာ ပန်းတိုင်တွေ ရှိတယ်ဆိုတာကို အလေးအနက်ထား ပြောချင်ပါတယ်။ ဒီတော့ မိမိရွေးချယ်တဲ့ ပန်းတိုင်နဲ့ ပတ်သက်ပြီးတော့ ပေါ့လေ။ အမှန်အမှားကို သုံးသပ်ရမှာ ဖြစ်တယ်။ မိမိအနေနဲ့ ရထား အမှားကြီးကို စီးမိတယ်ဆိုရင် ဒီရထား ပေါ်ကနေ ဆင်းရမှာပဲ။ ဘာလို့ ရထား ပေါ်မှာ လျှောက်ပြေးနေရမှာလဲ" တဲ့။ "ဘာဖြစ်လို့ ဒါတွေ ပြောနေရလဲ ဆိုတော့ ဒီလို ဖြစ်ကြတဲ့သူတွေ အများကြီး ရှိလို့ပါပဲ" လို့ ဆိုပါတယ်။

ဆရာက ဆက်ပြီးတော့ "အချို့က ဆရာဝန်လိုင်း လိုက်ချင်သတဲ့။ ဆရာဝန် ဖြစ်တဲ့ ရထားကြီးကို စီးမိတာပဲ။ ဒါပေမယ့် တချို့ကတော့ တစ်ဝက် တစ်ပျက်ကနေ ဆင်းပြေးတယ်။ သူတို့ ရထား မှားပါပြီလို့ သိလိုက်တယ်။ ဒီအထဲမှာ ကမ္ဘာ့ အချမ်းသာဆုံး ဘီလ်ဂိတ်လည်း ပါတယ်။ သူကတော့ တစ်ဝက် တစ်ပျက် လမ်းခုလတ်က ရထားပေါ်ကနေ ပြေးဆင်းခဲ့တယ်။ သူသာ ဘွဲ့ရအောင် တက်ခဲ့ရင် လောကကြီးဟာ တစ်မျိုးတစ်ဖုံ ပြောင်းသွားမှာပဲ။ အခုတော့ သူဟာ လမ်းကြောင်း မှန်ရော၊ ကိုယ့်ရထားရဲ့ လမ်းမှာ တွေ့တဲ့ ဘူတာကနေ ဆင်းပြေးတယ်။ ဒီတော့ သူလမ်းမှန်ကို ရောက်သွားတယ်လို့ ဆိုနိုင်တာပဲ။ သူ ဘီလျံနာ ဖြစ်သွားတယ်။ ကမ္ဘာမှာ အချမ်းသာဆုံး ဖြစ်လာတယ်။ သူက မှန်တဲ့ ရထားပေါ်ကို ရောက်သွားတာကိုး" လို့ မှတ်ချက် ပြုခဲ့ပါတယ်။ ကျွန်တော်တို့ တစ်တွေရော၊ ရထားပေါ်ကနေ ဆင်းရဲတဲ့ သတ္တိ ရှိကြရဲ့လားလို့ ဆရာက မေးထားပါတယ်။ တို့တွေ လမ်းမှားနေပြီလို့ ဘယ်သူကများ ပြောဖူးလို့လဲ။ တို့တော့ ရထား မှားစီးမိပြီလို့ ပြောသူ အလွန် နည်းတယ်။ ခရီးကို ဆက်နေကြတာ စမ်းတဝါးဝါးနဲ့ ပါပဲတဲ့။

ကိုဘအေး ဒါတွေ ပြန်ရေးပြ နေရတာဟာ ဆရာ့ရဲ့ အဲဒီဆောင်းပါးကို ကြိုက်နှစ်သက်မိသလို ကိုဘအေး ကိုယ်တိုင်ကလည်း ရထား မှားစီးမိခဲ့တဲ့ လူတစ်ယောက် ဖြစ်နေလို့ပါ။ ကိုဘအေး တစ်ခါက ရေးခဲ့ဖူးတဲ့ "ကိုဘအေးနဲ့ အလွဲလေးများ" ဆိုတဲ့ စာစုထဲမှာ ကိုဘအေးတို့ မိသားစု နေပြည်တော်ကို သွားဖို့ ရန်ကုန်ဘူတာကြီးမှာ ရထား မှားတက်မိတဲ့ အကြောင်း ရေးဖူးပါတယ်။ ဒါပေမယ့် ရထား မထွက်ခင် ပြန်ဆင်းပြီးတော့ နောက်ရထားအမှန်ကို စီးနိုင်ခဲ့ပါတယ်။

ကိုဘအေးရဲ့ ဘဝမှာ တကယ် ရထား မှားစီးခဲ့တာ ကတော့ ဆယ်တန်း အောင်ကတည်းကပါ။ သိပ္ပံတွဲနဲ့ အောင်ပြီးတော့ မြန်မာစာ အဓိက တက်ခဲ့ရတာကိုပေါ့။ အဲဒီရထားပေါ်က ဆင်းဖို့ ကြိုးစားခဲ့ပေမယ့် နောက်ကျ သွားခဲ့ပါတယ်။ တက္ကသိုလ်ဝင်ခွင့် သိရ ကတည်းက မေဂျာပြောင်း ပြန်လျှောက် ရမှာပါ။ အနည်းဆုံးတော့ Maths မေဂျာ ပြန်ရပါတယ်။ သူငယ်ချင်းတွေ ထဲမှာလည်း ရှိပါတယ်။ တောင်ကြီး ကောလိပ်တို့ ဘာတို့ ရောက်သွားတယ်။

ကိုဘအေးက မန္တလေး တက္ကသိုလ်ကို သွားလိုက်သေးတယ်။ ကျောင်းတွေ ဖွင့်မှ ဆိုတော့ မေဂျာအပြောင်း ပြန်လျှောက်လို့ မရတော့ဘူးပေါ့။ ဒါနဲ့ပဲ အဲဒီ ရထား မှားကြီးကိုပဲ ဆက်စီးပြီးတော့ မြန်မာစာနဲ့ ဘွဲ့ရခဲ့ပါတယ်။

ဘွဲ့ရပြီးတဲ့ အခါကျတော့ ပန်းဆိုးတန်းက လေဘာရုံး ရှေ့မှာ တန်းသွားစီတာက တစ်နှစ်ပါ။ အလုပ်ခေါ်တဲ့ ကြော်ငြာတွေ ကြည့်ပြီး တစ်နေ့ တစ်နေ့ လေဘာ ထပ်ရတာ အမောပဲ။ ကိုယ်က ဘွဲ့ရပြီးမှ လေဘာ (အလုပ်သမား မှတ်ပုံတင်) လုပ်တာဆိုတော့ အချို့က ဆယ်တန်း အောင်ကတည်းက လုပ်ထားတဲ့ လေဘာသက်ကို ဘယ်မှီမလဲ၊ အဲဒီတော့ လေဘာ ထပ်လိုက်ရင် ကိုယ်က ပြုတ်ကျ ကျန်ခဲ့တာ များတယ်။ နောက်ဆုံးတော့ ၁၉၇၃ ခုနှစ်၊ ဇွန်လမှာ လူဝင်မှု ကြီးကြပ်ရေးက စက်စာရင်းပြု ဌာနခွဲ အတွက် ဝန်ထမ်းတွေ အများကြီး ခေါ်ပါတယ်။ ယာယီ အောက်တန်း စာရေးနဲ့ပါ။ ဆွမ်းကြီးလောင်း ဆိုတော့ ကိုဘအေးလည်း ပါသွားတယ်ပေါ့။ အဲဒီ Projectက သုံးနှစ်ဆိုတော့ တခြား ဌာနကူးဖို့ ကြိုးစား ကြရပြန်တယ်။ အဲဒီတုန်းက လူဝင်မှု ကြီးကြပ်ရေးက ပြည်ထဲရေးနဲ့ သာသနာရေး အောက်ပဲ ဆိုတော့ ဝန်ကြီးဌာန တစ်ခုတည်း ဖြစ်တဲ့ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနကို ပြောင်းဖို့ လုပ်ပါတယ်။ နောက်တစ်ခါ ဖွဲ့စည်းပုံအရ နိုင်ငံတော် ကောင်စီရုံးကို ရောက်ပါတယ်။ နိုင်ငံတော် ကောင်စီရုံး မှာလည်းပဲ ရုံးရဲ့ မူအရ ရုံးချုပ် ဒုဦးစီးက သုံးနှစ်နေရင် ဦးစီးဖြေရပြီး နယ်ဒုဦးစီး တွေက ၇နှစ်ဆိုတော့ ရာထူး အတက် မြန်အောင် ရုံးချုပ်မှာပဲ ကပ်နေ လိုက်ပါတယ်။ (အဲဒီတုန်းက နယ်ဆင်း သွားတဲ့ သူတွေ မဝတ အတွင်းရေးမှူး တစ်ခေတ်ကို မှီပြီး စားသာသွားကြပါတယ်။ နောက်ပိုင်းမှာလည်း မယက ဥက္ကဋ္ဌတွေ ဖြစ်ကြပြီး အဆင်တွေ ပြေသွားကြပါတယ်။ အကြောင်းကြောင်းကြောင့် အဆင်မပြေတဲ့ သူတွေလည်း ရှိကြမှာ ဖြစ်ပေမယ့် အနည်းစုပါ) အဲဒီလိုနဲ့ပဲ ဦးစီးအရာရှိ မဖြစ်ခင် ၈၈ အရေးအခင်း ဖြစ်ပြီး နဝတ ရုံးမှာ ခဏနေပြီးတော့ ပြည်ထဲရေးကို အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနအနေနဲ့ ပြန်ပြောင်းရပါတယ်။ ဘဝ သံသရာဆိုတာ ကိုဘအေးတို့မှ အစစ်ပါ။

ကိုဘအေးက ဝန်ထမ်း ရွေးချယ်ရေး စာမေးပွဲ ဝင်ဖြေပြီး ရထားပေါ်က ဆင်းဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ရထားပေါ်က မဆင်းနိုင်ခဲ့ပဲ ရိုးရိုးတန်းကနေ အထက်တန်း၊ အထက်တန်း ကနေ အိပ်စင်၊ အဲဒီလိုပဲ အဆင့်ဆင့် ပြောင်းပြီး နောက်ဆုံး ပင်စင်ဆိုတဲ့ ဘူတာကြီးကိုပဲ ဆိုက်ခဲ့ပါတယ်။

ဆရာ ဒေါက်တာ ခင်မောင်ညိုရဲ့ ဆောင်းပါးကိုပဲ ပြန်ဆက်ချင်ပါတယ်။ "ကျွန်တော်တို့ အလုပ်လုပ်နေတာပေါ့လေ၊ ဒါကို ကျွန်တော်တို့က မှန်တယ်လို့ ထင်နေကြတယ်။ တစ်သက်လုံး သွားခဲ့ ပြီးကာမှ ဒီလမ်းကြီးက လွဲနေတယ် လို့ သိသူတွေ ဘယ်နှစ်ယောက်ရှိလဲ သိပ်နောက်မကျခင် လမ်းကြောင်း ပြောင်းရပါမယ်" ဆရာက ပြောပါတယ်။ တစ်ခါက လူတစ်ယောက် ရှိတဲ့အကြောင်း၊ သူဟာ သိပ္ပံပညာကို တတ်ချင်ပေမယ့် ဒဿနိကဗေဒကို သိပ္ပံပညာလို့ ထင်ပြီး တက္ကသိုလ်မှာ ဘာသာတွဲ မှားသွားကြောင်း၊ သူသိတဲ့ အချိန်မှာ သူပြောင်းလို့ မရတော့ဘဲ သူ့ဘဝကို မြှုပ်နှံ ထားလိုက်ကြောင်း ယနေ့ အထိတော့ သူဟာ ပါမောက္ခအဆင့်ထိ ရောက်ခဲ့ပေမယ့် အရက်သမားကြီး ဖြစ်ပြီး လောကကို အမြင်တွေ မကြည်တော့ကြောင်း ဖြစ်ပါတယ်။

ဒီလိုပဲ ရထားပေါ်က မဆင်းပဲ ပေခံကာ ဘဝကို ဆက်သွားသူတွေထဲမှာ တက္ကသိုလ် ဆရာတစ်ယောက်ဟာ ဘာသာရပ် ဆိုင်ရာမှာလည်း အင်မတန် တော်ပြီး ဒေါက်တာဘွဲ့ထိ ရကြောင်း၊ နိုင်ငံခြား ကိုလည်း အများကြီး သွားရပြီး လုပ်ငန်း မှာလည်း အထိုက်အသင့် အောင်မြင်ကြောင်း၊ ဒါပေမယ့် သူ ဝါသနာ ပါတာက ကာတွန်းရေးဆွဲတာ ဖြစ်ကြောင်း၊ ပါမောက္ခ တစ်ယောက်အနေနဲ့ ကာတွန်း ဆရာဘဝနဲ့ ဘယ်လိုမှ မအပ်စပ်တဲ့ အတွက် နောက်ဆုံး သူအနားယူတဲ့ အခါကျမှ ကာတွန်း စာအုပ်တစ်အုပ် ထွက်ကြောင်း၊ အောင်မြင်ကြောင်း၊ သို့သော် သူ့အသက်အရွယ်နဲ့ နောက်တစ်အုပ် ရေးဖို့ မဖြစ် နိုင်တော့ကြောင်း၊ ရေးနိုင်ရင်တောင် တစ်အုပ်၊ နှစ်အုပ်ပဲ၊ သူကာတွန်းဆရာ မဖြစ်နိုင်တာကို နားလည်ကြမှာပါ။ သူရထားပေါ်က မဆင်းရဲတာပဲ ဆိုတာကို သဘောပေါက်နိုင်ပါကြောင်း ဖြစ်ပါတယ်။

ဆရာ ကထိက ဘဝက တက္ကသိုလ် ဘုန်းနိုင်နဲ့ တွဲလုပ်ဖူးကြောင်း စာရေးဆရာ ဖြစ်ချင်တဲ့အကြောင်း ပြောတော့ စာရေးဖို့ ပြောပြီး အခုကတည်းက စရေးဖို့ ပြောကြောင်း ရထား မှားစီးတဲ့သူတွေဟာ ပြောင်းဖို့ ကြောက်ပြီး ခရီးကလည်း အတော် ရောက်နေပြီဖြစ်တဲ့အတွက် စောင့်ကြည့်ပြီး ခရီး ဆက်ခဲ့ကြကြောင်း ဒီနေ့တော့ ဆရာက သူမလုပ်ချင်တဲ့ အလုပ်တွေကို ရပ်ပြီး လုပ်ချင်တာတွေ လုပ်နေကြောင်း "သူတို့ကို ကျွန်တော် မေးကြည့်တယ်၊ ကျွန်တော် နောက်ကျပြီလား Better be late than Never ဆိုတဲ့ စကားရှိပါတယ်။ နောက်ကျတာဟာ မလုပ်တာ ထက်တော့ ကောင်းပါတယ်။ ယနေ့ ရေဒီယို အသံလွှင့်တဲ့ အစီအစဉ်မှာ ကျွန်တော်ရဲ့ ဆောင်းပါး ပါလာတာကို ကြည်နူးရပါတယ်။ ရုပ်သံလွှင့်ခွင့်တွေ ရတယ်၊ စာအုပ် ၂၅အုပ် ထွက်လာပါပြီ။ ငါတော့ နောက်မကျတာန် ကောင်းပါဘူးဟုသာ မှတ်ယူရပါတယ်"လို့ ပြောပါတယ်။ ကိုဘအေးလည်း အခုတော့ ကိုယ်ဝါသနာပါတာ စာရေးရတဲ့အလုပ် လုပ်နေရပြီဖြစ်လို့ ကိုယ့်စာမူလေးတွေ ဂျာနယ် စာမျက်နှာပေါ်မှာ ဖတ်ရပြီး ကြည်နူးရပြီ ဖြစ်ပါတယ်။ ကိုဘအေးလည်း နောက်မကျသေးဘူးလို့ ယူဆပါတယ်။

ဒါကြောင့် ဆရာ ဒေါက်တာ ခင်မောင်ညိုရဲ့ ဆောင်းပါးက နိဂုံးချုပ် အမှာလေးကိုပဲ ဖော်ပြရင်း အဆုံးသတ်ပါရစေ ............။

"လူငယ်တွေကို မှာချင်တယ်။ မိမိ ရည်ရွယ်ချက်ဟာ ဘာလဲ။ ရထားများ မှားနေပြီလား ဆန်းစစ်ပါ။ ရထား မှားနေရင် ပြန်ဆင်းရပါမယ်။ ရထားပေါ်ကနေ ဆင်းပြီးတော့လည်း မိမိအတွက် သင့်တော်တဲ့ ခရီးကို ဆက်ပါ"

(ဆရာ ဒေါက်တာ ခင်မောင်ညို ကျန်းမာစွာနဲ့ စာတွေ အများကြီး ရေးနိုင်ပါစေ)။

UNIVERSALLY PRESENTABLE...
World-Class Websites
Intuitive Design & Printing
Unique Decoration
MEDIALANE
THE CREATIVE AGENCY
01.430.897, 01.553.918
58B Myanma Gon Yaung Housing
Than Thu Mar Road Tamwe Township 11211
Yangon Myanmar
www.medialane.com.au
ALL THE WAY FROM AUSTRALIA.

အိုင်စီတီ ဂျာနယ်
MYANMAR ICT JOURNAL
Volume 2, Issue 15

# ဗျို့ အာစရိ၊ အာစရိ

ရန်ကုန်မြို့လယ်ခေါင် မဂိုလမ်း (ယခုအခေါ် ရွှေဘုံသာလမ်း) တစ်လျှောက် စုန်ဆန် လမ်းလျှောက်နေသော ဒေါက်တာ ပီတိတစ်ယောက် နောက်မှ ခေါ်သံကို ကြားရသော်လည်း ဤရွှေမြို့တော်မှာ ရန်ကုန် မိမိအား ထိုသို့ လှမ်းခေါ်မည့်သူ ရှိလိမ့်မည်ဟု မထင်မိခဲ့သဖြင့် လှည့်မကြည့်မိခဲ့။ "ဗျို့ ဆရာ၊ ဆရာ ပီတိ" "ခဏလေး နေပါဦး ဆရာ ပီတိ" ကြားမှ ခြေလှမ်းများကို ရပ်တန့်ပြီး အသံလာရာသို့ လှမ်းကြည့်မိပြီး ဖြူ၊ နီ၊ ပြာ၊ ဝါ ရောင်စုံ လူအများကြားကို တိုးဝှေ့၍ မိမိဆီ ဦးတည် ပြေးလာသူကား စာရေးသူ တာဝန်ကျဖူးခဲ့ရ . . . မြို့လေးမှ "ကိုရွှေတိုး"တည်း။

"အမယ်လေး ဆရာရယ်၊ ဆရာ လမ်းလျှောက်တာလည်း မြန်တာ၊ ကျွန်တော် လမ်းထိပ်ကတည်းက တွေ့လို့ လိုက်လာတာ အော်ခေါ်တာလည်း ဆရာက လှည့်မကြည့်ဘူး"

"ဩော် ဟုတ်လားဗျာ၊ Sorryပဲ ကိုရွှေတိုးရယ်၊ ဒါနဲ့ ရန်ကုန် လာတာလား"

"ဟုတ်ပ့ါ ဆရာရယ်၊ သမီးတွေပေ့ါ၊ သင်္ကြန် ပိတ်ရက်မှာသာ သွားလည်ချင်တယ်ဆိုလို့" အံ့ဩမိသည်။ ကိုရွှေတိုး စကားအတိုင်း ချောင်းသာ သွားရန် ရန်ကုန်သို့ ဘာပစ္စည်းများ တက်ဝယ်ရန် လိုအံ့၊

"ဆရာ အချိန်ရရင် လက်ဖက်ရည် သောက်ရင်း စကားပြောရအောင်၊ ဆရာ့ကို တွေ့ရတာ သီကြားမင်းကို တွေ့ရသလိုပဲ။ မေးချင်တာတွေ ရှိနေတာနဲ့ ဟန်ကျတာပဲ"

"ဘုရား၊ ဘုရား သင်္ကြန်ကျခါနီး ငါ့ကို သိကြားမင်းနဲ့ နှိုင်းနေတယ်။ တော်ကြာ သိကြားမင်း ကြားသွားလို့ စိတ်ဆိုးပြီး ဝရဇိန် လက်နက်နဲ့ ငါ့ကို ရွယ်လိုက်မှဖြင့် ..." စိတ်ထဲမှ တွေးရင်း ပြုံးမိသည်။

"အိုကေလေ"

"ဝမ်းတီးဟော့ ပုံမှန်၊ နက်စ်ရှယ်နဲ့ တွဲမယ်"

"ဒီလိုပါ ဆရာရယ်၊ အစိုးရနဲ့ ကျန်းမာရေး ဝန်ကြီးဌာနက ယခု ဧပြီလမှာ ခရမ်းလွန်ရောင်ခြည် သင့်နိုင်လို့ နံနက် (၁၀)နာရီကနေ ညနေ (၄)နာရီအထိ အပြင် မထွက်သင့်ဘူး ကြေညာထားတယ် မဟုတ်လား"

"သမီးတို့က အဲဒီလို တားမြစ်ထားတယ်၊ ဒီနှစ်နွေ ပိတ်ရက် အိမ်မှာနေကြပါ၊ ဘယ်မှ မလည်ကြပါနဲ့ တားတာ ပြောလို့ မရဘူး"

"ခရမ်းလွန် ရောင်ခြည်ဆိုတာ ကာကွယ်လို့ရတယ်၊ Creamလိမ်း၊ မျက်မှန် တပ်ရင် နေရောင်ခြည် မသင့်ဘူး၊ ရန်ကုန်တက်ပြီး ဖေကြီး နေကာမျက်မှန်နဲ့ အလှဆီ Cream မေးစမ်းပြီး ဝယ်ခဲ့ဆိုလို့ ဆရာရယ်"

"ဩော် ဟုတ်ပြီ၊ အခု ဝယ်ပြီးပြီလား"

"မရသေးပါဘူး ဆရာရယ်၊ ဒီလမ်းကို လျှောက်နေတာ (၃)ခေါက်ရှိပြီ၊ ပေါ်တဲ့ မျက်မှန်က ၁၀၀၀တန်လောက် ရှိပြီး ဈေးကြီးတာကလည်း သိန်းဂဏန်းတွေ ဘာဝယ်ရမလဲ မသိလို့"

"ဆရာ အဲဒီ ခရမ်းလွန်ရောင်ခြည်နဲ့ ကျန်းမာရေး ဘယ်လို ထိခိုက်တယ် ဆိုတာလေး ပြောပြပါဦး"

သူပြောမှ မိမိကိုယ်ကို သတိထားမိသည်။ မြို့လယ်ခေါင် နေပူကြီးထဲ ဦးထုပ် မပါ၊ ထီးမပါ အင်္ကျီလက်တိုနှင့် အစုန် အဆန် သွားနေမိတကော။ ချောင်းသာ ရောက်မှ ခရမ်းလွန်ရောင်ခြည် သင့်နိုင်သည် မဟုတ်၊ သင်္ကြန်ရောက်မှ သင့်သည် မဟုတ်၊ ယခုလည်း ရောင်ခြည် သင့်နေလေပြီ။

"ဒီလိုဗျ ကိုရွှေတိုးရဲ့၊ ခရမ်းလွန် ရောင်ခြည်ဆိုတာ Ultra - Vid (UV Rays) ဆိုတာကို ဘာသာပြန်ထားတာ၊ နေရောင်ခြည် ကနေ ထွက်လာတဲ့ စွမ်းအင်တွေထဲမှာ Wavelength ခေါ်တဲ့ လှိုင်းအလျား မျိုးစုံနဲ့ ရောင်ခြည်တွေ ပါတယ်။ ကျွန်တော်တို့ အလင်းရောင်အဖြစ်၊ နေရောင် အဖြစ် မြင်တွေ့နိုင်တဲ့ လှိုင်းအလျားအောက် ငယ်ရှယ်တဲ့ လှိုင်းတွေ၊ ရောင်ခြည်တွေလည်း ရှိတယ်"

"ရှိတော့ ရှိတယ်၊ မမြင်ရတာပေ့ါနော် ဆရာ"

"ဟုတ်တယ် လူ့မျက်စိက ရောင်ခြည်အဖြစ်၊ အလင်းအဖြစ် မမြင်နိုင်ပေမယ့် ရှိနေတဲ့ အဲဒီရောင်ခြည်က လူကို ဒုက္ခ ပေးတတ်တယ်"

"အဲဒီရောင်ခြည်က ဘာလို့ ဒီနှစ်မှ မြန်မာပြည်ကို ရောက်လာရတာလဲ၊ အရင်က ဘယ်ရောက်နေလို့လဲ"

"အရင်ကလည်း ရှိပါတယ်၊ ဒါပေမယ့် ကမ္ဘာ့ပတ်လမ်းကြောင်း၊ နေလည်ပတ်မှု လမ်းကြောင်းနဲ့ အိုဇုန်းလွှာ ပါးလာမှုတွေ အကြောင်း တိုက်ဆိုင်ပြီး ဒီနှစ် နွေရာသီမှာ အာရုံဘက် ဦးတည်လာလို့ပေါ့"

"ဟုတ်တယ်နော် ဆရာ၊ အနောက် နိုင်ငံက လူတွေဆိုရင် နေရောင်ခြည်ဒဏ် ခံချင်လွန်းလို့ ကမ်းခြေမှ ဝတ်လစ်စလစ် တွေနဲ့တောင် နေကြတာ တီဗီထဲတွေ၊ စာစောင်ထဲတွေမှာ မြင်ဖူးတယ်"

"အင်း၊ ဒါလည်း ကမ္ဘာ့အရေပြား ကျန်းမာရေး အဖွဲ့ကြီးက သုတေသန ပြုထားတွေ ရှိတယ်။ ပုံမှန်အားဖြင့် အသားဖြူတဲ့ သူတွေမှာ အသား ညိုမည်း သူတွေလို နေရောင်ခြည်ဒဏ်ကို ခံနိုင်ရည် ရှိစေတဲ့ Melanin မယ်လနင်ဓာတ် လျော့နည်းကျလို့ သူတို့က နေရောင်ခြည် ခံရင် ဒီဓာတ် များလာမှာပဲလို့ အယူအဆ လွဲနေကြတယ်လို့ ဖော်ပြထားတာ ဖတ်ဖူးတယ်"

"အဲဒီ UV Rays ခရမ်းလွန်ရောင်ခြည်က ခဏတာ ထိတာလား၊ ကြာရှည် ထိတာလား အပေါ် မူတည်ပြီး တစ်မျိုးစီ ဒုက္ခ ပေးနိုင်တယ်။ ခဏတာ ထိသူတွေဆိုရင် Sun Burn (နေလောင်) တာတွေလောက်ပဲ ဖြစ်ကြတယ်။ "အလင်းအဖြစ် မတွေ့ရ ပေမယ့် အပူအဖြစ်နဲ့တော့ အလောင် ခံရတယ်"

"အဲ.. ရေရှည် ထိတွေ့သူတွေကျတော့ အရေပြား ဆဲလ်တွေရဲ့ အသက်ဌာနချုပ် ဖြစ်တဲ့ Nucleus ထဲက မျိုးရိုးဗီဇ ထိန်းချုပ်မှုရဲ့ အထွက်အထိပ် ဖြစ်တဲ့ DNA တွေကို ကမောက်ကမတွေ ဖြစ်စေတယ်၊ အရည်အချင်း မမီတာတွေ ဖြစ်တော့ နောက်ဆုံး အရေပြား ကင်ဆာဘဝကို ရောက်ရတာပဲ"

"ဟုတ်လား ဆရာ၊ ကြောက်စရာကြီး"

ဒါကြောင့်မို့ နေရောင်ခြည် မသင့်အောင် အပူရှိန်ပြင်းတဲ့ နေ့လည်ဘက်ကို အပြင် မထွက်စေချင်တာ၊ ထွက်ရင်လည်း ထီး၊ ဦးထုပ်ဆောင်း၊ အင်္ကျီလက်ရှည်၊ လုံခြည်၊ ဘောင်းဘီ၊ လုံခြုံအောင် ဝတ်၊ နေကာ မျက်မှန် တပ်"

"နေကာ မျက်မှန်ကလည်း ၁၀၀၀တန် လောက်နဲ့တော့ မရဘူး"

"UV-Aနဲ့ B နှစ်မျိုးလုံး ကာကွယ်နိုင်တဲ့ အဆင့်အတန်း ရှိရုံလောက်တော့ ဝယ်သင့်တယ်"

"အခုတော့ မြို့ထဲက ဆိုင်မှန်သမျှက တွေ့သမျှ မှန်တိုင်းကို UV ကာကွယ်တယ် ပြောရောင်းနေကြတာပဲ"

"အဲဒါတော့ ဆရာလည်း မပြော တတ်ဘူး၊ နာမည်ရှိတဲ့ အမျိုးအစား တွေကတော့ မှန်မယ် ထင်ပါရဲ့"

"နေရောင်ဒဏ် ကာကွယ်ဖို့ လိမ်းဆေး ဆီကရော"

"ဒါကတော့ အလှကုန်ဆိုင်တွေ၊ Supermarketတွေမှာ မေးကြပေ့ါ"

"UV ကာကွယ်တဲ့ Sunscreenခေါ်တဲ့ Creamတွေ ရှိတယ်"

"သူကလည်း တစ်ခါလိမ်းရုံနဲ့ တစ်နေကုန် ကာကွယ်တာ မဟုတ်ဘူး"

"သတ်မှတ်ထားတဲ့ အတိုင်း အကြိမ်ကြိမ် လိမ်းရတာ"

"မလွယ်ပါလား ဆရာရယ်၊ သမီး မွေးထား မိတော့လည်း"

"တောမှာကမှ သစ်ရိပ်၊ ဝါးရိပ်တွေ ရှိတော့ တော်သေးတယ်၊ ရန်ကုန်များ ပူလိုက်တာ မပြောနဲ့ ဆရာရယ်"

"ဟုတ်တယ်ဗျာ၊ အခုလို ဒီမိုကရေစီ ခေတ်ကြီးမှာ အစိုးရနဲ့ ယာဉ်ထိန်းအဖွဲ့ တွေက VIP ကားတွေကိုပဲ မှန်အနက် ကပ်ခွင့်ပေးပြီး သာမန်လူတွေက ကပ်ရင် ဖမ်းဆီးတာ မလုပ်စေချင်ဘူး။ အားလုံး လူတွေပဲလေ၊ UVရဲ့ အန္တရာယ် ရှောင်နိုင်သမျှ ရှောင်နိုင်ရမှာပေ့ါ"

အပြန်လမ်းတွင် စီးသော Taxi ဆရာမှ ညည်းသည်။ သူပြောတာ မှန်ပါသည်။ ပြည့်သူ့အကျိုး ထမ်းဆောင်နေသော တိုင်းပြည် လူကြီးမင်းများ ၎င်းတို့၏ အသက်အန္တရာယ် လုံခြုံရေးအတွက် သာမန်ပြည်သူတွေကို UVဒဏ် ခံခိုင်းမည်လော။ စဉ်းစားကြည့်ပါ ကိုရွှေသင်္ကြန်။

# ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါများ (NCD) ဆိုင်ရာ အာဆီယံ ကွန်ယက်စတင်

Philipsမှ ပံ့ပိုး ကူညီပေးမည့် အာဆီယံ NCD ကွန်ယက်သည် အာဆီယံ ဒေသ တစ်ဝှမ်း ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါများအား စီမံထိန်းချုပ်ရေးဆိုင်ရာ ဆန်းသစ် တီထွင်မှုများကို လေ့လာနိုင် ဆောင်ရွက်သွားမည် ဖြစ်သည်။ ကူးစက် နိုင်ခြင်း မရှိသည့်ရောဂါများနှင့် ပတ်သက်၍ အသိပညာပေးရန် ဒေသ တစ်ဝှမ်း ဒစ်ဂျစ်တယ်လ် သတင်းအချက်အလက်များ သိုမှီးနိုင်မည့် ဒစ်ဂျစ်တယ်လ် ပလက်ဖောင်း ကိုလည်း ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။ အာဆီယံ ဒေသတွင်းရှိ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု ကျွမ်းကျင်သူများ ပါဝင်သောအဖွဲ့က ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါများ ဆိုင်ရာ အာဆီယံ အဆင့် ကွန်ယက် စတင် ဖွဲ့စည်းခြင်းနှင့် အာဆီယံ ဒေသ တစ်ဝှမ်း ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါများအား စီမံထိန်းချုပ်ရေး ဆိုင်ရာ ဆန်းသစ် တီထွင်မှုများ မှတ်တမ်းစုကို ပြုစုမည် ဖြစ်ကြောင်း ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က ကြေညာခဲ့ပါသည်။

အာဆီယံ NCD ကွန်ယက်သည် ဒေသ တစ်ဝှမ်းရှိ ကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာ ကျွမ်းကျင်သူများက ကူးစက် နိုင်ခြင်း မရှိသည့် ရောဂါများနှင့် ပတ်သက်၍ ကိစ္စအဝဝကို အတူတကွ လက်တွဲ ဆွေးနွေး ဆောင်ရွက်သွားရန် သဘောတူညီချက်ဖြင့် အလွတ်သဘော ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ကွန်ယက် အနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် အာဆီယံ ဒေသတွင်းတွင် အကြံဉာဏ်များနှင့် အကောင်းဆုံး ကုသမှု၊ စီမံမှု နည်းစနစ်များကို မျှဝေရန် ရည်ရွယ်သည်။ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူ နိုင်ငံများတွင် ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါများကို စီမံထိန်းချုပ်ရန် နည်းလမ်းသစ်များကို အသေးစိတ် မှတ်တမ်းတင်မည့် မှတ်တမ်းစုသည် အာဆီယံ NCD ကွန်ယက်၏ ပထမဆုံးသော ဆောင်ရွက်ချက် ဖြစ်သည်။ ယခုနှစ် အဓိကထား လေ့လာမည့် အကြောင်းအရာမှာ ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါတစ်မျိုး ဖြစ်သော သွေးတိုး ရောဂါပင် ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ( WHO)၏ အဆိုအရ ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါများသည် ကမ္ဘာတွင် သေဆုံးရမှု၏ အကြီးမားဆုံး အကြောင်း တစ်ရပ်ဖြစ်ပြီး ၂၀၀၈ခုနှစ်က လူ ၃၆သန်း ကျော်သည် အဆိုပါ ရောဂါများကြောင့် သေဆုံးခဲ့ရသည်။ တကယ်တမ်း၌ ကမ္ဘာ တစ်ဝှမ်းလုံးမှ သေဆုံးသူ သုံးဦးတိုင်းတွင် နှစ်ဦးသည် ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါများကြောင့် သေဆုံးရခြင်း ဖြစ်သည်။ အရှေ့တောင်အာရှ ဒေသတွင်လည်း အဆိုပါ ရောဂါများ တိုးပွားလာမှုကြောင့် နှစ်စဉ် လူ ၂.၅သန်း သေဆုံးလျက်ရှိပြီး အာဆီယံဒေသတွင် သေဆုံးမှုပေါင်း၏ ၆၀ရာခိုင်နှုန်းမှာ ယင်းကူးစက်နိုင်ခြင်း မရှိသည့် ရောဂါများကြောင့် ဖြစ်သည်။ ယင်းရောဂါများ၏ အကျိုးသက်ရောက်မှု မြင့်မားလာသည်နှင့် အမျှ ထိုရောဂါများကြောင့် နှစ်စဉ် သေဆုံးရမှုမှာလည်း ကမ္ဘာ့တစ်ဝှမ်း ဆက်လက် မြင့်တက်လာရန် ရှိကြောင်း ခန့်မှန်းရသည်။

"ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါတွေကြောင့် အချိန်တိုတိုအတွင်းမှာ တိုးမြင့်လာတဲ့ ပြဿနာတွေနဲ့ စိန်ခေါ်မှုတွေရဲ့ အခြေအနေမှန်ကို အရှေ့တောင် အာရှဟာ သဘောပေါက်လာနေပါပြီ။ လွန်ခဲ့တဲ့နှစ်က ဆွေးနွေးပွဲရဲ့ အဓိက တွေ့ရှိချက်က မြင့်မားလာတဲ့ ရောဂါ ဖြစ်ပွားနှုန်းကို ကိုင်တွယ်ဖို့ ထိရောက်မှု များများ ရှိမယ့် အရေးပါတဲ့ ဆောင်ရွက် ချက်တွေ လိုတယ်ဆိုတာကို ဖော်ပြ ထားပါတယ်။ NCD ကွန်ယက်ကတော့ ဒေသတွင်းက နိုင်ငံတွေကို ဖြစ်နိုင်ခြေရှိတဲ့ အဖြေတွေ ကူညီရှာဖွေပေးဖို့ စတင်လိုက်တဲ့ ပထမ ခြေလှမ်းပဲ ဖြစ်ပါတယ်"ဟု Philips ကျန်းမာရေး ဝန်ဆောင်မှုမှ အာဆီယံ ဆိုင်ရာ အထွေထွေ မန်နေဂျာ ပင်းဆင့်ချန်းက ပြောသည်။

မြန်မာနိုင်ငံတွင် ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါများကြောင့် သေဆုံးရမှုမှာ သေဆုံးသူ အားလုံး၏ ၄၀ရာခိုင်နှုန်း ရှိပြီး ယင်းရောဂါများကို ၂၁ရာစု၏ ရောဂါများ ဟုလည်း ခေါ်ကြသည်။ ယင်းရောဂါများ အနက် နှလုံးသွေးကြောဆိုင်ရာ ရောဂါသည် သေဆုံးမှုနှုန်း ၂၁ရာခိုင်နှုန်းဖြင့် သေဆုံးမှု အမြင့်ဆုံး ရောဂါဖြစ်သည်။ NCD ကွန်ယက်သည် ဒေသတွင်းတွင် အဓိက ရောဂါလေးမျိုး ဖြစ်သည့် နှလုံးသွေးကြော ဆိုင်ရာ ရောဂါများ (CVD)၊ ဆီးချို၊ ကင်ဆာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ နာတာရှည် ရောဂါများကို အဓိကထားရန် ရည်ရွယ်သည်။

အာဆီယံ NCD ကွန်ယက်၏ အရေးပါသော စွမ်းဆောင်မှုသည် ၂၀၁၂ခုနှစ်က ကျင်းပခဲ့သည့် အာဆီယံ ကျန်းမာရေး စောင့်ရှောက်မှု ညှိနှိုင်း ဆွေးနွေးပွဲမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ယင်း ဆွေးနွေးပွဲများတွင် ကျော်ကြားသည့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ကျွမ်းကျင်သူများနှင့် အတွေးအမြင် ရှိသည့် ခေါင်းဆောင်များက ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါများကို စီမံထိန်းချုပ်ရာတွင် နိုင်ငံတစ်ခုစီအလိုက် ရင်ဆိုင်နေရသည့် ကြီးမားသော စိန်ခေါ်မှုများစွာနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ အာဆီယံ NCD ကွန်ယက်သည် အကောင်းဆုံး ကာကွယ် ကုသနည်းများကို မျှဝေခြင်း၊ ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ခြင်းနှင့် ထိုမှတစ်ဆင့် နိုင်ငံတစ်ခုချင်းစီနှင့် ဒေသတွင်းရှိ လူထုကြားတွင် တကယ် အပြောင်းအလဲကို ဖော်ဆောင်နိုင်မည့် အဖြေကို အတူတကွ ဖန်တီးခြင်း စသည်ဖြင့် ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါများ၏ အန္တရာယ်ကို ကိုင်တွယ် ဖြေရှင်းရန် ရည်ရွယ်သည်။

Philipsသည် NCD ကွန်ယက်တွင် ကျွမ်းကျင် ပညာရှင်များ အတူတကွ အလုပ် လုပ်ဆောင်နိုင်စေရန် အွန်လိုင်း ဒစ်ဂျစ်တယ်လ် ပလက်ဖောင်းအား ဖော်ဆောင်မည့် အစီအစဉ်ကိုလည်း ထပ်မံ ပံ့ပိုးပေးလျက်ရှိပြီး ယင်းပလက်ဖောင်းသည် ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါများနှင့် ပတ်သက်သည့် အာဆီယံဒေသဆိုင်ရာ သတင်းအချက်အလက်များ သိုမှီးရန် မရှိမဖြစ် လိုအပ်သည့် သတင်း အချက်အလက် ဘဏ်တိုက်အဖြစ် လည်းကောင်း၊ ဒေသတွင်းမှ စံနမူနာ ယူစရာ ဆန်းသစ်တီထွင်မှုများကို အသေးစိတ် အခြေအနေ လေ့လာမှုများ လုပ်ဆောင်နိုင်မည့် နေရာ ဖြစ်လာစေရန် မျှော်လင့်ထားသည်။ "အာဆီယံနိုင်ငံတိုင်းဟာ ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးကို ထိထိရောက်ရောက် ဘယ်လိုကိုင်တွယ် ရမလဲဆိုတဲ့ စိန်ခေါ်မှုတွေနဲ့ ရုန်းကန် နေရတယ်။ နိုင်ငံတိုင်းမှာ အကောင်းဆုံး လုပ်နိုင်တဲ့ အပိုင်းလေးတွေ ရှိတယ်။ စီးပွားရေး အရင်းအမြစ် အနည်းဆုံး ဖြစ်တဲ့ နိုင်ငံတွေတောင်မှ သူ့အပိုင်းနဲ့သူ အကောင်းဆုံး လုပ်နိုင်တာတွေ ရှိတယ်။ ကူးစက်နိုင်ခြင်း မရှိသည့် ရောဂါတွေဟာ အာဆီယံအတွက် အတူတကွ ရင်ဆိုင် နေရတဲ့ စိန်ခေါ်မှုပါပဲ။ ကျွန်တော်တို့တွေ အားလုံး အတူတကွ လက်တွဲ လုပ်ဆောင်ဖို့ လိုပြီး တစ်ဦးဆီက တစ်ဦး သင်ယူလေ့လာ ဖို့လည်း လိုတယ်"ဟု ဒေါက်တာ ဂျာရမီက ပြောသည်။

# ပထမဆုံး မြန်မာ့အမွေအနှစ်ဆိုင်ရာ Documentary (သို့မဟုတ်) Yangon, A City to Rescue



"ဟောင်ကောင်ရဲ့ ကိုလိုနီခေတ်လက်ကျန် အဆောက်အအုံတွေဟာ တစ်စွန်းတစ်စတောင် မြို့တွင်းမှာ မကျန်ရှိတော့ပါဘူး။ ဟောင်ကောင်မြို့ဟာ သူ့ရဲ့ သမိုင်းဝင်လက်ရာတွေကို ဆုံးရှုံးစေခဲ့ပါတယ်။ ဒီလိုဖြစ်ရပ်မျိုးကို ရန်ကုန်မှာ ထပ်မဖြစ်ပါစေနဲ့"။ ဒီစကားကတော့ အပြည်ပြည်ဆိုင်ရာ ရန်ကုန်မြို့ အမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ Yangon Herritage Trust's အစည်းအဝေးရဲ့ ပြင်းထန်တဲ့ သတိပေးချက် တစ်ခုပဲ ဖြစ်ပါတယ်။

YHT (Yangon Herritage Trust's)ဟာ ရန်ကုန်ရဲ့ အမွေအနှစ်တွေကို ထိန်းသိမ်းနိုင်ဖို့အတွက် လိုအပ်တဲ့ အကူအညီများကို စိတ်ပါဝင်စားသူတွေထံ တောင်းခံခဲ့ပါတယ်။ ဒါကြောင့်လည်း မှတ်တမ်းတင် ဓာတ်ပုံဆရာ နှစ်ဦးဖြစ်တဲ့ Jacques Maudy jimi casacciaတို့က အထောက်အထားတွေကို ဖော်ပြနိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ရလဒ်အနေနဲ့ ရန်ကုန်မြို့မှာရှိတဲ့ သမိုင်းဝင်နေရာတွေရဲ့ ဓာတ်ပုံများစွာကို စုဆောင်းနိုင်ခဲ့ပြီး Yangon, A City to Rescue ဆိုတဲ့နာမည်နဲ့ Documentary စာအုပ် တစ်အုပ်ကို ထုတ်ဝေနိုင်ခဲ့ပါတယ်။

ရန်ကုန်မြို့ဟာ အာဆီယံနိုင်ငံမှာ ရှိတဲ့ မြို့များနှင့်နည်းတူ လျင်မြန်စွာ တိုးတက် ပြောင်းလဲနေတယ်။ ခေတ်မီတဲ့ အဆောက်အဦးများစွာကို အလျင်အမြန်ပဲ တည်ဆောက်လာကြပါတယ်။ ဒါပေမယ့် ယစ်မူးစေလောက်တဲ့ ပုံစံတွေနဲ့ ကိုလိုနီခေတ် လက်ရာတွေကို မှီနိုင်လောက်တဲ့ လက်ရာတွေတော့ မဖန်တီးနိုင်တော့ပါဘူး။

မြန်မာနိုင်ငံရဲ့ သမိုင်းမှာ နိုင်ငံရေး ရှုပ်ထွေးမှုပေါင်းများစွာနဲ့ သဘာဝ ဘေးအန္တရာယ် ပြဿနာတွေကြောင့် ပျက်စီးသွားတဲ့ သမိုင်းဝင် အဆောက်အဦးများအား ပြင်ဆင်မှုတချို့ ပြုလုပ်ခဲ့တာတွေ ရှိခဲ့ပါတယ်။ အခုဆိုရင် နိုင်ငံတော် အစိုးရက ဒီမိုကရေစီလမ်းကြောင်း ရောက်ဖို့အတွက် တစ်ဆင့်ပြီး တစ်ဆင့် ကြိုးစားနေပါတယ်။ ဒီအချိန်မှာ နိုင်ငံကို ပြုပြင်ပြောင်းလဲရေးအတွက် စနစ်ကိုသာ မကပဲ စီးပွားရေးနဲ့ လူနေမှု အပိုင်းတွေကိုပါ ပြောင်းလဲ မြှင့်တင်နိုင်ဖို့ လုပ်ဆောင်နေချိန် ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ကာလအတွင်း စီးပွားရေး နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်း နိုင်ငံတကာက မြန်မာနိုင်ငံမှာ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်ဖို့ စိတ်ဝင်စားနေကြသလို အဆိုပါ အဆောက်အဦးများကိုလည်း စိတ်ဝင်တစား လေ့လာသူတွေ များလာနေပါတယ်။

ရန်ကုန်ရဲ့ ကိုလိုနီခေတ် လက်ရာ အဆောက်အဦးတွေထဲက တချို့ဟာ အခုချိန်မှာဆိုရင် မူရင်းလက်ရာအတိုင်း မကျန်ရှိတော့ပါဘူး။ သူတို့ထဲက တော်တော်များများဟာ ပြန်လည် ပြုပြင်လိုက်ခြင်း သို့မဟုတ် အဖျက်ဆီး ခံလိုက်ရပြီး အဲဒီနေရာတွေမှာ အဆောက်အဦးသစ်တွေ အစားထိုး တည်ဆောက်လိုက်လို့ပဲ ဖြစ်ပါတယ်။ Jimi Casacciaနဲ့ Jacques Maudyတို့နှစ်ယောက်ဟာ ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ရဲ့ အစီအစဉ်အဖြစ် ရွှေမြန်မာတို့ရဲ့ အဆောက်အဦးဆိုင်ရာ သမိုင်းအထောက်အထားတွေကို ဖော်ထုတ် တင်ပြနိုင်ဖို့အတွက် Volunteerတွေအဖြစ် ကူညီဆောင်ရွက်ခဲ့ပါတယ်။

ယခုအခါ မြန်မာနိုင်ငံရဲ့ ပွင့်လင်းရာသီကို ရောက်ရှိနေပြီ ဖြစ်တဲ့အတွက် သူတို့နှစ်ယောက်ဟာ အခုခေတ်မှာ မြင်တွေ့ရမှု နည်းပါးလာပြီဖြစ်တဲ့ ရန်ကုန်မြို့မှာရှိတဲ့ ကိုလိုနီခေတ် လက်ကျန် အဆောက်အဦးတွေရဲ့ ဓါတ်ပုံတွေနဲ့ သက်ဆိုင်ရာ အချက်အလက်တွေကို လိုက်လံ စုဆောင်းခဲ့ကြပါတယ်။ ဒီလို စုဆောင်းခြင်းတွေကပဲ ရရှိလာတဲ့ ဓာတ်ပုံတွေ၊ အထောက်အထားနဲ့ အချက်အလက်တွေကို စာအုပ် ထုတ်ဝေနိုင်ခဲ့တာ ဖြစ်ပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ နိုင်ငံရဲ့ အတိတ်သမိုင်းကြောင်းတွေနဲ့ အဆိုပါ အဆောက်အဦးတွေရဲ့ ခက်ခဲစွာ ဖြတ်သန်းလာရတဲ့ အချိန်တွေကို ဖော်ထုတ် တင်ပြနိုင်ခဲ့သလို၊ ဖော်ထုတ် တင်ပြနိုင်ခဲ့သူတွေ အတွက်ပါ ဂုဏ်ယူစရာ ကောင်းလှပါတယ်။







Jimi Casacciaနှင့် Jacques Maudyတို့ဟာ ရန်ကုန်မြို့မှာရှိတဲ့ ကိုလိုနီခေတ် အဆောက်အဦးတွေရဲ့ မူရင်း ပုံစံတွေနဲ့ ပြောင်းလဲသွားတဲ့ ပုံစံတွေကို အတတ်နိုင်ဆုံး ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် စုစည်းနိုင်ခဲ့ပါတယ်။ သူတို့ရဲ့ ဓာတ်ပုံတွေကို ကြည့်ရှုရုံနဲ့ အဲဒီ အဆောက်အဦးတွေရဲ့ ခမ်းနားကြီးကျယ်မှု၊ ဗိသုကာ လက်ရာမြောက်မှုတွေ ဘယ်လောက် ရှိတယ်ဆိုတာကို သိမြင်နိုင်မှာပါ။

နောက်ပြီးတော့ ရင်သပ်ရှုမောရလောက်အောင် ခမ်းနားကြီးကျယ် ထည်ဝါတဲ့ ကိုလိုနီခေတ် တရားရုံးလို အဆောက်အဦးမျိုးတွေဟာ တန်ဖိုး မဖြတ်နိုင်လောက်အောင် နိုင်ငံအတွက် အရေးပါတယ်ဆိုတာ ပေါ်လွင်စေပါတယ်။ ဒီလိုမျိုး တန်ဖိုးကြီးတဲ့ သမိုင်းဝင် အဆောက်အဦးတွေဟာ အစိုးရရဲ့ ထိန်းသိမ်းပြုပြင်မှု အားနည်းနေခြင်းတွေကြောင့် နိုင်ငံတကာမှာ တိတ်ဆိတ်စွာနဲ့ ပျောက်ကွယ်သွားနေတဲ့ အချက်တွေကိုလည်း ထောက်ပြနိုင်ခဲ့ပါတယ်။ ယခုအခါမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဖခင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း လက်ထက် အတွင်းက တည်ဆောက်ခဲ့တဲ့ အဆောက်အဦး တစ်ချို့သာ အထိမ်းအမှတ်သဘောမျိုး ကျန်ရှိနေပါတော့တယ်။

Jimi Casacciaနှင့် Jacques Maudyတို့နှစ်ယောက်ဟာ ရန်ကုန် အမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့နဲ့ ပူးပေါင်းပြီး ၂၀၁၂ခုနှစ် မေလနဲ့ ဇွန်လတွေမှာ ရန်ကုန်မြို့Strand Hotelမှာ သမိုင်းဝင် အဆောက်အဦးတွေအကြောင်းနဲ့ အခြားသော စိတ်လှုပ်ရှားဖွယ်ရာ အကြောင်းအရာတွေကို စုစည်း တင်ပြနိုင်ခဲ့ပါတယ်။ အဲဒီလို ပြပွဲတွေ ပြုလုပ်နိုင်ခဲ့ခြင်းနဲ့ မှတ်တမ်းတင် စာအုပ် ထုတ်ဝေနိုင်ခဲ့ခြင်းတွေက အနုပညာလက်ရာမြောက်တဲ့ သမိုင်းဝင် အဆောက်အဦးတွေကို ထိန်းသိမ်းနိုင်မှု အားနည်းခြင်းတွေကြောင့် ပျောက်ကွယ်သွားနိုင်တဲ့ အခြေအနေတွေကနေ ကာကွယ်ဖို့ ထောက်ပြ သတိပေးနိုင်ခဲ့ပါတယ်။

Ref: www.jjmcphoto.com

P.S.A
Computer Sales and Service Centre

P4 New
478 MB
GPU 2.4
RAM 1GB
H.D 40GB(1', DE)
Casing, Power Supply
Keyboard, Mouse
Price : 69,000

P4 New
478 MB
GPU 2.4
RAM 1GB
H.D 160GB(1', DE)
Casing, Power Supply
DVD Writer (1', DE)
Acer 18.5" LED Monitor
Price : 159,000

P5 New
Gigabyte HG 1MB
GPU (Dual Core 2.8 GHz)
RAM DDR3 2GB
H.D 500GB(Suta)
Casing, Power Supply
DVD Writer (Suta)
Acer 18.5" LED Monitor
Price : 279,000

P5 New
Gigabyte HG 1MB
Core i3(3.3GHz)
RAM DDR3 4GB
H.D 500GB(Suta)
Casing, Power Supply
DVD Writer (Suta)
Acer 18.5" LED Monitor
Price : 329,000

No.155. Seik Kan Thar Street (lower Block),Kyauktada Towship, Yangon. Ph: 01-249-648, 09-5199882,09-421084883, 09- 5051561

အိုင်စီတီ ဂျာနယ်
Volume 2, Issue 15
MYANMAR ICT JOURNAL

# ရုပ်နာမ်သဘောကို သိကြည့်ခြင်း

ငါ သူတစ်ပါး ယောက်ျား မိန်းမ ဆိုတာမရှိဘူးတဲ့! ရုပ်နာမ်ပဲ ရှိတယ်တဲ့!

ဟုတ်လို့လား?

ခန္ဓာကိုယ်က တစ်ခု၊ ခံစားတဲ့စိတ်၊ မှတ်သားတဲ့စိတ်၊ သိတဲ့စိတ်၊ ပြုပြင်စေ့ဆော် ပြုလုပ်ဖန်တီး လှုံ့ဆော်တိုက်တွန်းတဲ့ စိတ် ပေါင်းရင် လေးခုဆိုတော့ ခန္ဓာငါးပါး သို့မဟုတ် ရုပ်နာမ် နှစ်ပါးပဲ ရှိတယ်တဲ့။

ဟုတ်လို့လား?

လူတွေ ဒီလောက်များတာ ဟုတ်ပါ့မလား?

ကမ္ဘာကြီးထဲက လူဦးရေသန်းပေါင်း ၇၀၀၀ကို သိကြည့်မယ်!

ခန္ဓာကိုယ်ထဲက ၃၂ခုသော ပစ္စည်းတွေဟာ ရုပ်၊ ဦးခေါင်း၊ ခန္ဓာကိုယ်၊ လက်၊ ခြေဆိုတာ ရုပ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတာ ရုပ်၊ နားနဲ့ကြားရတဲ့အရာ တွေဟာ ရုပ်၊ နှာခေါင်းက အနံ့ရတယ်ဆိုတာ ရုပ်၊ လျှာကရတဲ့ အရသာဆိုတာတွေဟာ ရုပ်၊ ခန္ဓာကိုယ်နဲ့ ထိတွေ့မှုမှန်သမျှဟာ ရုပ်၊ စဉ်းစားတွေးတောမှုရဲ့ တည်ရာဟာ ရုပ်၊ အသက်ရှင်နေတဲ့ တစ်ချိန်လုံးမှာ ရန်သူမျိုးငါးပါးရဲ့ နှိပ်စက်တဲ့ဒဏ်ကို ခံနေရတာ ရုပ်၊ (ရန်သူမျိုးငါးပါး - ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ)၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတွေ ဖြစ်နေတာ ရုပ်။

ရုပ်ခန္ဓာရှိလို့သာ ရုပ်ခန္ဓာရဲ့ ပစ္စည်းမျိုးစုံနဲ့ နှိပ်စက်ခြင်းကို ခံနေရတာပဲ။ ရုပ်ခန္ဓာတစ်ခု ဖြစ်လာရတဲ့ အစကို သိကြည့်ဦးမယ်။ မိဘရဲ့ သုက်သွေး အညစ်အကြေးကို အထည်ကိုယ်အဖြစ် မှီကပ်ပြီး မိခင်ရဲ့ ဗိုက်ထဲမှာ သန္ဓေသား ဘဝနဲ့ နေခဲ့ရတယ်။ မိခင်ဖြစ်သူရဲ့ သားအိမ်၊ အစာအိမ်သစ်၊ ကျင်ကြီး၊ ကျင်ငယ်အိမ်တွေ ကြားထဲမှာ နေခဲ့ရတဲ့ သန္ဓေသားဘဝကို သိကြည့်ရင် ရွံစရာကြီး။ မိခင်ရဲ့ ဗိုက်ထဲမှာ နေနေရတဲ့ အကျယ်အဝန်းက အလွန်ဆုံးရှိရင် တစ်ပေ ပတ်လည်လောက်ပဲ ရှိမယ်။ ကျပ်ကျပ်တည်းတည်း ကွေးကွေးလေးနဲ့ ကိုးလလောက် နေခဲ့ရတယ်။ သဘာဝမကျစွာ လမစေ့ဘဲ မွေးရင်လည်း လူဖြစ်လာပေမယ့် အင်္ဂါအပြည့်အစုံ ဖြစ်ဖို့ မသေချာဘူး။ ရုပ်လို့ခေါ်တဲ့ လူ့ခန္ဓာကိုယ်ကို အသေးစိတ် လေ့လာကြည့်ရင် သေးငယ်လွန်းတဲ့ ကလာပ်စည်း တစ်ခုချင်း စုပေါင်းထားတဲ့ ခန္ဓာကိုယ်တစ်ခုအဖြစ် လောကထဲကို လူအဖြစ်နဲ့ ရောက်ရှိလာတာပဲ။ ဗိုက်ထဲမှာ သန္ဓေသားအဖြစ် ရောက်လာတည်းက တစ်ခါမှ ရုပ်တန့်ခြင်းမရှိဘဲ မွေးဖွားလာဖို့အတွက် အဆက်မပြတ် ကြီးထွား ပြောင်းရွှေ့လာရတယ်။ မွေးချိန်တန်ရင် မွေးဖွားလာတယ်။

ရုပ်နာမ်ပဲ ရှိသူတွေကြားထဲမှာ သက်ရှင်လှုပ်ရှား ကြီးပြင်းလာတယ်။ တဖြည်းဖြည်း အိုမင်းလာတယ်။ နောက်ဆုံးမှာ သေဆုံးသွားတယ်။ ဒီဇယားဟာ လူမှန်ရင် ဘယ်နေရာမှာပဲနေနေ၊ ဘာလူမျိုးပဲဖြစ်ဖြစ်၊ ဘယ်ဘာသာပဲ ကိုးကွယ် ကိုးကွယ်၊ ကလေးပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ်၊ ရုပ်တစ်ခု ရရှိခြင်းရဲ့ ဖြစ်ရိုးဖြစ်စဉ် သီအိုရီ။

အဲဒီ ရုပ်တစ်ခုနဲ့ အတူတူပါလာတဲ့ နာမ်(စိတ်)က လေးမျိုး။ ခံစားတဲ့စိတ်၊ မှတ်သားတဲ့စိတ်၊ သိတဲ့စိတ်၊ လှုံ့ဆော်တိုက်တွန်း ပြုလုပ်တဲ့စိတ်။ ရုပ်တစ်ခု စိတ်လေးခု ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး။

## ခံစားတဲ့စိတ်သဘောကို သိကြည့်ခြင်း

လူ့လောကထဲကို လူအဖြစ်နဲ့ ရောက်ရှိလာတည်းက ခန္ဓာကိုယ်နဲ့ အတူပါလာတဲ့ စိတ်လေးခုထဲက ခံစားတဲ့စိတ်။ မျက်စိနဲ့ မြင်သမျှ၊ နားနဲ့ ကြားသမျှ၊ အနံ့ ရသမျှ၊ အရသာ မှန်သမျှ၊ ခန္ဓာကိုယ်နဲ့ ထိတွေ့သမျှ၊ စဉ်းစားတွေးတော ကြံစည်သမျှ အကုန်လုံးကို ခံစားတယ်။ ခံစားတဲ့ အလုပ်ဟာ ခံစားစိတ်ရဲ့ အလုပ်ပဲ။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ ပစ္စည်းခြောက်ခုကြောင့် ဖြစ်ပေါ်လာတဲ့ အာရုံခြောက်ပါးရဲ့ အထိအတွေ့ အကုန်လုံးကို ခံစားတယ်။ ကောင်းတဲ့အရသာ၊ ကုသိုလ် အရသာတွေကို ခံစားတယ်။ မကောင်းတဲ့အရသာ၊ အကုသိုလ် အရသာတွေကို ခံစားတယ်။ ကောင်းတာလည်း မဟုတ်၊ မကောင်းတာလည်း မဟုတ်တဲ့ ခံစားမှုမျိုးလည်း ရှိတယ်။ ခံစားလို့ကြိုက်ရင် ကျေနပ်တယ်။ အကြိမ်ကြိမ် ခံစားတယ်။ ခံစားလို့ မကြိုက်ရင် ဒေါသဖြစ်တယ်။ ခံစားတဲ့ စိတ်ရဲ့ အာရုံဝင်စားမှု အပြင်းထန်ဆုံးကတော့ အာရုံခြောက်ပါးရဲ့ ကာမဂုဏ် ကိစ္စတွေပါပဲ။ မွေးတည်းက ခန္ဓာကိုယ်နဲ့ အတူတူ ပါလာတဲ့ ခံစားစိတ်ဟာ စိတ်ချင်းထိတွေ့မှုက တစ်ဆင့် ဖြစ်ပေါ်လာတဲ့ စိတ်အမျိုးအစား။

ဘယ်လိုအာရုံပဲပေါ်ပေါ်၊ ပေါ်လာတဲ့ အာရုံကို ဘယ်သူပဲ ဘယ်ဂါပဲလို့ စိတ်ကြိုက် သတ်မှတ်ပြီး ခံစားတယ်။ သဘာဝအရ ခံစားစိတ်က သူ့အလုပ်သူ လုပ်တဲ့နေရာမှာ ငါဆိုတာ မပါဘူး။ 'ငါခံစားတာကွ' လို့ သတ်မှတ်လိုက်တဲ့သူဆိုရင် စိတ်ဒုက္ခ ရောက်ကြတယ်။ ဒီခံစားစိတ်ဟာ လူအဖြစ်နဲ့ လူ့လောကထဲကို ရောက်လာတည်းက မိခင်နဲ့ ကလေး ကြားမှာ စခဲ့တာပဲ။ လူတွေ ဒုက္ခရောက်နေတယ်ဆိုတာ မိမိစိတ်ထဲမှာ ခံစားမှုဖြစ်စေတဲ့ စိတ်တစ်ခု ရှိနေလို့ပဲ။ မိမိ စိတ်ထဲဝင်လာသမျှ စိတ်တိုင်းမှာ ခံစားမှုပါတယ်။ နူးညံ့ သိမ်မွေ့ တာနဲ့ ကြမ်းတယ်၊ ပြင်းထန်တာပဲ ကွာတယ်။ စိတ်ထဲမှာ ခံစားမှု မရှိမှသာ ငြိမ်းအေးသက်သာမှာ။ ခံစားမှုဟာ လောင်စာပဲ။ (လောင်စာရှိရင်တော့ ဒုက္ခမီးက လောင်နေမှာပဲ။) ဆိုတော့...ခံစားမှု မရှိအောင်၊ အထိအတွေ့ဆိုတဲ့ ဖဿစေတသိက်ကို စောင့်ကြည့် သိမှတ်ပြီး ဖယ်ထုတ်မှ သက်သာမှာ။

ရွှေ့တစ်ပတ်ဆက်ရန်

ဤစိတ်လေ့ကျင့်ခန်းများကို အသေးစိတ် သိလိုပါက www.athithedi.comတွင် သွားရောက် လေ့လာနိုင်ပါသည်။

# New Zealandရှိ Otago Universityသို့ လျှောက်ထားလိုသူများ

လင်းထက်



Image Credit: www.en.academic.ru.com

New Zealand နိုင်ငံရှိ Otago University ပညာသင်ခွင့် လျှောက်ထား လိုသူများအနေဖြင့် လိုအပ်မည့် အရည်အချင်းများအား ရေးသား တင်ပြပေးလိုက်ပါတယ်။ ၂၀၁၃ ခုနှစ် ပညာသင်နှစ်မှာ Otago တက္ကသိုလ်တွင် တက်ရောက် လိုသူများသည် အသက်အားဖြင့် ၂၀၁၂ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အနည်းဆုံး အသက် ၁၆ နှစ်ရှိရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှ လျှောက်ထားလိုသူများ အတွက်တော့ Future International Students စာမျက်နှာတွင် လျှောက်ထား နိုင်မှာ ဖြစ်ပါတယ်။ လိုအပ်ချက်များ အနေဖြင့် NCEA Level-3, NCEA Level 3,Cambridge International Examinations (CIE), International Baccalaureate (IB), other New Zealand secondary school qualifications, Australian Secondary School Ranking (ATAR or OP), Overseas Secondary School Qualifications, Tertiary Qualifications or Study, Foundation Studies, Special Admission (for students 20 years of age or over), Discretionary Entrance (for students under 20 years of age) စတဲ့ အရည်အချင်းဆိုင်ရာ အောင်လက်မှတ် တစ်ခုခုကို ရရှိထား ရမှာဖြစ်ပါတယ်။ ဘာသာရပ် ဆိုင်ရာ ကျွမ်းကျင်မှု အပိုင်းမှာတော့ ကျွန်တော်တို့ နိုင်ငံမှာ ရရှိဖို့ မလွယ်ကူတဲ့ ထောက်ခံချက်တွေ လိုအပ်နေပြီး၊ အဲဒီလို ထောက်ခံချက်တွေ မရှိရင်တော့ Otagoက ပြုလုပ်မယ့် အင်္ဂလိပ် ဘာသာရပ် ဆိုင်ရာ အရည်အချင်းစစ် စာမေးပွဲကို အောင်မြင်အောင် ဖြေဆိုနိုင်ရင် တက်ရောက်ခွင့် ရရှိနိုင်ပါလိမ့်မယ်။

Ref: www.otago.ac.nz

CARTOON BY

စမ်းချောင်း ကိုကိုအောင်



# ဟားဗတ်တက္ကသိုလ်မှ ပညာသင်ဆုများ ခေါ်ယူသွားရန်ရှိ

ဖေဒီ



Image Credit: www.paa.org

အဆိုပါ ပညာတော်သင်ဆုသည် သင်ကြားကာလမှာ တစ်နှစ်ပညာ သင်ကြားခွင့် ရှိမည်ဖြစ်ပြီး နိုင်ငံ့ခေါင်းဆောင်မှု အတတ်ပညာနဲ့ ပတ်သက်ပြီး အလားအလာရှိတဲ့ သူများကို ဦးစားပေး ရွေးချယ်သွားမည် ဖြစ်ကြောင်း သိရပါသည်။

အဆိုပါ ပညာသင်ဆုကို ရရှိပါက ခရီးစရိတ်များ၊ သင်တန်းကြေး၊ တက္ကသိုလ်ဂင်ကြေး၊ ကျန်းမာရေး အာမခံကြေး၊ ပညာရေးနဲ့ ဆိုင်တဲ့ ပစ္စည်းများ၊ လုပ်ရှားမှုများနဲ့ ပတ်သက်ပြီး ယင်းတို့မှ ငွေကြေး ထောက်ပံ့မှုများကို ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုအတွက် တက်ရောက်ချင်သူများကို ရွေးချယ်ရာတွင် တက္ကသိုလ်မှ ဘွဲ့တစ်ခု ရရှိ ရမည်ဖြစ်ပြီး၊ TOEFL ရမှတ် ၅၂၅မှတ် ရရှိထားရမှာ ဖြစ်သည့်အပြင် အများပြည်သူအတွက် ဂန်ဆောင်မှု မှတ်တမ်း စသည့် အချက်အလက်များနှင့် ပညာအရည်အချင်းများ ပါရမည် ဖြစ်သည်ဟု သိရသည်။ အဓိက အနေနဲ့ လျှောက်ထားသူများသည် J-visa ရှိရမည် ဖြစ်သည်။

သင်ကြားရမည့် ပညာရပ်များ အနေဖြင့် စိုက်ပျိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးမှုများ၊ စီးပွားရေး၊ ဘဏ္ဍာရေး ဖွံ့ဖြိုးမှုများ၊ မြို့တွင်း၊ နယ်စပ်ဒေသ ဆိုင်ရာ အစီအစဉ် ရေးဆွဲမှုများကို သင်ကြားပေးမှာ ဖြစ်ပြီး ဒီမိုကရေစီနဲ့ ဆိုင်တဲ့ တက္ကသိုလ် တည်ဆောက်မှုများ၊ ပညာရေးများ၊ အများပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် စပ်လျဉ်းသော အကြောင်းအရာများကို သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။ အဆိုပါ ပညာသင်ဆုကို ဇူလိုင်လ ၃ ရက်နေ့ အထိ နောက်ဆုံးထား လျှောက်ထားရမည် ဖြစ်ပြီး အသေးစိတ် အချက်အလက်များ သိရှိလိုပါက အမေရိကန် သံရုံးသို့ ဆက်သွယ်နိုင်တယ်လို့ သိရပါသည်။

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်တွင် ပညာသင်နိုင်ရန်အတွက် H.Hunphery ပညာတော်သင်ဆုကို ၎င်းတက္ကသိုလ်တွင် ခေါ်ယူရန် ရှိကြောင်း အမေရိကန်သံရုံးမှ သတင်း ထုတ်ပြန်ချက်အရ သိရသည်။

# Anglia Ruskin University၏ ပညာရေး ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

သန့်စင်



Image Credit: engineroomblog.blogspot.com

Anglia Ruskin Universityမှ မြန်မာနိုင်ငံ ကျောင်းသားများအတွက် ပညာရေး အချက်အလက်ဆိုင်ရာ ဟောပြောပွဲကို မေလ ၆ရက် British Council Libraryတွင် နံနက် ၉နာရီတွင် ပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်၏ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ မန်နေဂျာဖြစ်သူ မစ္စတာ Ritwika Chandraမှ ယင်းတက္ကသိုလ်နှင့် သက်ဆိုင်သည့် သတင်း အချက်အလက်များနှင့် တိုးတက်လာသည့် ပညာရေးလမ်းကြောင်းများကို ပြောကြားသွားမည်ဖြစ်ပြီး ဟောပြောပွဲ ပြီးဆုံးပါက တစ်ဦးချင်း သိလိုသမျှကိုလည်း နံနက် ၁၀နာရီမှ ၁နာရီ အထိ ဖြေကြားပေးသွားမည် ဖြစ်ကြောင်း၊ စက်တင်ဘာ Intakeအတွက် GBP 2000ကို Scholarshipအဖြစ် လျှောက်ထားနိုင်မည် ဖြစ်ကြောင်း သိရသည်။

Undergraduate Levelနှင့် Postgraduate Level များအတွက် ဂင်ခွင့် ဖြေနိုင်ပြီဖြစ်ပြီး International Nursing Studies, Information Technology, Biomedical Science, Computer Science, Mechanical Engineering, Electronic Engineering, Accounting & Financial Analysis, Human Resource Management, Public Health, Graphic Design, MBA, ACCA, Progression from ABE, Business Management, Business Economics and International Business. စသည့် ဘာသာရပ်များကို သင်ကြားနိုင်မည် ဖြစ်သည်။

Anglia Ruskin Universityသည် နောက်ပိုင်းမှ တည်ထောင်ခဲ့သော ကျောင်းတစ်ခုဖြစ်ပြီး Undergraduate Levelနှင့် Postgraduate Levelများကို အဓိက သင်ကြားပို့ချသော ကျောင်းတစ်ခုဖြစ်ကာ နိုင်ငံပေါင်း ၁၂ဂနှင့် ချိတ်ဆက် သင်ကြားနေသော ကျောင်းတစ်ခု ဖြစ်သည်။ Universityတွင် Campus နှစ်ခုရှိပြီး Cambridge Campusနှင့် Chelmsford Campusတို့ဖြစ်ကာ 2012ခုနှစ်အတွင်း Times Higher Education Leadership and Management Awards ဆုကို ရရှိထားတဲ့ ကျောင်းတစ်ခု ဖြစ်သည်။

အရေအတွက် ကန့်သတ်ထားပြီး တက်ရောက်လိုသူများ အနေဖြင့် Myat Lay Tint Programme Officer British Council, 78 Kanna Road, Kyauktada Township, Yangon Tel: 254658, 256290-1, Ext: 3311 or 3443သို့ စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။



# Educationကို အဓိကဘာသာရပ် တစ်ခုအနေဖြင့် University of Nottinghamတွင် သင်ယူနိုင်ပြီ

အင်္ဂလန်နိုင်ငံမှာ ချီးမြှင့်ဆု တံဆိပ်ပေါင်းများစွာ ရရှိထားသော University of Nottinghamသည် မလေးရှားနိုင်ငံနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ ဆယ်စုနှစ် ငါးစုကျော်ခန့် ရှိပြီး Malaysia Campus၏ ပထမဆုံး ပညာသင်နှစ်နှင့် စတင်တည်ထောင်ခြင်းကို ၂၀၀၀ပြည့်နှစ် စက်တင်ဘာလတွင် အောင်မြင်စွာ တရားဝင် အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

သင်ယူနိုင်သော ဘွဲ့ဒီဂရီများ

MA Teaching English to Speakers of Other Languages

MA Special Educational Needs

MA Educational Leadership & Management

Education ဆိုတာ ဘာလဲ

ပညာရေးဆိုတာက စိန်ခေါ်ခြင်း စိတ်လှုပ်ရှားခြင်းနှင့် နေရာတိုင်းတွင် ချီးမြှင့်မြှောက်စားခြင်းခံရသော အလုပ်အကိုင် တစ်ခု ဖြစ်ပါသည်။ Education ပညာရှင် တစ်ယောက်အနေနှင့် အနာဂတ် မျိုးဆက်သစ် တွေထဲမှ ဂီတပညာရှင်၊ သင်္ချာပညာရှင်၊ သူနာပြုများနှင့် သိပ္ပံပညာရှင်များ သဘာဝ ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေး ပညာရှင်များ ကဲ့သို့သော အနာဂတ် ခေါင်းဆောင်များကို လှုံ့ဆော် တည်ဆောက်ပေးနိုင်ပါသည်။

University of Nottingham၏ Education ဘာသာရပ် သင်ယူရခြင်း၏ အကျိုးကျေးဇူး၊ အနာဂတ် လူငယ်များ၏ အိပ်မက်သည် ပါရဂူ၊ အခြေခံ အဆင့်မြင့် ကျောင်းပညာဆရာ/ ဆရာမ၊ ပညာရေးဆိုင်ရာ ဖွဲ့စည်းပုံ အထူး တည်ဆောက်သူ၊ အသင်းအဖွဲ့ လေ့ကျင့်ပေးသူ တစ်ယောက်၊ ပညာရေးဆိုင်ရာ စွန့်ဦး တီထွင်သူ တစ်ယောက် ဖြစ်ဖို့ဆိုလျှင် ပညာရေးဆိုင်ရာ အသက်မွေးဝမ်းကြောင်း တစ်ခုကို အသေအချာ ရှာဖွေရမည် ဖြစ်သည်။ လေ့လာ သင်ယူသည့်အခါ ရရှိလာမည့် နိုင်ငံတကာ စံချိန်စံညွှန်းမီ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ လုပ်ပိုင်ခွင့် အာဏာတွေနှင့် ကမ္ဘာ တစ်ဝှမ်းရှိ အလုပ်အကိုင် အခွင့်အလမ်းတွေသည် အနာဂတ် လူငယ်များအတွက် အမြဲတမ်း အဆင့်သင့် ရရှိနေမည် ဆိုသော အကျိုးကျေးဇူးများကို ရရှိ ခံစားနိုင်မည်။

MSIမှ Managing Director ဒေါ်စုစုလှိုင်က "အသိပညာရှင်၊ အတတ်ပညာရှင် ဆိုတာက လူမှုအဖွဲ့အစည်းရဲ့ ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ရန် အတွက် အဓိက မရှိမဖြစ် အရေးပါတဲ့ အခန်းကဏ္ဍမှ ပါဝင်နေတယ်။ နိုင်ငံတကာမှာ ကဏ္ဍပေါင်းစုံ နေရာကနေ ပါဝင်ချင်တယ် ဆိုရင်တော့ Education နယ်ပယ်မှာ ဝင်ရောက်လုပ်ကိုင် တာဝန် ထမ်းဆောင် တာထက် ပိုကောင်းတဲ့ နည်းလမ်း မရှိတော့ဘူးလို့ MSI အနေနဲ့ ယူဆပါတယ်။ Education Sectorတွေမှာ အရည်အသွေးမီ ကျွမ်းကျင်ပညာရှင်တွေ လိုအပ်မှုဟာ တစ်ကမ္ဘာလုံး အတိုင်းအတာအနေနဲ့ အမြဲ တိုးပွားနေပြီး အလားအလာကောင်းတွေကလည်း အမြဲတိုးတက်နေတယ်။ ပညာရေးနှင့် အသက်မွေးမှုဟာ အခွင့်အလမ်း အတော်များများ၏ ဘဝအာမခံချက် ဝင်ခွင့် လက်မှတ်တစ်ခု ဖြစ်ပါတယ်လို့ MSIအနေနဲ့ အခိုင်အမာ ယုံကြည်ပါတယ်။ University of Nottingham Malaysia Campus (UNMC)မှာ ရှိတဲ့ The School of Education Programက အနာဂတ် ပညာတတ်တွေအတွက် ပတ်ဝန်းကျင် အကြောင်း သင်ယူရာမှာ စိတ်လှုပ်ရှားစရာ အကောင်းဆုံးနဲ့ နိုင်ငံတော်အတွက် အကျိုးအရှိဆုံး ရေသောက်မြစ် ဘာသာရပ်တစ်ခုပါ။ ဆန်းသစ်တဲ့ ပူးပေါင်းမှု သင်ကြားခြင်းတွေနဲ့ ကျောင်းသားတွေရဲ့ သင်ယူမှု အတွေ့အကြုံကို အကျိုးရှိစေမည့် အရည်အသွေးမြင့် စူးစမ်း ရှာဖွေမှုတွေနဲ့ အင်္ဂလန်နိုင်ငံ၏ လမ်းကြောင်းများအတိုင်း တသွေမတိမ်း လုပ်ဆောင်နေပါတယ်။ သင်ကြားပုံက ရှေးရိုးအစဉ်အလာနဲ့ ထွက်ပေါ်လာတဲ့ ပညာရေးဆိုင်ရာ သီအိုရီများ၊ သင်ကြားနည်းနှင့် ဆိုင်သော ဘာသာရပ်များကို ထိုးထွင်း သိမြင်အောင် ရောနှောထားတယ်လို့ သိရတယ်။ Nottinghamက ပေးသော ပညာရေးဆိုင်ရာ ဘွဲ့ဒီဂရီတွေက အပြည်ပြည်ဆိုင်ရာမှာ အသိအမှတ်ပြုပြီး အခု လက်ရှိ UNMCမှ ဘွဲ့ရရှိသူများသည် ပညာရေး ဆိုင်ရာ လုပ်ငန်းအသီးသီးတွေမှာ ဦးစားပေး လိုအပ်ချက်အဖြစ် ထိပ်တန်းမှ သတ်မှတ်ထားခြင်း ခံရပါတယ်။ ဒီဘာသာရပ်ကို မြန်မာနိုင်ငံက လူငယ် လူကြီးမရွေး စိတ်ဝင်စားမယ်လို့ ထင်ပါတယ်"ဟု ပြောကြားသွားပါသည်။

တက္ကသိုလ်၊ အဖွဲ့အစည်းနှင့် အဆင့်မြင့် ပညာရေးတို့မှ အသိအမှတ်ပြု ဘွဲ့ရဒီဂရီတစ်ခုကို Second Upper Class (သို့) Quarlify အဆင့်ဖြင့် အောင်မြင်မှု ရရှိထားရမှာ ဖြစ်ပြီး အင်္ဂလိပ်စာ အရည်အချင်း အနေဖြင့် IELTS 6.5နှင့် TOETL Paper-Based 573 အနည်းဆုံး ရရှိထားရမှာ ဖြစ်ပါသည်။

ကျောင်းဖွင့်ချိန်များမှာ - March, June, August, September, Octoberနှင့် Decemberတို့ ဖြစ်သည်။ ကျောင်းလခ အနေနှင့် MA တန်းများအတွက် တစ်နှစ်လျှင် RM 46,300 ကုန်ကျမည် ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက Myanmar Search International (MSI) အမှတ် (၂၃၄)၊ ဒုတိယထပ် (ညာ)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၈၉၉၃၅၊ ၀၁-၂၅၀-၉၂၉၊ ၀၉-၅၁၀-၃၉၁၅တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။

# ဗြိတိသျှကောင်စီ၏ လေလှိုင်းမှ တစ်ဆင့် အင်္ဂလိပ်ဘာသာ လေ့လာခြင်း စတင်

Obla Airဟုခေါ်သော ဗြိတိသျှကောင်စီ၏ ဇာတ်လမ်းပမာ ရေဒီယိုအင်္ဂလိပ်စာ သင်ခန်းစာ အစီအစဉ် တစ်ရပ်ကို ဧပြီလ ၃ ရက်မှ စ၍ Mandalay FMနှင့် Pyinsawadi FMတို့မှတစ်ဆင့် ဗုဒ္ဓဟူးနှင့် စနေနေ့ ည ၉:၀၀ နာရီမှ ၉:၁၅ အထိ စတင် ထုတ်လွှင့်နေပြီ ဖြစ်ပါသည်။ အဆိုပါ သင်ခန်းစာ အစီအစဉ်ကို လေလှိုင်းမှ တစ်ဆင့် နားဆင်ခြင်းဖြင့် ဗြိတိသျှကောင်စီတွင် ကိုယ်တိုင် လာရောက် သင်ယူရန် အခက်အခဲရှိသော ကျေးလက် ဒေသများရှိ အင်္ဂလိပ်စာ သင်ယူလိုသော ပြည်သူ ပြည်သားများပါ နားဆင်နိုင်မည်ဖြစ်၍ အင်္ဂလိပ်စာစွမ်းရည် တိုးတက်လာသော အကျိုးကျေးဇူးများ ရရှိမည် ဖြစ်ပါသည်။ ဇာတ်လမ်းအကြောင်းအရာမှာ Freeport မြို့တွင် အခြေစိုက်သော Obla လေကြောင်းလိုင်းမှ လေကြောင်းလိုင်း ပိုင်ရှင်နှင့် လေယာဉ်မှူး ဖြစ်သော Max Oblaနှင့် သူ၏ ဝန်ထမ်းများ၊ ခရီးသည်များ၏ ဘဝ ဇာတ်ကြောင်းအဖုံဖုံကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် စိတ်ဝင်စားဖွယ် တင်ဆက်ထားပါသည်။ စီးရီးတစ်ခုတွင် ၁၅ မိနစ်ခန့်ကြာသော ဇာတ်လမ်းတိုအပိုင်း ၂၀ပိုင်းပါဝင်ပြီး စုစုပေါင်း ၄ စီးရီး (အပိုင်း ၈၀) ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။ အင်္ဂလိပ်စာ စတင် သင်ကြားလိုသူများကို အဓိကထား ပြုလုပ်ထားခြင်းဖြစ်ပြီး နားဆင်သူများအတွက် ဇာတ်လမ်းအတွင်း၌ အသုံးပြုထားသော စကားလုံးများကို အစီအစဉ်မှူးမှ မြန်မာဘာသာဖြင့် ပြန်ဆို ရှင်းလင်းထားပါသည်။ ယခု ရေဒီယိုအင်္ဂလိပ်စာ သင်ခန်းစာ အစီအစဉ်သည် ဗြိတိသျှကောင်စီ၏ ဒုတိယမြောက် မြန်မာနိုင်ငံတွင် လူထုအတွင်းသို့ အခမဲ့ ဖြန့်ချိပေးသော အင်္ဂလိပ်ဘာသာ သင်ခန်းစာ အစီအစဉ် ဖြစ်ပါသည်။ ဗြိတိသျှကောင်စီ၏ Word on the Streetဟု အမည်ပေးထားသော အင်္ဂလိပ်ဘာသာစကား သင်ကြားရေး ရုပ်မြင်သံကြား အစီအစဉ်ကို MRTV-4နှင့် For Edu ရုပ်သံလိုင်းများတွင် ၂၀၁၂မှ စတင် ပြသခဲ့ပါသည်။ ထို့အပြင် အသင်းဝင် ငါးသောင်းနီးပါးရှိသော www.myanmar-network.netကိုလည်း အခမဲ့ အင်္ဂလိပ်ဘာသာ လေ့လာလိုသူများအတွက် ၂၀၁၀ ခုနှစ်မှစတင် လွှင့်တင်ပေးထားပါသည်။ ရေဒီယိုအင်္ဂလိပ်စာ သင်ခန်းစာ အစီအစဉ်နှင့် ပတ်သက်သော သတင်းအချက်အလက်များကို ဗြိတိသျှကောင်စီ၏ https://www.facebook.com/BritishCouncilMyanmarနှင့် http://www.myanmar-network.netတို့တွင် အပတ်စဉ် ဖော်ပြသွားမည် ဖြစ်ပါသည်။

# ၁၀တန်း ဖြေဆိုပြီးသူများအတွက် အင်္ဂလန် အောင်လက်မှတ် တန်းခွဲသစ် ဖွင့်မည်

Hawaii Education တွင် 2013 (၁၀ တန်း) ဖြေဆိုထားသူများအတွက် ဒုတိယအကြိမ်မြောက် ဥရောပနိုင်ငံ (၅၀)ကျော် အသိအမှတ်ပြု English 4 Skills နှင့် English for Business (UK Certificate) တန်းခွဲအားမေလတွင် ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ကြောင်းသိရှိရပါသည်။ ပထမအကြိမ်အဖြစ် ဧပြီလတွင် ဖွင့်လှစ်ခဲ့ရာ ကျောင်းသား/သူ ဦးရေ ပြည့်သွားပြီးဖြစ်ကြောင်း ဒုတိယအကြိမ်မြောက် တန်းခွဲများကိုထပ်မံဖွင့်လှစ်ခြင်းဖြစ်ပြီးတန်းခွဲတစ်ခုလျှင်ဦးရေ (၂၀)စီသတ်မှတ်ထားကြောင်းလည်းသိရှိရပါသည်။ ၎င်းတန်းခွဲများကို Hawaii Education တွင် (၃)လကြာတက်ရောက်ရမှာဖြစ်ပြီး British Council ကကြီးမှူးကျင်းပမည့် UK Exam ကိုဖြေဆိုကာ UK မှ တိုက်ရိုက်ချီးမြှင့်မည့် English 4 Skills အတွက် Senior English Test Level (3) Certificate ကိုရရှိပြီး၊ English for Business အတွက် EFB Level (1) Certificate ကိုရရှိမှာ ဖြစ်ပါသည်။ ၎င်း UK တန်းခွဲများကိုမေလတွင် စတင်တက်ရောက်ကာ UK Exam ကို Sep, 2013 တွင်ဖြေဆိုရမှာ ဖြစ်ကြောင်းကိုလည်း မန်နေဂျာ ဒေါ်မေဘယ်စိုးက ပြောကြားသွားပါသည်။ ၎င်းUK Certificate များကိုရရှိပါက နိုင်ငံတကာရှိ University and College (၁၇၇)ခုသို့ တက်ရောက်ရန်အတွက် သင်၏ English Qualification ကို (Accreditation and Recognitions) တရားဝင် အသိအမှတ် ပြုကြမည်ဖြစ်သည့်အပြင် နိုင်ငံခြားတိုင်းပြည်များသို့ ဝင်ရောက်ရန် Visa လျှောက်ထားရန် အတွက်လည်း အထောက်အကူပြုမည်ဖြစ်သည်။Hawaii Education ၏ Scholarship Program အရသင်တန်းအားပထမစအပ်သူ(၅)ဦးအား 50%off နှင့် ဒုတိယအပ်သူ ၅ ဦးအား 25%Off စသည်ဖြင့် အခွင့်အရေး အသီးသီး ပေးသွားမှာဖြစ်ကြောင်းလည်း ပြောကြားသွားပါသည်။ သင်တန်းအားနိုင်ငံတကာအတွေ့အကြုံရှိ Mr. Luis Alfomso Uribe Calle နှင့် အရည်အချင်းပြည့်ဝသော မြန်မာ ဆရာမများက သင်ကြားပို့ချမှာဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသူများအနေဖြင့် (www.hawaiieducation.blogspot.com)သို့ ဝင်ရောက်ကြည့်ရှုနိုင်ပြီးအမှတ် ၁၉၂ (ပ)ထပ်၊ ၂၈လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၄၈၂၁၁၊ ၀၉၇၃၁၇၂၂၆၂၊ သို့ဆက်သွယ် စုံစမ်းကာကျောင်းအပ်နိုင်ပြီဖြစ်ကြောင်းလည်းသိရှိရပါသည်။

# ဆေးပညာ ဘာသာရပ်ဆိုင်ရာ Masterတန်း ထိုင်းနိုင်ငံတွင် တက်ရောက် သင်ကြားခွင့် ပေးအပ်မည်

မြန်မာနိုင်ငံမှ ဆေးပညာဘာသာရပ်ဖြင့် ဘွဲ့တစ်ခုခု ရရှိထားသူများအတွက် ထိုင်းနိုင်ငံ၊ Chulalongkorn Universityတွင် Master of Public Health ဘာသာရပ်အတွက်၊ ဝင်ခွင့် လျှောက်ထားနိုင်ကြောင်းနှင့် ရွေးချယ်ခံရပါက Thesis Research Grants ထိုင်းဘတ် ၂၀,၀၀၀နှင့် Field Studyအတွက် ဘတ် ၁၀,၀၀၀ ပေးအပ်သွားမည် ဖြစ်ကြောင်း၊ ကျောင်းဝင်ခွင့် လျှောက်ထားပေးမည့် CROWN Education တာဝန်ရှိသူတစ်ဦးမှ ပြောကြားသည်။ Master of Public Healthတွင် ရွေးချယ် သင်ယူနိုင်သော အထူးပြုဘာသာရပ်များ အနေဖြင့် Health Policy and Management၊ Community and Reproductive Health, Urban and Global Health၊ Environmental and Occupational Healthနှင့် Health Behaviorများ ပါဝင်ပါသည်။ Chulalongkorn Universityသည် မဟာဌာနကြီး (၁၉)ခု၊ ကောလိပ်နှင့် သုတေသန (၂၃)ခုရှိပြီး ထိုင်းတွင် အကောင်းဆုံး တက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ လုပ်ငန်းအတွေ့အကြုံ တစ်နှစ်ရှိရန် လိုအပ်သည်။ တစ်နှစ်ကြာ တက်ရောက် ရမည်ဖြစ်ပြီး ကျောင်းလခ ထိုင်းဘတ်ငွေ (၈၁,၅၀၀) ဖြစ်သည်။ လျှောက်လွှာ ဖောင်ပိတ်ရက်မှာ ဧပြီ(၃၀)ဖြစ်ပြီး ကျောင်းဝင်ခွင့်အတွက် နှုတ်မေးအင်တာဗျူးအား မေလ (၇)ရက်နေ့တွင် တယ်လီဖုန်းဖြင့်လည်းကောင်း၊ Chulalongkorn Universityတွင် လည်းကောင်း ဖြေဆိုရမည် ဖြစ်သည်။ တက္ကသိုလ်အနေနဲ့ မြန်မာပြည်က ဆေးပညာနဲ့ ဆက်စပ် ဘွဲ့ရထားတဲ့ ကျောင်းသားတွေ ခေါ်ယူဖို့ရယ်၊ ဒီလို Thesis Research Grants ပေးဖို့ရယ် ကျွန်တော်တို့ဆီကို ကမ်းလှမ်း လာတာ ဒါ ပထမဆုံးအကြိမ်ပါ" ဟု CROWN Educationမှ ပညာရေး အတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းမှ ပြောကြားသည်။ Master of Public Health Programသည် တစ်နှစ်ကြာ သင်ကြားရမည်ဖြစ်ပြီး အာရှဒေသ များသို့ ကွင်းဆင်း လေ့လာခြင်းနှင့် ထိုင်းနိုင်ငံတွင်း ကွင်းဆင်း လေ့လာခြင်းစသည့် အစီအစဉ်များကို ထည့်သွင်းထားသည်။ ကျောင်း လျှောက်ထားခြင်းနှင့် အသေးစိတ် အချက်အလက်များကို CROWN Education ရုံးချုပ်တည်ရှိရာ အမှတ် -၂၇၀၊ ပထမထပ်၊ အခန်း 1C၊ ပြည်လမ်း ၊ မြေနီကုန်း ကောင်းမြတ်မွန် ဆေးခန်း အပေါ်ထပ်၊ ဖုန်း – ၀၉-၇၃၂-၇၃၂-၇၇၊ ၀၉-၅၀၈-၅၁၈-၅တို့တွင် ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

# တစ်ကမ္ဘာလုံး ပွင့်လင်းမြင်သာရေး (သို့မဟုတ်) Julian Assange

အစိုးရမှ တန့်သတ်ထားသော လျှို့ဝှက်ချက်များကို ဖော်ထုတ်ခဲ့သည့် Wikileak Siteကို တည်ထောင်ခဲ့သူ Julianကို ဩစတြေးလျနိုင်ငံ၊ ကွင်းစလန်းပြည်နယ်၊ တောင်းစဗီးမြို့တွင် ၁၉၇၁ ခုနှစ် ဇွန်လ ၄ ရက်နေ့က မွေးဖွားခဲ့ပါတယ်။ မိဘများမှာ ပြဇာတ် လုပ်ငန်း လုပ်ကိုင်ကြသူတွေဖြစ်ပြီး မိခင်မှာ အိမ်ထောင်ဆက် များသူ တစ်ယောက်ဖြစ်ပါတယ်။ Julianဟာ ဖခင် နာမည်ကို John Shipton၊ John Youngဆိုပြီး နှစ်မျိုး ဖော်ပြသုံးစွဲ ခဲ့ပါတယ်။

၁၉၇၉ ခုနှစ်ကနေ ၁၉၈၃ ခုနှစ်အထိ နယူဆောက်ဝေး ပြည်နယ်က ဂိုးမန်ဂါ အခြေခံ ကျောင်းမှာ ပညာသင်ကြားခဲ့ပါတယ်။ ကွန်ပျူတာ ပရိုဂရမ်ဆိုင်ရာ သင်တန်းတွေကိုတော့ CQ Universityမှာ လေ့လာခဲ့ပါတယ်။ ဒ့ါအပြင် ၂၀၀၂ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်အထိ မဲလ်ဘုန်းနဲ့ ကန်ဘားရား တက္ကသိုလ်တွေမှာ တက်ရောက်ခဲ့ပါသေးတယ်။ မဲလ်ဘုန်း တက္ကသိုလ်တွင် တက်နေစဉ်အတွင်း သင်္ချာနှင့် ရူပဗေဒ ဘာသာရပ်များအား အထူးပြု လေ့လာခဲ့ပါတယ်။

စာဖတ်ခြင်း၊ Hacking လုပ်ရခြင်းနှင့် ခရီးသွားရခြင်း (အာဖရိသို့) တို့ကို အကြိုက်ဆုံး ဖြစ်ကြောင်း သိရပါတယ်။ Hacker အဖြစ် ဩစတြေးလျတွင် နေထိုင်စဉ် ဘဏ်အကောင့် ၃၁ ခုကို Hack ခဲ့သောကြောင့် တရားစွဲ ခံခဲ့ရသော်လည်း ဒဏ်ငွေသာ ပေးဆောင်ခဲ့ရပြီး အမှုမှ လွတ်မြောက်ခဲ့ပါတယ်။ နောက်ပိုင်း Julianဟာ အစိုးရတွေရဲ့ လျှို့ဝှက်ချက် တွေကိုသာ Hacking လုပ်ဖို့အတွက် ဆုံးဖြတ်ခဲ့ပါတယ်။

၂၀၀၆ ခုနှစ်မှာတော့ နိုင်ငံရေးသမားတစ်ယောက် အဖြစ်နဲ့ သတင်းထောက် အလုပ်ကို လုပ်ကိုင်နေခဲ့ပြီး



Wikileakကို စတင် တည်ထောင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း အစိုးရသတင်း၊ ကုမ္ပဏီသတင်း၊ ကျော်ကြားသူတွေရဲ့ လျှို့ဝှက်ချက်တွေကို အားလုံး သိအောင် ဖွင့်ချပြခဲ့ပေမယ့် သတင်းရဲ့ Sourceကိုတော့ ဘယ်ကရတယ်၊ သိတယ်ဆိုတာ ထုတ်ဖော်ပြောလေ့ မရှိခဲ့ပါဘူး။ CNNနဲ့ အင်တာဗျူးတစ်ခုမှာ Julianက " လူတွေ လိုချင်တဲ့ မှန်ကန်တဲ့ သတင်းတွေကို Wikileakက ပေးနိုင်တော့ အားလုံးက Wikileakကို ယုံကြည်လာကြတယ်၊ ဒါပေမယ့် Wikileakမှာ အမှားတွေ၊ မဖြစ်သေးပဲ၊ အမှန် မသိသေးပဲ ကြိုရေးတာတွေ၊ သုံးသပ်ထားတာတွေ တစ်ခုမှ မရှိဘူး" လို့ ပြောပါတယ်။

အမေရိကန်နဲ့ အာဖဂန် စစ်ပွဲအတွင်းမှာ လျှို့ဝှက်ချက်ပေါင်း ၉၀၀၀၀ ကျော်ကို Wikileakမှာ ဖော်ထုတ်ပြခဲ့လို့ အမေရိကန်သမိုင်းတစ်လျှောက်မှာ အကြီးမားဆုံး ထောက်လှမ်းရေး လျှို့ဝှက်ချက် ပေါက်ကြားမှုကြီး ဖြစ်စေခဲ့ပါတယ်။ ဒ့ါအပြင် အီရတ်စစ်ပွဲနဲ့ ပတ်သက်တဲ့ အထောက်အထားပေါင်း ၂၅၀၀၀၀ကိုပါ ထပ်မံဖော်ထုတ် ပြလိုက်ပါ သေးတယ်။ ဒါကြောင့်လည်း တစ်ဖက်မှာ Julianဟာ လူထုအနေနဲ့တော့ ထူးချွန်တဲ့ သတင်းထောက်ကောင်း တစ်ယောက်အဖြစ် သတ်မှတ် ချီးကျူးကြပေမယ့် အမေရိကန် အစိုးရအတွက်ကတော့ အန္တရာယ်ရှိတဲ့ လူတစ်ယောက် ဖြစ်လာခဲ့ပါတော့တယ်။

ချီးကျူးသူများ ဘက်ကတော့ တိုင်းမဂ္ဂဇင်းက Julianကို တစ်နှစ်တာ အထူးချွန်ဆုံး ပုဂ္ဂိုလ် အဖြစ် သတ်မှတ် ချီးမြှင့်ခဲ့သလို မလိုသူများ အနေနဲ့ ကလည်း ဆွီဒင်နိုင်ငံမှာ Julian ရောက်ရှိ နေထိုင်စဉ်က လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှု တစ်ခုကို ကျူးလွန်သည်ဟူသော စွပ်စွဲချက်နဲ့ ဖမ်းဝရမ်း အထုတ်ခံရပါတော့တယ်။ စတော့ဟုမ်း တရားရုံးကိုယ်တိုင်က Julianကို မိန်းကလေးတစ်ယောက်အား အဓမ္မ ပြုကျင့်သည့်အတွက် ဆိုကာ ဖမ်းဝရမ်း ထုတ်လိုက်ပါတယ်။ ဒီလိုမျိုး အခက်အခဲတွေ တွေ့နေရပေမယ့် Julianရဲ့ အမြင်ဖြစ်တဲ့ တစ်ကမ္ဘာလုံး ပွင့်လင်း မြင်သာရေးဆိုတဲ့ ရည်ရွယ်ချက်ကတော့ ပြောင်းလဲ မသွားခဲ့ပါဘူး။

Julian လက်ချက်ကြောင့် အမေရိကန်ရဲ့ ရုရှားအပေါ် သဘောထား အမြင်တွေ၊ လက်နက်၊ မူးယစ်ဆေး ရောင်းဝယ်မှု လျှို့ဝှက်ချက်တွေ၊ အမေရိကန် - တရုတ် ဆက်ဆံရေး ဆိုင်ရာ ပြောကြားချက်တွေကို ဖော်ထုတ်ခဲ့တဲ့ အတွက် အမေရိကန်အနေနဲ့ အတော်လေး အကြပ်ရိုက်ခဲ့ရပါတယ်။ နောက်ဆုံး အမေရိကန်က မြန်မာနိုင်ငံကို ပေးပို့ခဲ့တဲ့ လျှို့ဝှက် အချက်အလက်ပေါင်း ၁၈၆၄ ခုကိုတောင် Julianက ဖော်ထုတ်ပြခဲ့ပါသေးတယ်။ အဖမ်းဆီး ခံရဖို့ကနေ ရှောင်ရှားဖို့ Julian လန်ဒန်မှာ ရောက်ရှိနေခိုက်မှာ လန်ဒန်ကရဲတွေနဲ့ ဆွေးနွေးဖို့ စီစဉ်နေဆဲမှာပဲ အဖမ်းခံလိုက်ရပြီး အခုချိန်ထိ အထိန်းသိမ်းခံထားရဆဲပါ။ Julianကို ဖမ်းဆီးနိုင်ဖို့ ရုံးတင် စစ်ဆေးခြင်းနဲ့ တရားရုံး စရိတ်အတွက် အစိုးရတစ်ဦးတည်း ဘက်မှတောင် ကုန်ကျစရိတ်ပေါင်း ယူရို ၂.၉ သန်း (အမေရိကန် ဒေါ်လာ ၄.၅သန်း) ကုန်တယ်လို့ ဆိုပါတယ်။

Ref: www.wikipedia.org

# မေလတွင် ဖွင့်လှစ်ပေးသွားမည့် ကိုယ်အင်္ဂါ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်း

ဖေဒီ

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန လက်အောက်ရှိ လူမှုဝန်ထမ်း ဦးစီးဌာနမှ ကိုယ်အင်္ဂါ မသန်စွမ်း သူများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများကို မေလအတွင်းတွင် ဖွင့်လှစ်သွားရန် စီစဉ်လျက် ရှိကြောင်း သိရသည်။ အဆိုပါ သင်တန်းများကိုတော့ ၃လ သင်တန်းများအဖြစ် ဖွင့်လှစ် သင်ကြားပေးသွားမည် ဖြစ်ပြီး ဖွင့်လှစ် သင်ကြားပေးသွားမည့် သင်တန်းများမှာ အသက်မွေးလုပ်ငန်း လုပ်ကိုင်နိုင်မည့် စက်ချုပ် သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ပိုးဇာ ပုံနှိပ်သင်တန်း၊ ကွန်ပျူတာသင်တန်း၊ ဆံသ သင်တန်းများ ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလ ၁ နှစ်ဖြစ်ပြီး အီလက်ထရောနစ် သင်တန်းများကိုလည်း ဖွင့်လှစ် သင်ကြားပေးသွားမည်ဟု သိရသည်။ သင်တန်းသူ သင်တန်းသားများကို အသက် ၁၈ နှစ်မှ ၄၅နှစ် အတွင်းရှိ ကိုယ်အင်္ဂါ မသန်စွမ်းသူများကိုသာ သင်ကြားပေးသွားမည် ဖြစ်သည်။ အဲ့ဒီသင်တန်းကို တက်ရောက်လိုသူများဟာ မရမ်းကုန်းမြို့နယ်၊ အမှတ် ၆၅၊ ကျိုက်ဝိုင်း ဘုရားလမ်းရှိ မသန်စွမ်း သက်ကြီး သင်တန်းကျောင်းကို ဆက်သွယ် စုံစမ်းနိုင်ပြီး အဆိုပါ သင်တန်းကို တက်ရောက်ခွင့် ရသူများကို လစဉ် ထောက်ပံ့ကြေးအပြင် နေထိုင်စားသောက်မှုအတွက် စရိတ်ငြိမ်း ဆောင်ရွက်ပေးမှုများ အပါအဝင် နယ်မှ လာရောက်ကာ သင်တန်း တက်ရောက်သူများ အတွက်လည်း အပြန် ခရီးစရိတ်ကိုပါ ထုတ်ပေးသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

"အခုလို သင်တန်းတွေကို ဖွင့်ပေးတဲ့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဝန်ကြီးနဲ့ တာဝန်ရှိသူတွေကိုလည်း အရမ်း ကျေးဇူးတင်ပါတယ်။ သာမန်လူတွေလို အမြဲတမ်း ဖွင့်နေတဲ့ သင်တန်းတွေမှာ မတက်နိုင်ဘူး။ အခုလို တက်ရောက်ခွင့်ရပြီး၊ ကိုယ်တိုင် အသက်မွေးဝမ်းကြောင်း လုပ်နိုင်ပြီး မိဘကို လုပ်ကျွေးနိုင်မယ့်သူ ဖြစ်ပါတယ်"ဟု အဆိုပါ သင်တန်းကို တက်ချင်သူ တစ်ဦးက ပြောပါသည်။






အိုင်စီတီ ဂျာနယ် Volume 2, Issue 15
MYANMAR ICT JOURNAL

# Hacker Hat အမျိုးမျိုး အကြောင်း

လင်းထက်

Hacker ဆိုတဲ့ စာလုံးပေါင်းဟာ အဓိပ္ပာယ်ကတော့ မကောင်းပေမယ့် လူဆိုး ဒါမှမဟုတ် ပြစ်မှု ကျူးလွန်ထားသူလို့တော့ မရည်ရွယ်ပါဘူး။ ဒါပေမယ့် လူတော်တော်များများကတော့ Hackerပော့ဆိုရင် ကွန်ပျူတာနဲ့ ပတ်သက်ပြီး ပျက်စီးရာ ပျက်စီးကြောင်းကို ဖန်တီးမယ့်သူလို့ ပြေးမြင်နေကြပါတယ်။ ဒါကြောင့်လည်း Hackerတွေရဲ့ အလေ့အကျင့်အပေါ် မူတည်ပြီးတော့ Black Hat, White Hatနဲ့ Gray Hatရယ်ဆိုပြီး အမျိုးအစား သုံးမျိုး ခွဲလိုက်နိုင်ပါတယ်။ အဲဒီလို ခွဲပြီးကာမှ သူတို့ တစ်ဦးချင်းစီရဲ့ အကျင့်စရိုက်တွေကို ခွဲခြား သတ်မှတ်နိုင်ပြီ ဖြစ်ပါတယ်။ တကယ်တမ်းမှာတော့ Hackerရဲ့ အဓိပ္ပါယ်ဟာ ထိန်းချုပ် ကြိုးကိုင်သူလို့ အလွယ်ယူနိုင်ပါတယ်။ ဒါ့အပြင် ကွန်ပျူတာ တစ်ခုကို အခွင့်မရှိပဲ ဝင်ရောက် ကြည့်ရှုသူ၊ Free Softwareတွေကို ဖန်တီးတဲ့ ကျွမ်းကျင် Developerစတဲ့ အဓိပ္ပါယ်တွေပါ ယူနိုင်ပါသေးတယ်။ ကဲ.. အခုဆက်ပြီး Hacker Hatတွေအကြောင်း ကြည့်ရအောင်ဗျာ။



## White Hat

Black Hatတွေရဲ့ ဆန့်ကျင်ဘက်တွေကို လုပ်ဆောင်နေသူတွေက White Hatတွေ ဖြစ်ပါတယ်။ White Hatတွေဆိုတာက တကယ်ကို ကျွမ်းကျင်တဲ့ ကွန်ပျူတာ သမားတွေ ဖြစ်ပြီး တစ်စုံ တစ်ယောက်ရဲ့ လျှို့ဝှက်ချက်တွေကို အတွင်းသိ ဖြစ်အောင် ဖောက်ထွင်းဝင်ရောက် ခိုးယူတတ်ပြီး ပြစ်မှုတွေ ကျူးလွန် တတ်ကြပါတယ်။ ဥပမာပြောရရင် White Hatအများစုဟာ Orgတစ်ခုရဲ့ Sysထဲ ဝင်ရောက်နိုင်စွမ်းရှိ၊ မရှိ အကြိမ်ကြိမ် ဝင်ရောက်တတ်ကြပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက သူတို့အစွမ်းကို သူတို့ စမ်းသပ်တာဖြစ်ပြီး အဲဒီ Orgရဲ့ Dataတွေကိုတော့ ခိုးယူမှု မလုပ်တတ်ပါဘူး။ သူတို့ Sysထဲ ဝင်ရောက်တာ အောင်မြင်သွားတဲ့အခါမှာတော့ သူတို့ ဘယ်လို ဝင်ရောက်နိုင်တယ်ဆိုတာ Orgကို အသိပေး တတ်သေးတာမို့ Orgဘက်က ပြင်ဆင်စရာတွေကိုတောင် ပြင်ဆင်နိုင်ပါသေးတယ်။ ဒါက ဖောက်ထွင်းမှု လုပ်ငန်းစဉ်ကို ဥပမာအဖြစ် ရေးသားထားခြင်း ဖြစ်ပြီးတော့ White Hatတွေရဲ့ အကျင့်တွေထဲက တစ်ခုပါ။ ဒါကြောင့် တစ်ချို့ ကုမ္ပဏီတွေက White Hatတွေကိုတောင် ဆုကြေးတွေ၊ ဆုတွေ ပေးတတ်ပါသေးတယ်။



## Black Hat

Black Hat အမျိုးအစား Hackerတွေဟာ ရိုးရိုး Hackerတွေဖြစ်ပါတယ်။ သူတို့ဟာ အဖျက်လုပ်ငန်းတွေ၊ နှောက်ယှက်မှုတွေထက် သူတို့ကို မီဒီယာတွေက ဖော်ပြလာအောင်၊ လူအများက စိတ်ဝင်စားလာအောင် ဖန်တီးနေကြသူတွေဖြစ်ပြီး အန္တရာယ် မရှိတဲ့ အမျိုးအစားဖြစ်ပါတယ်။ Black Hatတွေ အလုပ်များတဲ့ အလုပ်တွေက တစ်ပါးသူရဲ့ Credit Card နံပါတ်တွေ ခိုးမယ်၊ ပုဂ္ဂိုလ်ရေး အချက်အလက်တွေ ခိုးမယ်၊ လူအများ သိအောင် ဖွင့်ချပြမယ်၊ ဒါမှမဟုတ်ရင် သူတို့မကြိုက်တဲ့ Websiteတွေကို တိုက်ခိုက်မယ်၊ စတာတွေပါပဲ။ ဒါကြောင့် ပြစ်မှုကျူးလွန်မှုနဲ့ အချင်းချင်း အပြန်အလှန် တိုက်ခိုက်မှုတွေမှာ Black Hatတွေက နာမည်ကြီးနေပါတယ်။ ဒါ့အပြင် နောက်တစ်ခု ရှိသေးတာက မှောင်ခိုရောင်းဝယ်မှုတွေနဲ့ မှောင်ခို ဈေးကွက်တွေမှာလည်း ပါဝင် လှုပ်ရှားတတ်ပါသေးတယ်။

## Gray Hat

Gray Hatတွေဟာ Blackမကျ၊ Whiteမကျ Hat အမျိုးအစား ဖြစ်ပြီးတော့ ကျွမ်းကျင်တဲ့ Developerတွေ ဖြစ်ပါတယ်။ လူနည်းစုလောက်သာပဲ Gray Hatတွေအဖြစ် ရပ်တည်နေကြပြီး စမ်းသပ်မှုတွေ၊ အပျော်တမ်း နှောင့်ယှက်မှုတွေထက် မှုခင်းတွေကို အဓိက ကျူးလွန်နေကြသူတွေ ဖြစ်ပါတယ်။ ဥပမာ ပြောရရင် Black Hatတွေက တစ်ဦးထဲအဖြစ်နဲ့ Orgထဲ ဝင်ပြီး Dataတွေ ခိုးမယ်၊ ကြည့်မယ်၊ ပြီးရင် နဂိုအတိုင်း ထားခဲ့မယ် ဒါပါပဲ။ White Hatတွေက Orgရဲ့ Sysထဲ နည်းမျိုးစုံ ဝင်မယ်၊ ဝင်ပြီးရင် ဘယ်လို ဝင်ရောက်နိုင်တယ်ဆိုတာ အသိပြန်ပေးမယ်။ Gray Hatတွေက Sysထဲ ခွင့်ပြုချက်မရှိပဲ ဝင်မယ်၊ အချက်အလက်တွေကို ခိုးယူမယ်၊ ဒါမှမဟုတ် မှားယွင်းတဲ့ Dataတွေ ပြောင်းထည့်ပြီး Orgအတွင်း ပြဿနာ ဖြစ်အောင် လုပ်ဆောင်မယ်။ ဒါတွေက Gray Hatတွေရဲ့ အကျင့်တစ်ခုပါ။ နောက်ထပ် အကျင့်တစ်ခု ရှိသေးတာက Orgရဲ့ Sysထဲကို Software တစ်ခုလောက် ထည့်သွင်း လည်ပတ်စေပြီး အချိန် အကန့်အသတ်နဲ့ အဲဒီ Softwareကို Sysထဲက ဖယ်ထုတ် ခိုင်းတတ်ပါသေးတယ်။ ဒီလောက်ဆိုရင်တော့ အဓိက Hacker Hat အမျိုးအစား သုံးမျိုးအကြောင်းကို သိလောက်ပြီ ထင်ပါရဲ့ဗျာ။ တကယ်လို့ ကိုယ့် Org ဒါမှမဟုတ် Sysထဲမှာ Hack တစ်ခုခု အလုပ်ခံရရင် ကိုယ့်ကို ဘယ် Hat အမျိုးအစားက တိုက်ခိုက်တယ်ဆိုတာကို ခွဲခြားသိနိုင်လောက်ပြီ ထင်ပါရဲ့ဗျာ။

Ref: www.howtogeek.com

# Audiမှ ကားရောင်းချရမှုအား BMWကို လိုက်မှီရန် မျှော်မှန်းထား

မင်းဆန့်



Image Credit: www.webwombat.com.au

Audi ကုမ္ပဏီက အဆင့်မြင့် တန်ကြေးကြီး ကားများရောင်းချရမှု အပိုင်းမှာ ဂျာမနီ ကားဖြစ်သော BMWကို ဒီနှစ်ကုန်ပိုင်းအတွင်း အမီ လိုက်နိုင်ရန် မျှော်မှန်းထားကြောင်း သိရပါတယ်။ ယခုအခါ Audiမှ မော်ဒယ်သစ် RS မော်ဒယ် ကားများကို ဈေးကွင်တင်ထားပြီး BMWနှင့် Mercedesတို့နဲ့ ဈေးကွက် ပြိုင်ဆိုင်လျက် ရှိနေပါတယ်။ RS မော်ဒယ်တွေဟာ လေးဘီးယက် စနစ်တွေဖြစ်ပြီး ပုံမှန် အင်ဂျင်တွေထက် အင်ဂျင် အရွယ်အစား ပိုမိုကြီးမားကြောင်း သိရပါတယ်။ ဈေးနှုန်းအရလည်း အခြား ကားများထက် ပိုမိုပြီး အင်ဂျင်တွေရဲ့ စွမ်းဆောင်ရည်က မြင်ကောင်ရေအား ၅၆၀ ထိအောင် ထုတ်ပေးနိုင်တယ်လို့ ဆိုပါတယ်။ Audiရဲ့ မော်ဒယ်သစ်တွေနဲ့ ပတ်သက်ပြီး ပြောရေးဆိုခွင့်ရှိသူ Mr.Meoက "ကမ္ဘာတစ်လွှား ပြိုင်ကားဆန်ဆန် ရွေ့လျားမှုတွေကို နေရာတိုင်းမှာ မြင်တွေ့ကြရတော့မှာပါ"ဟု Showပွဲ တစ်ခုမှာ ပြောကြားခဲ့ပါတယ်။ RS မော်ဒယ်များကြောင့် Audiဟာ ပြီးခဲ့တဲ့ နှစ်အတွင်းက အမြတ်ငွေ ဒေါ်လာ ၁.၄ ဘီလီယံလောက် ရရှိခဲ့တယ်လို့ သိရပြီး လက်ရှိမှာ RS မော်ဒယ် အမျိုးအစားတွေဖြစ်တဲ့ RS6 Avant, RS5 Convertible, RS Q3 SUVနဲ့ RS7 Sportbackလေးမျိုးကို ဈေးကွက်တင်ထားပြီး ဖြစ်ကြောင်း သိရပါတယ်။

Ref: www.reuters.com

# တရုတ် ငလျင်အပြီး Appleနဲ့ Samsungအပါအဝင် ကုမ္ပဏီများက ဒေါ်လာ ၃၂သန်းဖိုး လှူဒါန်း

လင်းထက်


Image Credit: www.news.yahoo.com

မကြာသေးခင်က လှုပ်ခတ်ခဲ့တဲ့ တရုတ်ငလျင် အပြီးမှာ Appleနဲ့ Samsungတို့ ဦးဆောင်တဲ့ နည်းပညာ ကုမ္ပဏီတွေဟာ ငလျင်ဒဏ် ခံစားရသူတွေအတွက် လိုအပ်တဲ့ အထောက်အပံ့များအား ဒေါ်လာ ၃၂ သန်းဖိုးထိ တိုးမြှင့် ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရပါတယ်။ အဆိုပါ ငလျင်ကြောင့် သေဆုံးသူ ၂၀၀ ကျော်ရှိခဲ့ပြီး လူဦးရေ ၁၁၈၀၀ ခန့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကာ လူပေါင်း ၁၀၀၀၀၀ လောက် အိုးမဲ့ အိမ်မဲ့ ဖြစ်ခဲ့ရပါတယ်။ တောင်ကိုရီးယား အခြေစိုက် ကုမ္ပဏီဖြစ်တဲ့ Samausngက ဒေါ်လာ ၉.၇သန်းဖိုး တန်ကြေးရှိတဲ့ အထောက်အပံ့တွေ ပေးခဲ့ပြီး Samsungရဲ့ တရုတ်ဈေးကွက် တာဝန်ခံ Mr.Zhang Yuanjiက ကုမ္ပဏီရဲ့ Websiteက တစ်ဆင့် ငလျင်ဒဏ် ခံရသူတွေ အတွက် ဝမ်းနည်းကြောင်းနှင့် အားပေးစကားများ ရေးသားဖော်ပြခဲ့ပါတယ်။ နာမည်ကျော် Appleက ဒေါ်လာ ၈ သန်းဖိုးထိ အကူအညီများ ပေးအပ်သွားမယ်လို့ ပြောကြားခဲ့ပြီး အခြားသော နည်းပညာ ကုမ္ပဏီများဖြစ်တဲ့ Foxconnက ဒေါ်လာ ၈ သန်းနီးပါး တန်ကြေးရှိ အထောက်အပံ့ များနှင့် Asusက ဒေါ်လာ ၄၈၅၀၀၀ ခန့်၊ Dellမှ ၃၂၃၀၀၀ ဒေါ်လာနှင့် Microsoftမှ ၁၆၁၀၀၀ ဒေါ်လာ တန်ကြေးရှိ အထောက်အပံ့များ ပေးအပ်ခဲ့ကြောင်းလည်း သိရပါတယ်။

Ref: www.cnet.com

# HTC Oneနဲ့ Microphone နည်းပညာပိုင်းဆိုင်ရာ တရားရင်ဆိုင်မှုတွင် Nokia အနိုင်ရ

လင်းထက်



Image Credit: www.istorya.net

STMicroelectronicမှ ထုတ်လုပ်ပြီး HTC Oneဖုန်းများတွင် အသုံးပြုထားသော Microphoneများနှင့် ပတ်သက်သော နည်းပညာပိုင်းဆိုင်ရာ ပိုင်ဆိုင်မှုအတွက် တရားရင်ဆိုင်ရာတွင် Nokiaမှ အနိုင်ရသွားပါတယ်။ Amsterdam တရားရုံးက ဆုံးဖြတ်ပေးခဲ့တာဖြစ်ပြီး တရားရုံး ဆုံးဖြတ်ချက်များအရ Nokiaဟာ အဆိုပါ Microphone နည်းပညာများကို သူကိုယ်ပိုင် သုံးစွဲဖို့ ထုတ်လုပ် ဖန်တီးခဲ့တာ ဖြစ်တယ်လို့ဆိုပါတယ်။ Nokiaရဲ့ ပြောရေးဆိုခွင့် ရှိသူရဲ့ ပြောကြားချက်အရ "HTCဟာ အခု Microphoneနဲ့ ပတ်သက်ပြီး သူတို့ရဲ့ မူပိုင် နည်းပညာ အဖြစ်ကြေညာပြီး ဈေးကွက်တင်ခဲ့တာကြောင့် အခုလို တရားရုံးကနေ နည်းပညာ မူပိုင်ခွင့်အတွက် အမှုရင်ဆိုင်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပြီး အခုလို အနိုင်ရခဲ့တာပါ"ဟု ပြောပါတယ်။ အခုလို ဆုံးဖြတ်ချက်ကြောင့် STMicroဟာ ဒီနှစ်ကုန်ပိုင်းအထိသာ HTCကို Microphoneများ ရောင်းချပေးတော့မှာ ဖြစ်ပါတယ်။ ရလဒ်အနေနဲ့ HTCဟာ ကမ္ဘာတစ်ဝှမ်းကို ဖြန့်ချိထားတဲ့ HTC Oneတွေနဲ့ ပတ်သက်ပြီး Microphoneဆိုင်ရာ ပြဿနာတွေနဲ့ ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။ အခုလို ဖြစ်ရပ်နှင့် နောက်ဆက်တွဲအဖြစ် HTCအတွက် Microphoneများ ထုတ်လုပ်ပေးခဲ့တဲ့ STMicroဟာ Nokiaကို ယူရို ၅၀၀၀၀ (စတာလင်ပေါင် ၄၃၀၀၀) ပေးချေရတော့မှာ ဖြစ်ပါတယ်။

Ref: www.guardian.com

# မြန်မာစနစ်သုံး Frozen Keyboard Pro (Android)ကို Free Download ရယူနိုင်

ဒေဝီ




Android ဖုန်းနဲ့ Tabletတွေ အတွက် ယခုလအတွင်းမှာပဲ Pro ဗားရှင်းအနေနဲ့ ထပ်မံ ပြုလုပ်ထားတဲ့ Android မြန်မာစာ ကီးဘုတ် Frozen Keyboard Proပဲ ဖြစ်ပါတယ်။ ယခု Pro ဗားရှင်းမှာတော့ ယခင်ထက် ပိုမို သပ်ရပ်ပြီး လှပတဲ့ ဒီဇိုင်းမျိုးကို တွေ့ရမှာ ဖြစ်ပါတယ်။ Frozen Keyboard Proရဲ့ အသွင်အပြင်ကို Android 4.0 အထက် ဖုန်းတွေရဲ့ Default Keyboard ဒီဇိုင်းမျိုးနဲ့ ရေးသားထားပါတယ်။ ယခု Frozen Keyboard Proမှာ တချို့သော မြန်မာစာလုံးပေါင်းများကို Shift Key ရိုက်၍ အချိန်မကုန်ရအောင် Key တစ်ခုချင်းစီကို Log press နှိပ်ထားရုံနဲ့ Shiftနဲ့ တွဲရိုက်ရမယ့် အက္ခရာများကို Pop-up Key အနေနဲ့ ပြသပေးမှာ ဖြစ်ပါတယ်။ Frozen Keyboard Proကို ရေးသားသူကတော့ Android Developer ကိုသီဟအေးကျော်ပဲ ဖြစ်ပါတယ်။ Frozen Keyboard Proကို downloads.zdnet.comမှာ Download လုပ်နိုင်ပြီး Free Download Softwere ဖြစ်ပါတယ်။ မြန်မာစာ ရိုက်ဖို့သာ ဖြစ်ပြီး မြန်မာလို ဖတ်ရှုဖို့ကတော့ မိမိတို့ရဲ့ Android ဖုန်း၊ Tablet များမှာ ဇော်ဂျီ မြန်မာစာ Fonts သွင်းထားဖို့ လိုပါတယ်။

# တရုတ်ဈေးကွက်သို့ မှန်ကန်သော ဈေးနှုန်းများနဲ့ Toyataက ကားများ တင်သွင်းမည်

မင်းခန့်



Image Credit: www.wallpaper.com

ကမ္ဘာ့အကြီးဆုံး ကားထုတ်လုပ်တဲ့ ကုမ္ပဏီကြီးဖြစ်တဲ့ Toyotaဟာ ရှန်ဟိုင်းမှာ ပြုလုပ်ခဲ့တဲ့ ကားပြပွဲအပြီးမှာ အောင်မြင်မှု ရရှိဖို့ မျှော်လင့်နေတယ်လို့ သိရပါတယ်။ Yaris Hatchbackနဲ့ Vios Sedan ဒီဇိုင်းတွေကို အဲဒီ ကားပြပွဲမှာ ပြသခဲ့ပြီး တရုတ်နဲ့ ဂျပန်ကြားထဲမှာ ဖြစ်ပေါ်နေတဲ့ ကျွန်းဆိုင်ရာ ပြဿနာကြောင့် ဒီဇိုင်း အသစ်တွေကို တရုတ်နိုင်ငံမှာ ရောင်းချရဖို့ အခက်အခဲတွေ ဖြစ်လာမှာကိုလည်း Toyotaက စိုးရိမ်နေပါတယ်။ ပြပွဲမှာ Toyotaအပြင် Hondaနဲ့ Nissanတို့ပါ ဝင်ရောက်ပြသခဲ့ပြီး တရုတ် အခြေခံ လူတန်းစားတွေ အတွက် ဒီဇိုင်းဆန်းသစ်ပြီး မှန်ကန်တဲ့ဈေးနှုန်းတွေနဲ့ ကားများ တင်သွင်းသွားမည် ဖြစ်ကြောင်း Toyotaက ပြောကြားခဲ့ပါတယ်။ ဒီနှစ်အတွင်း တရုတ်ဈေးကွက်မှာ ကားအစီးရေ ၉၀၀,၀၀၀ ရောင်းချနိုင်ဖို့ မျှော်လင့်ထားတဲ့ Toyotaဟာ ၂၀၁၂ ခုနှစ်အတွင်းကလည်း ကားအစီးရေ တစ်သန်းရောင်းချရဖို့ မျှော်မှန်းခဲ့ဖူးပြီး တကယ်တမ်း မှာတော့ ၈၄၀,၀၀၀ ကျော်သာ ရောင်းချနိုင်ခဲ့တယ်လို့ သိရပါတယ်။ ပြပွဲတွင် ပြသမိတ်ဆက်ခဲ့တဲ့ မော်ဒယ်သစ် ကားများကို ဒီနှစ်ကုန်ပိုင်းမှာ Showroomတွေမှာ ပြသရောင်းချနိုင်ရန် မျှော်မှန်းထားကြောင်း သိရပါတယ်။ အဆိုပါ မော်ဒယ်သစ် ကားများရဲ့ ဈေးနှုန်းများကိုတော့ Yarisအတွက် ယွမ် ၈၇၀၀၀(ဒေါ်လာ ၁၄၀၀၀)နဲ့ Viosအတွက် ယွမ် ၈၉၅၀၀(ဒေါ်လာ ၁၄၅၀၀)ခန့် ဖြစ်ကြောင်း ကြေညာသွားခဲ့ပါတယ်။

Ref: www.wsj.com



အိုင်စီတီ ဂျာနယ်
Volume 2, Issue 15
MYANMAR ICT JOURNAL

How-to

# Processတွေကို Androidတွေ ဘယ်လို Manage လုပ်သလဲ




*Image Credit: www.jhonandra.blogspot.com*

